ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957
၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက်၊ တနင်္လာနေ့။ 15, Monday August 2016 (၈၆၅၄)

## စိတ်ကိုကြည်လင်စေနိုင်

မြတ်စွာဘုရား၏ တရားစကားကို နာကြားရသူပညာရှိတို့သည် စိတ်ကြည်လင်အေးချမ်းခြင်းကို ရကြကုန်၏။ မြတ်စွာဘုရားဟောကြားအပ်သော တရားတော်လောက် စိတ်ကိုကြည်လင်စေနိုင်သော အရာသည်မရှိ။ မိမိတို့၏ စိတ်နှလုံး အစဉ်အေးမြကြည်လင်နေစေရန် မြတ်စွာဘုရား၏ အစ၊ အလယ်၊ အဆုံး သုံးပါးသောကောင်းခြင်းနှင့် ပြည့်စုံသော တရားတော်ကိုနာကြားရာ၏။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၂)

# အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်တွင်းဘဏ်များမှ ဘီလီယံ ၃၀ ထုတ်ချေးမည်

**ရန်ကုန် ဩဂုတ် ၁၄**

မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်တွင်းဘဏ် ခြောက်ခုပူးပေါင်းကာ ပြည်တွင်းရှိ SME လုပ်ငန်းများကို ကျပ် ၃၀ ဘီလီယံ ထုတ်ချေးမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ပြောသည်။

"မြန်မာနိုင်ငံမှာရှိတဲ့ လုပ်ငန်းတွေထဲမှာ ၉၀ ရာခိုင်နှုန်းကျော်က SME လုပ်ငန်းတွေဖြစ်တယ်။ ငွေချေးချင်တဲ့ လုပ်ငန်းရှင်တွေအနေနဲ့ အပေါင်ပစ္စည်းရှိရင် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ချေးပေးမှာဖြစ်ပါတယ်။ အပေါင်ပစ္စည်းမရှိရင် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းအပြင် ၂ ဒသမ ၅ ရာခိုင်နှုန်း ထပ်တိုးပေးဆောင်ရမှာဖြစ်ပါတယ်။ အာမခံတင်ပြမယ့်သူအနေနဲ့ အပေါင်ပစ္စည်း ခိုင်မာမှုရှိရပါမယ်။ အပေါင်ပစ္စည်း ခိုင်မာမှုမရှိရင်တော့ လုပ်ငန်းခိုင်မာမှု ရှိဖို့လိုပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ပြောသည်။

ဩဂုတ် ၁၄ ရက်က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတွင် ပြုလုပ်သည့် SME ဘဏ္ဍာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများဆီသို့ ဆွေးနွေးပွဲတွင် မီဒီယာများနှင့် တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါဘဏ်ခြောက်ခုမှာ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ဧရာဝတီဘဏ်၊ သမဝါယမဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယင်းကဲ့သို့ ပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်ကာ စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် ချေးငွေများရယူနိုင်ရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ လောကနန္ဒာစွယ်တော်မြတ်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ဝါခေါင်လဆန်း ၈ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ဘုရားကြီးရင်ပြင်တော်၌ ဆွမ်းသပိတ်လုံးများ ဆက်ကပ်လှူဒါန်းမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ရဲသူရအောင်(ညောင်ဦး)



ညောင်တုန်းမြို့နယ် ထိပ်ဝကြီးကျေးရွာအုပ်စု ကညင်ကောက်လေးကျေးရွာရှိ နေအိမ်များ ရေနစ်မြုပ်နေစဉ်။

# မြစ်ရေအလွန်အကျွံမြင့်တက်မှုသည် သဘာဝဘေးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာ သက်ကယ်ကုန်းနှင့် ဘေးလွတ်စခန်းများ ကြိုတင်ဆောက်လုပ်ရန် အကြံပြုသူများပြော

**ညောင်တုန်း ဩဂုတ် ၁၄**

၂၀၁၆ ခုနှစ်အတွင်း သဘာဝဘေး(ရေဘေး) ဖြစ်ပေါ်ကျရောက်မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး စသည့်ဒေသအများအပြားတွင် ရေဘေးတွေ့ကြုံခံစားခဲ့ရရာ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင်လည်း ဧရာဝတီမြစ်ရေ အလွန်အကျွံမြင့်တက်ခဲ့မှုကြောင့် ရေဘေးဒဏ်ကိုခံစားခဲ့ကြရသည်။ အဆိုပါ သဘာဝဘေး ဖြစ်ပေါ်ကြုံတွေ့ရမှုပေါ်မူတည်၍ ရာသီဥတုနှင့် သဘာဝဘေး ခန့်မှန်းမှု ကျွမ်းကျင်သူများနှင့် အတွေ့အကြုံရှိဒေသခံများက မအူပင်ခရိုင် သို့မဟုတ် ညောင်တုန်းမြို့နယ်တွင်

**စာမျက်နှာ ၃ ကော်လံ ၄ သို့** ❒



ကြေးမုံ

# မှုခင်းကျဆင်းရေး ဥပဒေကို လေးစားလိုက်နာ

မြန်မာနိုင်ငံတွင် မှုခင်းကျဆင်းရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အလေးထားလုပ်ဆောင်နေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုကို အသိအမှတ်ပြုရမည်ဖြစ်သည်။ သို့သော် မှုခင်းများမှာ ကျဆင်းသွားသည်မရှိဘဲ တိုးတက်ဖြစ်မြဲ ဖြစ်နေသည်ကို တွေ့ရသည်။ ထိုအခါ မှုခင်းကျဆင်းရေးကို လေ့လာသုံးသပ်ကြည့်ရန် လိုအပ်မည်ဖြစ်သည်။

မှုခင်းကျဆင်းရေးနှင့်ပတ်သက်၍ နေ့စဉ်သတင်းစာမျက်နှာများပေါ်၌ အဖြစ်အများဆုံးမြင်တွေ့နေရသော မှုခင်းများကို လေ့လာကြည့်မည်ဆိုလျှင် မူးယစ်ဆေးဝါးအမှုများနှင့်ယာဉ်စည်းကမ်းဖောက်ဖျက်မှုများကို အများဆုံးမြင်တွေ့ရပြီး ကျန်ရာဇဝတ်မှုများကို မကြာခဏတွေ့ရသည်။ ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသည့်အတိုင်း ပြစ်မှုကျူးလွန်သူတို့မှာ ပြစ်ဒဏ်ကျခံရမည်မှာ မလွဲဧကန်ဖြစ်သည်။ ထိုရောက်သော ပြစ်ဒဏ်ကျခံရမည်ကို ပြစ်မှုကျူးလွန်သူများကိုယ်တိုင် ကြောက်ရွံ့ထိတ်လန့်ကြမည်ဆိုလျှင် ပြစ်မှုကျူးလွန်ရန်ဝန်လေးကြပြီး ပြစ်မှုများလည်း လျော့နည်းကျဆင်းလာမည် ဖြစ်သည်။

သို့သော် ပြစ်မှုများမှာ လျော့နည်းမသွား၊ တိုးမြဲတိုးနေသည်။ ထိုသို့ဖြစ်ရခြင်းအကြောင်းရင်းကို ဆန်းစစ်ကြည့်လျှင် ပြစ်မှု၊ ပြစ်ဒဏ်များနှင့်ပတ်သက်၍ အသိပညာပေးမှု၊ အသိပညာရမှု အားနည်းနေ၍လော၊ ထိရောက်သော ပြစ်မှုပြစ်ဒဏ်မဟုတ်၍လော၊ ပြစ်မှုမှ ရှောင်တိမ်းနိုင်သည့် အခြေအနေရှိနေ၍လော၊ ကြိုတင်ကာကွယ်တားဆီးနိုင်မှု အားနည်းခြင်းကြောင့်လော စသည်ဖြင့် စောကြောဖွယ်ဖြစ်လာပေသည်။

ပြစ်မှုအားလုံးအတွက် ခြုံငုံပြီးကောက်ချက်တစ်ခုတည်း ချနိုင်မည်မဟုတ်ချေ။ ဥပမာအားဖြင့် မူးယစ်ဆေးဝါးအမှုများတွင် ထိရောက်သော ပြစ်ဒဏ်များ သတ်မှတ်ထားသည်။ ဖမ်းဆီးခံရပါက ကြီးလေးသောပြစ်ဒဏ်ကျသည်။ သို့သော် လွတ်လမ်းမြင်၍ ကျူးလွန်ခြင်းဆိုသည်ထက် ငွေကြေးရလိုမှုကြောင့် ကျူးလွန်မှုများမည်။ မထူးဇာတ်ခင်းပြီး ကျူးလွန်ကြသူများလည်းရှိမည်။ မူးယစ်သားကောင်ဘဝသို့ရောက်၍ ကျူးလွန်ကြခြင်းလည်းဖြစ်မည်။ ယခုအခါ မူးယစ်ဆေးဝါးများမှာ တစ်နိုင်ငံလုံးပျံ့နှံ့နေ၍ တစ်မျိုးသားလုံးလူညွန့်မတုံးစေရေးအတွက် အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်နေခြင်းကို ယခုထက်ပိုမို တိုက်ဖျက်အပြစ်ပေးကြရတော့မည်ဖြစ်သည်။

အများဆုံးပြစ်မှုများတွင် ယာဉ်စည်းကမ်းဖောက်ဖျက်မှု ပြစ်မှုများမှာ နေ့စဉ်စံချိန်တင်လျက်ရှိသည်။ အထူးသဖြင့် အများသူငါ စိုးရိမ်ပူပန်တတ်ကြသော ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် လမ်းစည်းကမ်းဥပဒေကို ချိုးဖောက်သူများ အမြဲရှိနေသည်။ အခြားမြို့တွင်းလမ်း၊ အဝေးပြေးလမ်းများတွင်လည်း စည်းကမ်းဖောက်ဖျက်သူများရှိနေသည်။ ထိုအခါ အရေးယူမှုအားနည်းခြင်းလော၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို မသိရှိခြင်းလောဟူ၍သာ မေးခွန်းထုတ်ရမည်ဖြစ်သည်။ အမြန်လမ်းတွင် ရဲစခန်းများ၊ ရဲကင်းများ နေရာအလိုက်ရှိသည်။ ဖြစ်ပွားလျှင်ဖြစ်ပွားချင်း ချက်ချင်းရောက်ရှိကြ၍ ကျေနပ်မိမည်။ သို့သော် မဖြစ်ပွားခင် ကြိုတင်ထိန်းသိမ်းကြပ်မတ်ရေးတွင် အခက်အခဲရှိကောင်းရှိမည်ဖြစ်သောကြောင့် ဖြစ်ပွားမှုနှုန်းတိုးနေခြင်းဟု ဆိုချင်သည်။

အမြန်လမ်းတွင် စက်ဘီးများ၊ မော်တော်ဆိုင်ကယ်များ သွားလာနေကြသည်ကို ခရီးသွားများ အမြဲမြင်တွေ့လေ့ရှိသည်။ တစ်ခါတစ်ရံ တိရစ္ဆာန်များပင် ဖြတ်သန်းသွားလာနေကြသည်။ မြန်နှုန်းမြင့်မောင်းနှင်နေကြသော ယာဉ်အန္တရာယ်ကို မသိရှိ၍လော၊ ဖမ်းဆီးအရေးယူမှု မရှိ၍လော ဝေခွဲမရဖြစ်ရသည်။ အမြန်လမ်းတွင် သတ်မှတ်ထားသော စည်းကမ်းများမှာ များစွာရှိသည်။ အဆိုပါစည်းကမ်းများကို လိုက်နာအောင်၊ လိုက်နာချင်အောင် ဆောင်ရွက်ကြမည်ဆိုလျှင် ဝမ်းနည်းဖွယ်အဖြစ်ဆိုးများ ဖြစ်လာစရာအကြောင်းမရှိချေ။

မည်သည့်ပြစ်မှုမဆို ထိရောက်သောပြစ်ဒဏ်များ အမြဲသက်ရောက်နေမည်ဆိုလျှင် မှုခင်းများလျော့နည်းကျဆင်းလာမည်ဖြစ်သည်။ မကြာသေးမီက ဖိလစ်ပိုင်နိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့တွင် ပြစ်မှုများအတွက် ထိရောက်ပြင်းထန်သောပြစ်ဒဏ်များသတ်မှတ်ခဲ့ရာ မှုခင်းများလျော့နည်းကျဆင်းလာသည်ဟုသိရသည်။ ထိုသို့ဆောင်ရွက်ရန်မဟုတ်သော်လည်း ထိရောက်သော အရေးယူဆောင်ရွက်မှုများ အစဉ်အမြဲရှိနေဖို့ လိုမည်ထင်ပါသည်။ ။

# ကရင်ပြည်နယ် မျိုးစေ့ထုတ်လုပ်သူများအသင်း(KSSGA) ထိုင်းနိုင်ငံသို့ သွားရောက်လေ့လာ

**ဘားအံ ဩဂုတ် ၁၄**

ကရင်ပြည်နယ် မျိုးစေ့ထုတ်လုပ်သူများအသင်း(KSSGA)အား ထိုင်းနိုင်ငံ Oracle Infer Company Limited မှ Director Mr. Saengchar Thiennararoj ၏ ဖိတ်ကြားချက်အရ နယ်နိမိတ်ထိစပ်နေသော ထိုင်းနိုင်ငံနှင့် ကရင်ပြည်နယ် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဩဂုတ် ၉ ရက် မှ ၁၂ ရက်အထိ Phichit ပြည်နယ် Tak ခရိုင်သို့ လေ့လာရေးခရီးသွားရောက်ကြကြောင်း သိရသည်။



ကရင်ပြည်နယ် မျိုးစေ့ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးစိုးသိမ်းနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၀ ရက်တွင် Phichit ပြည်နယ်ရှိ စိုက်ပျိုးရေးနှင့်ဆိုင်သော စက်ကိရိယာများ ပြသထားသော KASET PATTANA Showroomသို့ လည်းကောင်း၊ ဩဂုတ် ၁၁ ရက်တွင် The Bungpadoo Community Learning Center တွင် စားနပ်ရိက္ခာ ဖူလုံစေရန် စပါးအထွက်တိုးနည်း၊ မျိုးစေ့များကို စက်ဖြင့်ရွေးချယ်ခြင်း၊ စက်ကိရိယာများဖြင့် ထွန်ယက်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းကို လည်းကောင်း၊ ဆန်၊ ပြောင်း၊ ဂျုံ၊ အခြားသီးနှံပင်များကို သဘာဝမြေဩဇာများ အသုံးပြုခြင်းနည်းလမ်းများကို လည်းကောင်း၊ စပါးကြိတ်ခွဲစက် (အသေး၊ အကြီး)များကို လည်းကောင်း၊ ဩဂုတ် ၁၂ ရက်တွင် Tak ခရိုင် မဲဆောက်မြို့ရှိ အပင်စွန့်ပစ်ပစ္စည်းများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကိုလေ့လာပြီး လုပ်ငန်းရှင်များနှင့် ကရင်ပြည်နယ် စိုက်ပျိုးထုတ်ကုန်များ ကုန်သွယ်ရေး သွင်းအားစု မြေဩဇာများတင်သွင်းခြင်း၊ လယ်ယာသုံးစက်ကိရိယာများ ရောင်းချ ဖြန့်ဖြူးရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။ မျိုးစေ့ထုတ်လုပ်သူများအသင်းကို စိုက်ပျိုးရေးဦးစီးဌာနမှ မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ်များကိုအခြေခံ၍ ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပြီး ဒေသတစ်ခုချင်းစီ၏ ရေမြေရာသီဥတုနှင့် ဈေးကွက်ဝင်သော၊ တောင်သူလယ်သမားများကိုယ်တိုင် နှစ်သက်သောမျိုးများကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျယ်ပြန့်စွာ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လေ့လာရေးခရီးစဉ်တွင် မျိုးစေ့ထုတ်လုပ်သူများအသင်းနာယက ဦးဇော်မင်း(ကရင်ပြည်နယ်အငြိမ်းစားဝန်ကြီးချုပ်)နှင့် မျိုးစေ့ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ အပါအဝင် ၁၈ ဦး သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ အုပ်စု(က)မှ မွန်ပြည်နယ်ဘောလုံးအသင်းနှင့် နေပြည်တော်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် ငါးဂိုးစီ သရေပွဲအဖြစ် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ အုပ်စု(ဂ)မှ ရခိုင်ပြည်နယ်ဘောလုံးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးဘောလုံးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

ဩဂုတ် ၁၆ ရက်တွင် ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ညနေ ၃ နာရီတွင် အုပ်စု(က)မှ ပထမဖြစ်သော ကချင်ပြည်နယ် ဘောလုံးအသင်းနှင့် အုပ်စု(ခ)မှ ဒုတိယဖြစ်သော ပဲခူးတိုင်းဒေသကြီး ဘောလုံးအသင်းတို့ ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်းအမှတ်(၃)၌ လည်းကောင်း၊ အုပ်စု(ခ)မှ ပထမဖြစ်သော မကွေးတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် အုပ်စု(က) ဒုတိယဖြစ်သော ကရင်ပြည်နယ် ဘောလုံးအသင်းတို့ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မောင်မောင်ဇော်)**



# နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေး

**ရန်ကုန် ဩဂုတ် ၁၄**

အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းတွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်ပွဲကို ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီက ယင်းကျောင်းရှိ ဧရာဝတီခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက အမှာစကားပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဦးအုန်းလွင်က ကျောင်းများကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၃၄ ဦးတို့အား လွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ **အသေးစားမှ**

ချေးငွေလျှောက်ထားလိုသည့် လုပ်ငန်းရှင်များအနေဖြင့် စက်တင်ဘာလနောက်ဆုံးထားကာ သက်ဆိုင်ရာဌာနသို့ လျှောက်ထားနိုင်ကြောင်း၊ အဆိုပါတင်ပြချက်များကို သက်ဆိုင်ရာမှ စစ်ဆေးပြီးပါက အမြန်ဆုံးထုတ်ချေးသွားမည်ဖြစ်ကြောင်း ဒေါ်အေးအေးဝင်းက ပြောသည်။

ယင်းကဲ့သို့ ငွေချေးရာတွင် အနည်းဆုံးကျပ်သိန်း ၁၅၀ မှ အများဆုံးကျပ်သိန်း ၅၀၀၀ ထိ ချေးမည်ဖြစ်ကြောင်း၊ အတိုးနှုန်းမှာ ၈ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး နှစ်စဉ်သက်တမ်းတိုးချေးငွေပုံစံမျိုးမဟုတ်ဘဲ ချေးငွေသက်တမ်းမှာ ငါးနှစ်ဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းမှာရှိတဲ့ အသေးစား အလတ်စားလုပ်ငန်းရှင်တွေကို ငွေကြေးထောက်ပံ့ပေးဖို့နဲ့ ငွေချေးမှာဖြစ်သလို ဒီစနစ်ကြောင့် ဘဏ်လုပ်ငန်းတွေကိုလည်း ဆုံးရှုံးမှုမရှိအောင် အကာအကွယ်ပေးနိုင်မှာဖြစ်ပါတယ်" ဟု မြန်မာ့အာမခံလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်ဦးက ပြောသည်။

ငွေချေးလိုသည့် SME လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားပြီး လုပ်သက် နှစ်နှစ် ရှိရမည်ဖြစ်ကြောင်း၊ အောင်မြင်နိုင်သည့် အလားအလာရှိသော လုပ်ငန်းဖြစ်ရမည်ဟု သတ်မှတ်ထားပြီး SME လုပ်ငန်းရှင်များအနေဖြင့် SME ဌာနမှ ဘဏ်သို့ လျှောက်ထား၍ အဆိုပါဘဏ်မှ ချေးငွေအာမခံ အထောက်အထားများကို မြန်မာ့အာမခံလုပ်ငန်းသို့ တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

ယခု ဘဏ္ဍာနှစ်အတွင်း SMIDB Bank မှတစ်ဆင့် SME လုပ်ငန်းရှင် ၁၁ ဦးကို ငွေကျပ် ငါးဘီလီယံထုတ်ချေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ချေးငွေကျပ် ၂၀ ဘီလီယံကို SME လုပ်ငန်းရှင်များအား ထုတ်ချေးခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံမှ ODA အထောက်အပံ့ဖြင့် ရရှိခဲ့သည့် JICA Two- Step Loan တွင် Credit Guarantee Insurance (CGI) စနစ်ကို အသုံးပြုကာ SME လုပ်ငန်းရှင်များအနေဖြင့် ဘဏ်များမှတစ်ဆင့် ချေးငွေများ ချေးယူနိုင်ကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံရှိ SME လုပ်ငန်းများအတွက် အရေးကြီးဆုံးဖြစ်သည့် ငွေကြေးကူညီထောက်ပံ့ပေးရန်အတွက် မြန်မာ့အာမခံလုပ်ငန်း၊ ဂျပန်နိုင်ငံ Sumitomo Mitsui Banking Corporation နှင့် CB Bank တို့ပူးပေါင်းကာ အဆိုပါ CGI စနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ **ဇော်ကြီး(ပဏီတ)**

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင် ကလေးငယ် ၁၇၀ ကျော်အား အခမဲ့ခွဲစိတ်ကုသပေးမည်

**ရန်ကုန် ဩဂုတ် ၁၄**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ Smile Asia မှ ကျွမ်းကျင် ဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များ ပူးပေါင်းကာ မြန်မာနိုင်ငံအနှံ့အပြားရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင် ကလေးငယ် ၁၇၀ ကျော်အား ဩဂုတ် ၁၄ ရက်မှ ၂၁ ရက်အတွင်း စနစ်တကျစမ်းသပ်စစ်ဆေးပြီး အခမဲ့ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Center ၌ ကျင်းပသည့် Eight - Day Cleft Free Myanmar Initiative အခမ်းအနားမှ သိရသည်။




အဆိုပါ အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကြီးမှူး၍ Smile Asia နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ အခမ်းအနားတွင် ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုက အမှာစကားပြောကြားပြီး Smile Asia ၏ Founder ဒေါက်တာ Vincent Yeow၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သံအမတ်ကြီး Mr. Robert Chua နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆက်လက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ Smile Asia မှ ဆရာဝန်ကြီးများ၊ ဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ Volunteers များသည် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်ကလေးငယ် ၁၇၀ ကျော်ကို ခွဲစိတ်ကုသမှုခံယူနိုင်ရန်အတွက် ကနဦးဆေးစစ်ခြင်း၊ သွေးစစ်ခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆေးကုသစဉ်ကာလအတွင်း နေထိုင်သွားလာစားသောက်မှုနှင့် ဆေးကုသမှုဆိုင်ရာကုန်ကျစရိတ်များအားလုံးကို ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက တာဝန်ယူ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် တန်ဖိုးနည်းတိုက်ခန်းသစ်များ မကြာမီရောင်းချမည်

**ရန်ကုန် ဩဂုတ် ၁၄**

အခြေခံလူတန်းစားပြည်သူများ နှစ်စဉ်ရန်ကုန်မြို့တွင်း၌ တိုးပွားလာသည့်အတွက် ခေတ်နှင့်လျော်ညီစွာ သင့်တင့်လျောက်ပတ်သော တန်ဖိုးနည်းအိမ်ရာတိုက်ခန်းသစ်များပေါ်တွင် အိုးပိုင်အိမ်ပိုင်နေထိုင်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၉)ရပ်ကွက် ကနောင်လမ်းမကြီးဘေးရှိ ၁၀ ဧကကျယ်ဝန်းသော မြေကွက်လပ်ပေါ်၌ တန်ဖိုးနည်းကနောင်အိမ်ရာ စီမံကိန်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာလမှ စတင်တည်ဆောက်လျက်ရှိပြီး ခြောက်ခန်းတွဲ လေးထပ်မြင့်အဆောက်အအုံတိုက်ခန်း၌ ၄၆၈ စတုရန်းပေအကျယ်ရှိ အခန်းပေါင်း ၄၈၀ ရှိ အဆောက်အအုံ အလုံး ၂၀ နှင့် ရှစ်ခန်းတွဲ လေးထပ်မြင့်အဆောက်အအုံတိုက်ခန်း၌ ၄၈၄ စတုရန်းပေ၊ ၅၂၂ စတုရန်းပေအကျယ် အခန်းပေါင်း ၃၈၄ ခန်းရှိ အဆောက်အအုံ ၁၂ လုံး စုစုပေါင်း အဆောက်အအုံ ၃၂ လုံး၊ အခန်းပေါင်း ၈၆၄ ခန်းကို ဆောက်လုပ်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့်နီးပါး ဆောက်လုပ်ပြီးစီးတော့မည်ဖြစ်၍ မကြာမီ တန်ဖိုးနည်းအိမ်ရာတိုက်ခန်းသစ်များကို အခြေခံလူတန်းစား ပြည်သူများထံသို့ ရောင်းချပေးတော့မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာမှူး ဒေါ်သဲစုငြိမ်းက ပြောသည်။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် တန်ဖိုးနည်းအိမ်ရာစီမံကိန်း တိုက်ခန်းပေါင်းများစွာကို ဆောက်လုပ်ပေးလျက်ရှိသည့် (၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော်၌ တန်ဖိုးနည်း ယုဇနအိမ်ရာစီမံကိန်း အပိုင်း(၁)၊ (၉၂)ရပ်ကွက် စစ်တောင်းရိပ်မွန်၌ တန်ဖိုးနည်း ယုဇနအိမ်ရာစီမံကိန်းအပိုင်း (၂)နှင့် (၈၉)ရပ်ကွက် တန်ဖိုးနည်းကနောင်အိမ်ရာစီမံကိန်းတိုက်ခန်းများ ရောင်းချရာတွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ မည်သည့်နေ့ မည်သည့်ရက်တွင် ရောင်းချပေးမည်ကို အခြေခံလူတန်းစား ပြည်သူများက စိတ်ဝင်တစားစောင့်မျှော်လျက်ရှိကြောင်း သိရသည်။ **(၅၁၂)**

❒ **ရွှေဖုံးမှ**

သင့်တော်သောနေရာ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံးနှင့် ဘေးလွတ်စခန်းများ၊ အသက်ကယ်ကုန်းများ စသည့်ဆက်စပ်အစီအမံများ တည်ဆောက်ဖွင့်လှစ်ပို့ချဆောင်ရွက်ထားရှိရန် သဘာဝအခြေအနေနှင့် ဒေသအခြေအနေအရလိုအပ်မှုများရှိလာပြီဖြစ်ကြောင်း သုံးသပ်အကြံပြုလာကြသည်။

"ကျွန်တော်တို့ညောင်တုန်းမြို့က ဧရာဝတီမြစ်ရဲ့ စိန်ခေါ်မှုတွေကို အနည်းနဲ့အများဆိုသလို ဟိုတုန်းထဲက နှစ်စဉ်နီးပါး ခံစားလာခဲ့ရတာပါ။ ခုမှမဟုတ်ပါဘူး။ မိုးတွင်းမိုးခါ ဝါဆို ဝါခေါင် ရေဖောင်ပြီဆိုတာနဲ့ စိုးရိမ်နေရပါတယ်။ တာကလည်း ကျိုးလုကျိုးလုနဲ့ ပွတ်ကာသီကာလေးနဲ့ လွတ်မြောက်လာခဲ့ရတာပါ။ ခန့်မှန်းခြေ ၂၀၀၀ ပြည့်နှစ်မတိုင်မီ အရင်တုန်းက ဒီလိုရေတက်လေ့တက်ထရှိပေမယ့် ခုလိုရက်တိုတိုနဲ့ ရေတိုးမကြမ်းဘူး။ ခုလောက်လည်း ရေကြီးမှုမရှိဘူး။ ခုဟာက ၁၀ ရက်အတွင်းမှာတင် စိုးရိမ်ရေမှတ်ကျော်၊ အန္တရာယ်ရေမှတ်ကျော်ဆိုတော့ ခါတိုင်းလိုနေလို့တော့ အသက်အိုးအိမ်အတွက် စိတ်မချရတော့ဘူး။ မြို့ကို ကာကွယ်ထားတဲ့ရေကာတာနဲ့ မြို့နယ်အတွင်းမှာရှိတဲ့ ဆည်မြောင်းတာတွေကို သာမန်မဟုတ်ဘဲ အထူးတလည်စိတ်ချရလောက်တဲ့အထိ လုံလောက်တဲ့ ကြံ့ခိုင်တောင့်တင်းမှုရှိအောင် ပြင်ဆင်တည်ဆောက်မွမ်းမံပေးစေချင်ပါတယ်။ ဒီနှစ်မိုးမကျမီ(၁၂)လမ်းကမ်းနားအပါအဝင် မြို့ရဲ့အရေးကြီးတဲ့အပိုင်းတွေကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)က လာရောက်တည်ဆောက်ပေးထားလို့လည်း သိသိသာသာသက်သာမှုရတာပါ။ ပြီးတော့လည်း ပါလှဲ့-တာဝ-ကုက္ကိုလ်ဝတာနဲ့ ချောင်းကြီး-ထုံးဝတာ စတဲ့ ဆည်မြောင်းတာတွေကိုလည်း ဒီ့ထက်မကစိတ်ချရအောင် ဆောင်ရွက်ပေးစေချင်ပါတယ်။ ဒါမှရေဘေးကိုအတိုင်းအတာတစ်ခုအထိကြိုတင်ကာကွယ်ရာရောက်မှာပါ" ဟု ညောင်တုန်းမြို့နေ ဒေသခံတစ်ဦးကပြောသည်။

ယခုနှစ်အတွင်း အဆိုပါရေကြီးမှုဖြစ်စဉ်ကြောင့် ညောင်တုန်းမြို့နယ်အတွင်း ဩဂုတ် ၉ ရက် မွန်းတည့် ၁၂ နာရီအထိ စာရင်းအရ ရေဘေးသင့်ကျေးရွာ အုပ်စု ၃၅ အုပ်စု၊ ကျေးရွာငယ်ပေါင်း ၁၄၁ ရွာ၊ အိမ်ခြေပေါင်း ၁၁၂၅ လုံး၊ အိမ်ထောင်စုပေါင်း ၁၁၀၈၀ နှင့် လူဦးရေ ၄၅၈၂၄ ဦး ရေဘေးသင့်ခဲ့ပြီး အထကကျောင်း ၁၃ ကျောင်း၊ အလကကျောင်း ၂၇ ကျောင်း၊ အမကကျောင်း ၁၂၅ ကျောင်းနှင့် နောက်တိုး အမကကျောင်း ခြောက်ကျောင်း ယာယီပိတ်ထားခဲ့ရပြီး မြို့ပေါ်ကယ်ဆယ်ရေးစခန်း သုံးခု၊ ကျေးရွာကယ်ဆယ်ရေးစခန်း ၁၇ ခု ဖွင့်လှစ်ထားရှိကာ အဆိုပါကယ်ဆယ်ရေးစခန်းများတွင် အိမ်ထောင်စုပေါင်း ၅၃၇ စု၊ အိမ်ခြေပေါင်း ၅၅၀ နှင့် လူဦးရေ ၂၃၂၄ ဦး ရေဘေးရှောင်ခဲ့ရကြောင်း သိရသည်။

"သဘာဝဘေးဆိုတာ အခါအားလျော်စွာကြုံတွေ့ရတတ်တဲ့အရာပါ။ အခုဆိုရင်ကမ္ဘာ့ဒေသတော်တော်များများမှာလည်း သဘာဝဘေးတွေနဲ့ ကြုံတွေ့နေရပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်နာဂစ်မုန်တိုင်း၊ ၂၀၁၅ ရေကြီးမှုနဲ့အခု ၂၀၁၆ ရေကြီးမှုတွေကလည်း ကျွန်တော်တို့နိုင်ငံအတွက် ပြောင်းလဲလာတဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ပါပဲ။ ဒီအတွက်ကြိုတင်ပြင်ဆင်မှုနဲ့ဖြေရှင်းနိုင်ဖို့အတွက် အထောက်အကူဖြစ်စေတဲ့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်အဆင့်ရုံး ဒါမှမဟုတ် မြို့နယ်အဆင့်ရုံး တည်ဆောက်ဖွင့်လှစ်ပေးဖို့နဲ့ အကြောင်းအမျိုးမျိုးကြောင့်မဖွင့်လှစ်ပေးနိုင်ခဲ့ရင်လည်း ဘေးလွတ်စခန်းတွေ၊ အသက်ကယ်ကုန်းတွေကို မိုးမကျမီကတည်းက သင့်တော်တဲ့နေရာတွေမှာ ခိုင်ခိုင်မာမာ တည်ဆောက်ပေးဖို့ အကြံပြုချင်ပါတယ်။ နောက်ပြီး သဘာဝဘေးအသိရှိဖို့ ဟောပြောပွဲတွေ၊ သင်တန်းပေးတာတွေ၊ သဘာဝဘေးလျော့ပါးရေးနဲ့ ကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်ပေးတာတွေ စတဲ့ ဆက်စပ်အစီအမံတွေပို့ချဆောင်ရွက်ပေးဖို့လည်း လိုအပ်လာပြီလို့ထင်ပါတယ်။ ဒါမှသာ သဘာဝဘေးကြောင့်ဖြစ်ရတဲ့ အန္တရာယ်နဲ့ ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေကနေ ထိုက်သင့်သလောက် လွတ်မြောက်နိုင်မယ်လို့ ယူဆပါတယ်။ ညောင်တုန်းမြို့နယ်တင်မဟုတ်ဘဲ သဘာဝဘေးကြုံတွေ့ခံစားရလေ့ရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ မြို့ရွာဒေသတွေမှာလည်း အလားတူ တည်ဆောက်ဖွင့်လှစ်ပို့ချ ဆောင်ရွက်ထားကြဖို့ လိုအပ်လာပြီလို့အကြံပြုချင်ပါတယ်"ဟု ညောင်တုန်းမြို့နယ် ထိပ်ဝကြီးကျေးရွာအုပ်စု ရှမ်းစုကျေးရွာမှ ရေဘေးကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသူ ဆရာဦးသန်းထွန်းဦး (မြန်မာမှုလုပ်ငန်း)က သုံးသပ်ပြောကြားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၀၈ ခုနှစ် မေလ ၂ ရက် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ ယနေ့ထိ သက်ဆိုင်ရာဒေသအလိုက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံးများ၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံ(Cyclone Shelter)များနှင့် သက်ကယ်ကုန်း (hill lock)များ တည်ဆောက်ပေးထားပြီး နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်မှ မြို့နယ်နှင့် ရပ်/ကျေးအဆင့်အထိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သပြေထွန်း)**

# မပေါက်ကွဲသေးသောဗုံးများအား ထိုင်းရဲတပ်ဖွဲ့ထပ်မံတွေ့ရှိ

**ဘန်ကောက် ဩဂုတ် ၁၄**
ထိုင်းနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွားများတည်းခိုရာ ဟိုတယ်များတွင် လွန်ခဲ့သော သီတင်းပတ်က ဗုံးကွဲမှုများဖြစ်ပွားပြီးနောက် မပေါက်ကွဲသေးသောဗုံးငါးလုံးအား ထပ်မံရှင်းလင်းဖယ်ရှားနိုင်ခဲ့သည်ဟု ထိုင်းရဲတပ်ဖွဲ့ကပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတောင်ပိုင်း နာမည်ကျော် အပန်းဖြေစခန်းများရှိရာ ကျွန်းတွင် ဖြစ်ပွားခဲ့သောဗုံးပေါက်ကွဲမှုများတွင် လူ ၄ ဦးသေဆုံးခဲ့ပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရခဲ့သည်။

အဆိုပါပေါက်ကွဲမှုများသည် စစ်အစိုးရအား ကျောထောက်နောက်ခံပြုထားသော အခြေခံဥပဒေအား ပြည်သူများက ထောက်ခံမဲပေးပြီးနောက် ပေါ်ပေါက်လာခြင်းဖြစ်သည်။ရဲတပ်ဖွဲ့အနေဖြင့် တရားခံတစ်ဦးအား ဖမ်းဆီးထားကြောင်း ပြောကြားခဲ့သည်။

အဆိုပါဖောက်ခွဲမှုများကို တစ်စုံတစ်ဦး၏ခိုင်းစေချက်အရ တစ်ပြိုင်နက်တည်း နေရာအများအပြား၌ အုပ်စုတစ်စုက ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဒုရဲမှူးချုပ် ပွန်ဆာပတ် ပွန်ချာရွန်က ပြောကြားသည်။ အဆိုပါ တိုက်ခိုက်မှုများအတွက် မည်သည့်အုပ်စုကမှ ဝန်ခံခြင်း မရှိသေးပေ။ ယခုတိုက်ခိုက်မှုများအတွက် ထိုင်းနိုင်ငံတောင်ပိုင်းရှိ အိုင်အက်စ်စစ်သွေးကြွများနှင့် အခြေခံဥပဒေအား ဆန့်ကျင်သူများအပေါ် သံသယဖြစ်ဖွယ်ရှိသည်ဟု လေ့လာသူများက ဆိုသည်။

တယ်လီဖုန်းအားသွင်းကိရိယာများအတွင်း ထည့်သွင်းထားသော ဖောက်ခွဲရေးပစ္စည်းနှစ်ခုအား ဟော်ဟန်အပန်းဖြေစခန်းအနီးရှိ ဈေးတွင် တွေ့ရှိခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနကဆိုသည်။ အဆိုပါနေရာရှိ အရက်ဆိုင်တစ်ဆိုင်တွင် ဩဂုတ် ၁၁ ရက်က ဗုံးပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပွားခဲ့သည်။

အခြားဗုံးတစ်လုံးကိုလည်း ဩဂုတ် ၁၄ ရက်တွင် ဖူးခတ်ဈေးအတွင်း တွေ့ရှိဖယ်ရှားနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ **ရိုက်တာ။**



# ကျူးဘားတော်လှန်ရေးခေါင်းဆောင်ကြီး ဖီဒယ်ကက်စထရို အသက် (၉၀) ပြည့် မွေးနေ့ပွဲ ဆင်နွှဲ



**ဟာဗားနား ဩဂုတ် ၁၄**
ကျူးဘားနိုင်ငံ၏ တော်လှန်ရေးခေါင်းဆောင်ကြီးနှင့် သမ္မတဟောင်းဖြစ်သူ ဖီဒယ်ကက်စထရို၏ အသက် (၉၀) ပြည့် မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၁၃ ရက်က ကျင်းပရာ ၎င်းအား ပြည်သူများက ကြုံတောင့်ကြုံခဲ တွေ့မြင်ခွင့်ရရှိခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

မြို့တော်ဟာဗားနားရှိ ကားမာ့က်စ် ပြဇာတ်ရုံ၌ ကျင်းပသော မွေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ ဖီဒယ်ကက်စထရိုနှင့် ၎င်း၏ညီ သမ္မတ ရောလ် ကက်စထရိုတို့ တက်ရောက်ခဲ့ကြသည်။

ကျူးဘားနိုင်ငံ၏ မဟာမိတ် ဗင်နီဇွဲလား သမ္မတ နီကိုလပ် မာဒူရိုကို မွေးနေ့ပွဲသို့ တက်ရောက်ရန် ဖိတ်ခေါ်ခဲ့သည်။

၂၀၀၈ ခုနှစ်တွင် သမ္မတရာထူးမှ ဆင်းပေးခဲ့သူ ဖီဒယ်ကက်စထရိုသည် အမေရိကန်သမ္မတ ဘာရက်အိုဘားမားအား ဝေဖန်သည့် ဆောင်းပါးတစ်ပုဒ်ကို မွေးနေ့အခါသမယတွင် သတင်းစာတစ်စောင်၌ ရေးသားခဲ့သည်။

ဒုတိယကမ္ဘာစစ် ဇာတ်သိမ်းချိန်တွင် အမေရိကန်က ဂျပန်နိုင်ငံအား အဏုမြူဗုံးဖြင့် တိုက်ခိုက်ခဲ့သည့် ဖြစ်ရပ်နှင့် ပတ်သက်၍ ပြည်သူများအား ဝန်ချတောင်းပန်ရန် အိုဘားမားပျက်ကွက်ခဲ့သည်ဟု ကက်စထရိုက ဝေဖန်ရေးသားသည်။

မည်သည့်အင်အားကြီးနိုင်ငံမဆို ပြည်သူသန်းပေါင်းများစွာအား သတ်ဖြတ်နိုင်သည့် အခွင့်အရေး မရှိကြောင်း ကက်စထရိုက ၎င်း၏ ရန်သူဟောင်း အမေရိကန်ကို ရည်ညွှန်း၍ ရေးသားသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် နျူကလီးယားလက်နက်များ ဖြန့်ကြက်မှု၏ ခြိမ်းခြောက်မှုများအောက်တွင် အညံ့မခံသင့်သော အင်အားကြီးနိုင်ငံများဖြစ်ကြကြောင်း ကက်စထရိုက ရေးသားသည်။ **ဆင်ဟွာ။**

# ဆွစ်ဇာလန်၌ ရထားစီးခရီးသည်များကို လူတစ်ဦးတိုက်ခိုက်၊ တစ်ဦးသေဆုံး

**ဂျီနီဗာ ဩဂုတ် ၁၄**
ဆွစ်ဇာလန်နိုင်ငံ၌ ရထားတစ်စင်းဖြင့် လိုက်ပါလာသော ခရီးသည်များကို ဓားနှင့် မီးလောင်လွယ်သောအရည် ကိုင်ဆောင်ထားသူ အမျိုးသားတစ်ဦးက အကြမ်းဖက်တိုက်ခိုက်ခဲ့ကြောင်း၊ တိုက်ခိုက်ခံရသူ ခြောက်ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းအနက် အမျိုးသမီးတစ်ဦးမှာ ဆေးရုံတွင် သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ဩဂုတ် ၁၄ ရက်တွင် ပြောကြားသည်။

လူကြီးသုံးဦး၊ ဆယ်ကျော်သက်ရွယ်နှစ်ဦးနှင့် အသက်ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း၊ ငါးဦးမှာ ဓားထိုးခံရခြင်း၊ သို့မဟုတ် မီးလောင်ဒဏ်ရာ ရရှိခြင်းတို့နှင့် တွေ့ကြုံကြရကြောင်း၊ ကျန်တစ်ဦးမှာမူ အကူအညီပေးရန် ဝင်ရောက်လာစဉ် မီးခိုးရှူရှိုက်ရမှုကြောင့် နာမကျန်းဝေဒနာ ခံစားရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆွစ်ဇာလန်နိုင်ငံ ဘတ်ချ်မြို့နှင့် ဆန်းဝေါမြို့အကြားရှိ ဆာလက်ဘူတာရုံသို့ ရထားချဉ်းကပ်လာချိန် ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

**ရိုက်တာ။**




# လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ပါကစ္စတန်နိုင်ငံတစ်ဝန်း၌ ကျင်းပ

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၄**
ပါကစ္စတန်နိုင်ငံ၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ဩဂုတ် ၁၄ ရက်က ကျင်းပသည်။ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဩဂုတ် ၁၄ ရက် နံနက်မိုးသောက် အလင်းရောက်ချိန်တွင် နိုင်ငံတစ်ဝန်းတွင် အမြောက်များ ပစ်ဖောက်ကာ လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ပြုခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အစ္စလာမ္မာဘတ်၌ ကျင်းပသော လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ သမ္မတ မာနွန်း ဟူစိန်၊ ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ် တို့ အပါအဝင် အထက်တန်းတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်နယ်မြို့တော်များနှင့် ခရိုင်များရှိ အစိုးရရုံးဌာနများတွင် အလံတင်အခမ်းအနားများကို ကျင်းပခဲ့ကြသည်။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပုဂ္ဂလိက အဆောက်အအုံများ၊ လမ်းများနှင့် ရိပ်သာလမ်းများတွင် ရောင်စုံမီးများကို ထွန်းညှိခဲ့ကြပြီး နိုင်ငံတော်အလံကို လွှင့်ထူခြင်း၊ အမျိုးသားခေါင်းဆောင်များ၏ ရုပ်ပုံများကို စိုက်ထူခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

လာဟိုးမြို့၌ ဩဂုတ် ၁၄ ရက် နံနက်အစောပိုင်းတွင် စစ်ရေးပြအခမ်းအနားကို ကျင်းပခဲ့ကြောင်း ပါကစ္စတန် ရေဒီယိုက ထုတ်လွှင့်သည်။

ညသန်းခေါင်ယံ ကျော်လွန်ခဲ့ပြီးနောက် လွတ်လပ်ရေးနေ့သို့ ဝင်ရောက်ချိန်တွင် မြို့တော် အစ္စလာမ္မာဘတ်ရှိ ရှာခါပါရီယန် စစ်ရေးပြကွင်း၌ မီးရှူးမီးပန်းများကို ပစ်လွှတ်ကာ လွတ်လပ်ရေးနေ့ အစပြုမှုကို ဂုဏ်ပြုခဲ့သည်။

**ပီတီအိုင်။**

○

ရဲရင့်လင်းလက်

# နိုင်ငံတကာမြင်ကွင်း

ဩဂုတ်လ ၁၀ ရက် ညနေ ဖလော်ရီဒါပြည်နယ် ဖို့(ထ)လောဒါဒေးလ်(Fort Lauderdale) မြို့မှာ ရီပတ်ဘလီကန်ပါတီ သမ္မတလောင်း ဒေါ်နယ်ထရမ့်ရဲ့ မဲဆွယ်စည်းရုံးဟောပြောပွဲ ပြုလုပ်ခဲ့ပါတယ်။ မဲဆွယ်စည်းရုံးဟောပြောပွဲအစပိုင်းမှာကို "ဒီမိန်းမကိုထောင်ချပစ်" ဆိုတဲ့ ကြွေးကြော်သံတွေထွက်ပေါ်ခဲ့ပြီး မဲဆွယ်စည်းရုံးပွဲတစ်လျှောက်လုံး ဒီကြွေးကြော်သံတွေက မကြာခဏဆိုသလို ထွက်ပေါ်လာခဲ့ပါတယ်။ လှောင်ပြောင်သရော်သံတွေ၊ ဒေါသတကြီး အော်ဟစ်သံတွေကြားထဲကနေ အခုလို တာဝန်ဝတ္တရားသဘောသက်ရောက်တဲ့ ကြွေးကြော်သံတွေ ထွက်ပေါ်ခဲ့တာပါ။ ဒေါ်နယ်ထရမ့်ရဲ့ သွေးပူလေ့ကျင့်ခန်းအပြီး မူဝါဒရေးရာအကြံပေးအရာရှိ စတီဖင်မေးလ်လာ(Stephen Miller)က "သမ္မတ အိုဘားမားသာ နိုင်ငံတော်လုံခြုံရေးကို အမှန်တကယ် အလေးအနက်စဉ်းစားတယ်ဆိုရင် ဟီလာရီကို စွဲချက်တင်ရမှာပါ"လို့ လှုံ့ဆော်ခဲ့ပါတယ်။

ဒေါ်နယ်ထရမ့်ရဲ့ အမာခံပရိသတ်က ဟီလာရီကလင်တန်ကိုပဲ ဒေါသထွက်နေတာ မဟုတ်ပါဘူး။ သတင်းထောက်တွေကိုပါ အမုန်းပွားနေတာပါ။ သတင်းထောက်တွေ သတင်းမီဒီယာအတွက် သတ်မှတ်ထားတဲ့ ဧရိယာထဲဝင်လာတဲ့အခါ လှောင်ပြောင်သရော်သံတွေက တဝေါဝေါဆင်းနေတဲ့ ရေတံခွန်လို ထွက်ပေါ်လာပြီး "လူလိမ်တွေ" ဆိုတဲ့ ကြွေးကြော်သံတွေပါ ယှဉ်တွဲကပ်ပါလာပါတယ်။ ရီပတ်ဘလီကန်ပါတီတွင်း ရွေးကောက်ပွဲမှာ ဒေါ်နယ်ထရမ့်ကို ယှဉ်ပြိုင်ခဲ့တဲ့ အာကန်ဆောပြည်နယ် (Arkansas) အုပ်ချုပ်ရေးမှူးဟောင်း မိုက်ဟပ်ကာဘီ (Mike Huckabee) က ဒေါ်နယ်ထရမ့်ကို မထောက်ခံနိုင်ဘူးဆိုတဲ့ ရီပတ်ဘလီကန်ပါတီဝင်တွေနဲ့ပတ်သက်ပြီး "ဒီလူတွေက ဒေါ်နယ်ထရမ့်ရှုံးသွားမှာကို စိုးရိမ်နေကြတာ မဟုတ်ပါဘူး။ ဒီလူတွေစိုးရိမ်နေတာက ဒေါ်နယ်ထရမ့်နိုင်သွားမှာကိုပါ။ ဘာလို့လဲဆိုတော့ သူတို့ဖက်တွယ်ထားတဲ့ ကမ္ဘာကျဉ်းလေးပျက်စီးသွားမှာ စိုးရိမ်လို့ပါ"လို့ ဝေဖန်တိုက်ခိုက်ခဲ့ပါတယ်။

ရီပတ်ဘလီကန်ပါတီရဲ့ ပါတီတွင်း ရွေးကောက်ပွဲကာလမှာ ဒေါ်နယ်ထရမ့်က ပြိုင်ဘက်တွေကို အနိုင်ယူအောင်ပွဲခံနေချိန်မှာ ဒေါ်နယ်ထရမ့်ရဲ့ ရွေးကောက်ပွဲ မဲဆွယ်ပွဲတွေဟာ ပွဲလမ်းသဘင်ဆင်နွှဲနေတာနဲ့ ဆင်တူခဲ့တာပါ။ ဒါပေမယ့် လူထုစစ်တမ်းမှာ ဒေါ်နယ်ထရမ့်အပေါ် ထောက်ခံမှုကျဆင်းလာချိန်မှာ ဒေါ်နယ်ထရမ့်က ဟီလာရီကလင်တန်အပေါ် ပိုပြီး ပြင်းပြင်းထန်ထန် တိုက်ခိုက်လာသလို သူ့ကို အပြည့်အဝ ထောက်ခံမှုမပေးတဲ့ ရီပတ်ဘလီကန်ပါတီဝင်တွေကိုလည်း ဒေါသတကြီး တုံ့ပြန်လာပါတယ်။ သတင်းမီဒီယာတွေကိုလည်း ရန်သူလို ဆက်ဆံလာပါတယ်။ ကုန်ကုန်ပြောရရင် အမေရိကန် ရွေးကောက်ပွဲစနစ်ကိုပါ ဝေဖန်တိုက်ခိုက်လာပါတယ်။ ဟီလာရီကလင်တန်နဲ့ ပတ်သက်ပြီး ဒေါ်နယ်ထရမ့်က "ဒီမိန်းမဟာ သူများကို အင်မတန်နစ်နစ်နာနာ ပြောတတ်တဲ့ မိန်းမပါ။ မျှတတဲ့အမြင်လည်း မရှိပါဘူး။ ခင်ဗျားတို့ လုပ်ရမှာက ဒီမိန်းမလှုပ်ရှားမှုတွေကို မျက်ခြည်မပြတ် စောင့်ကြည့်ဖို့ပါပဲ" လို့ ပြောဆိုတိုက်ခိုက်ခဲ့ပါတယ်။ ကျင်းပမယ့် သမ္မတရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ဒေါ်နယ်ထရမ့်က "ဒီရွေးကောက်ပွဲဟာ သူအောင်ပွဲမခံနိုင်အောင် ယုတ်ယုတ်မာမာ ကောက်ကောက်ကျစ်ကျစ် အကွက်ဆင်တာပဲ"လို့ ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့ပါတယ်။ အင်တာဗျူးတစ်ခုမှာ ဒေါ်နယ်ထရမ့်ဘက်က "နိုဝင်ဘာ ၈ ရက် သမ္မတရွေးကောက်ပွဲကို ခင်ဗျားတို့ စောင့်ကြည့်ဖို့လိုတယ်ဆိုတာ ကျွန်တော်ပြောလိုက်မယ်။ ဘာလို့လဲဆိုတော့ ဒီရွေးကောက်ပွဲမှာ မဲလိမ်မဲညစ်လုပ်မှာ မို့လို့ပါ။ ရီပတ်ဘလီကန်ပါတီဝင်တွေက သတိကြီးကြီးထား စောင့်ကြည့်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ဒါမှမဟုတ်ရင်တော့ ကျွန်တော်တို့ အောင်ပွဲရလဒ်ကို ထိခိုက်စေပါလိမ့်မယ်"ဆိုပြီး သူ့သဘောထားကို ရှင်းလင်းသွားပါတယ်။

ဒေါ်နယ်ထရမ့်ရဲ့ မီဒီယာအပေါ် သဘောထားက အတော်ကြီးမကောင်းဘူးလို့ပဲ ပြောရမှာပါ။ "သတင်းမီဒီယာဆိုတာ ဘာမှမဟုတ်တာကို ပုံကြီးချဲ့ သတင်းလုပ်တာပါပဲ" ဆိုတာက ဒေါ်နယ်ထရမ့်ပြောလေ့ရှိတဲ့ စကားပါ။ ဩဂုတ် ၁၀ ရက် ဖလော်ရီဒါ မဲဆွယ်ပွဲမှာပဲ ဒေါ်နယ်ထရမ့်က "သတင်းမီဒီယာဆိုတာ ဟီလာရီကလင်တန်လောက်နီးနီး ကလိမ်ကကျစ်နိုင်တာပါပဲ"ဆိုပြီး မီဒီယာလောကကို တိုက်ခိုက်ခဲ့ပါတယ်။ ဒေါ်နယ်ထရမ့် မိန့်ခွန်းပြောနေတုန်း တစ်ချိန်မှာ ပရိသတ်ထဲကတစ်ယောက်က သတင်းမီဒီယာသမားတွေရှိတဲ့ဘက်ကို လှည့်ပြီး ရိုင်းရိုင်းစိုင်းစိုင်း လက်ခလယ်နှစ်ချောင်း ထောင်ပြပါတယ်။ ဒေါ်နယ်ထရမ့်ရဲ့ အမာခံပရိသတ်ကြီးကလည်း "ဒီကောင်တွေကို ထောင်ချပစ်၊ ထောင်ချပစ်" လို့ ဟစ်အော်ကြပါတယ်။

မဲဆွယ်စည်းရုံးပွဲတွေရဲ့ ပြင်ပတွေမှာတော့ ဒေါ်နယ်ထရမ့်ကို ထောက်ခံသူတွေက သူတို့သမ္မတလောင်းဟာ နိုင်ငံရေးမဆန်တဲ့ ဝေါဟာရအသုံးအနှုန်းတွေအပေါ် ခုံခုံမင်မင်ဖြစ်နေတာကို မနှစ်သက်မလိုလားစိုးရိမ်နေတာကို ထုတ်ဖော်ပြောဆိုကြပါတယ်။ မေတ္တာဝင်နေရင် အပြစ်မမြင်ဘူးဆိုတာက အမှန်ပဲလို့ပြောရမှာပါ။ ဒေါ်နယ်ထရမ့်ကို ထောက်ခံသူတစ်ဦးက "ဒေါ်နယ်ထရမ့်က နိုင်ငံရေးသမား မဟုတ်ဘူးဆိုတာကို ကျွန်တော်တို့မေ့ထားလို့မရပါဘူး။ ဒီလို အမှားတွေကတော့ လုပ်နေဦးမှာပါပဲ။ သူ့နှလုံးသားထဲရှိတဲ့အတိုင်း သူပြောတာလေ။ တစ်ခါတစ်ရံ အမှန်တရားက ခါးသီးတယ်ဆိုတာ ခင်ဗျားတို့လည်းသိပါတယ်" ဆိုပြီး ဖြည့်အတွေးလေးနဲ့ပြောပါတယ်။ နောက်ထောက်ခံသူတစ်ဦးကလည်း "ဒီကိစ္စတွေက ခရီးလမ်းတစ်လျှောက် တွေ့လေ့ရှိတဲ့ ချိုင့်အဖုအထစ်တွေလိုပါပဲ။ ဒေါ်နယ်ထရမ့်က ဒါတွေကို ကျော်လွှားသွားမှာပါ။ ကျွန်တော်တို့က သူဒီလို စွမ်းဆောင်နိုင်အောင် ဝိုင်းကူညီကြရမှာပါ" လို့ပြောခဲ့ပါတယ်။

ဒီလိုဒီလို ဒေါ်နယ်ထရမ့်ထောက်ခံသူတွေရဲ့ စကားကို ဒီထက်ပိုစိတ်ရှည်လက်ရှည် နားထောင်မယ်ဆိုရင် သူတို့အတွင်းစိတ်ထဲရှိတဲ့ ဟီလာရီကလင်တန်အပေါ်ထားတဲ့ အာဃာတတွေကို တွေ့လာမှာပါ။ ဒေါ်နယ်ထရမ့်ထောက်ခံသူတစ်ဦးက "ဒီမိန်းမက ဟောင်ဖွာဟောင်ဖွာမိန်းမပဲ။ ဒီမိန်းမကို ကျွန်တော်ကြည့်လို့ကိုမရဘူး။ ဟီလာရီကလင်တန်ပြောတာတွေကို ကျွန်တော် နားမထောင်နိုင်ဘူး။ ဟီလာရီကလင်တန်ဆိုတာ လူလိမ်မပဲ" ဆိုပြီးခါးခါးသီးသီးပြောခဲ့တာပါ။ နောက်ထောက်ခံသူတစ်ဦး ပြောဆိုသွားပုံက အတော်အံ့ဩစရာပါ။ ဒီပုဂ္ဂိုလ်က "ကျွန်တော်တို့ တိုင်းပြည်မှာ အကျင့်ပျက်လာဘ်စားမှုက အတော်ကျယ်ပြန့်နေတာပါ။ ရွေးကောက်ပွဲ တကယ်ဖြစ်ပါ့မလားလို့တောင် တွေးနေရပါတယ်။ စိတ်ပျက်စရာပါပဲ။ လှုပ်ရှားသွားလာနေတဲ့ ပြည်သူလူထုတွေကြား တစ်ခုခုတော့ ဖြစ်တော့မှာပဲဆိုပြီး ပြောဆိုနေကြတာပါ။ ကျွန်တော်တို့ မာရှယ်လောအုပ်ချုပ်မှုအောက်ရောက်သွားနိုင်ပါတယ်" တဲ့။ အခုလောက်ဆိုရင် ဒေါ်နယ်ထရမ့်နဲ့ သူ့နောက်လိုက်တွေရဲ့ အတွေးအခေါ် အယူအဆတွေကို မှန်းဆနိုင်လောက်ပါပြီ။

သမ္မတရွေးကောက်ပွဲရဲ့ ဖြစ်လာနိုင်တဲ့ ရလဒ်အနေအထားကို မှန်းဆကြည့်ရအောင်ပါ။ ဩဂုတ်လဆန်း ၅ ရက်နေ့ ကောက်ယူခဲ့တဲ့ စစ်တမ်းတွေအရ CBS လူထုစစ်တမ်းမှာ ဟီလာရီကလင်တန်က လူထုထောက်ခံမှု ခုနစ်ရာခိုင်နှုန်းတက်လာပါတယ်။ တခြားလူထုစစ်တမ်းတွေမှာလည်း ဟီလာရီကလင်တန်အပေါ် လူထုထောက်ခံမှုက တက်လာပါတယ်။ CNN နဲ့ NBC လူထုစစ်တမ်းမှာလည်း ကိုးရာခိုင်နှုန်းတက်လာပါတယ်။ အမေရိကန်သမ္မတရွေးကောက်ပွဲကျင်းပတဲ့အခါ အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ် ၅၀ အနက် တချို့ပြည်နယ်တွေက အစဉ်အလာအရ ရီပတ်ဘလီကန်ကို ထောက်ခံပါတယ်။ တချို့ပြည်နယ်တွေက အစဉ်အလာအရ ဒီမိုကရက်တစ်ပါတီကို ထောက်ခံပါတယ်။ ယေဘုယျသဘောပြောရရင် ဒီပြည်နယ်တွေဟာ သူတို့အစဉ်အလာကို ချိုးဖောက်ပြီး ဆန္ဒမဲပေးတာမျိုးက ဖြစ်ဖို့မလွယ်ပါဘူး။ ဒါပေမယ့် သမ္မတရွေးကောက်ပွဲတွေမှာ အခြေအနေအလိုက် ဆန္ဒမဲပေးချင်သလိုပေးတဲ့ ပြည်နယ်တွေရှိပါတယ်။ ကြိုတင်ခန့်မှန်းလို့မရတဲ့ပြည်နယ်တွေလို့ ပြောနိုင်ပါတယ်။ ဒီပြည်နယ်တွေရဲ့ အဆုံးအဖြတ်က သမ္မတရွေးကောက်ပွဲရလဒ်ကို အဆုံးအဖြတ်ပေးနိုင်ပါတယ်။ ဩဂုတ်လဆန်းစစ်တမ်းတွေအရ ပင်ဆဲလ်ဗေးနီးယား၊ မစ်ချီဂန်၊ နယူးဟမ့်ရှိုင်းယားနဲ့ ဖလော်ရီဒါပြည်နယ်တွေမှာ ဟီလာရီကလင်တန်က တော်တော်ပြတ်ပြတ်သားသား ရှေ့ကနေဦးဆောင်နေပါတယ်။ ဒီပြည်နယ်တွေက ကြိုတင်ခန့်မှန်းလို့မရတဲ့ ပြည်နယ်တွေထဲမှာ အရေးပါတဲ့ ပြည်နယ်တွေပါ။ ကမ္ဘာ့ပြည်သူအများစုအတွက်တော့ ဒီသတင်းက သတင်းကောင်းဖြစ်မယ်လို့ ယူဆပါတယ်။ ဒီလိုသတင်းကောင်းတွေ ဆက်တိုက်ကြားရပါစေလို့ပဲ ဆုတောင်းမိပါတယ်။ ။






# ခေတ်သစ်ဆောက်လုပ်ရေးကဏ္ဍ

## ညွန့်ဝင်းလေး

ကျွန်တော်တို့ ဆောက်လုပ်ရေးလောကသားတွေတွေ့ရင် ပြောဆိုကြ၊ နောက်ပြောင်ကြတဲ့ စကားတစ်ခွန်းရှိပါတယ်။ 'နေရတယ်လို့မရှိပါဘူးဗျာ။ တည်ဆောက်တုန်း၊ ပြုပြင်တုန်းပါပဲ' ။

တကယ်လည်း 'အဆုံးမရှိတဲ့အစ'တွေ စနေရဆဲ။ ဆောက်လုပ်နေဆဲ။ ပြုပြင်နေဆဲပါ။

ဟိုလိုလိုနဲ့ ဒီလိုလိုနဲ့၊ ဘာလိုလိုနဲ့ ညာလိုလိုနဲ့၊ ရန်ကုန်စက်မှုတက္ကသိုလ် ဝင်းထဲက စွယ်တော်ပင်လေးတွေလည်း အသက်ကြီး။ ကျွန်တော်တို့လည်း အသက် (၆၀)နီးနီး။

လွတ်လပ်ရေးရတာ နှစ်ပေါင်း ၇၀ နီးနီးရှိပါပြီ။ အဝေးပြေးလမ်းမကြီးများ မချောမွေ့သေးပါဘူး။ မီးရထားလမ်းများ မချောမွေ့သေးပါဘူး။ မြို့ပြလမ်းများ မချောမွေ့သေးပါဘူး။ ကျေးလက်လမ်းများ မချောမွေ့သေးပါဘူး။ လေဆိပ်များ မချောမွေ့သေးပါဘူး။ ဆိပ်ကမ်းများ မချောမွေ့သေးပါဘူး။ လျှပ်စစ်စွမ်းအင် မချောမွေ့သေးပါဘူး။ ရေပေးဝေရေး မချောမွေ့သေးပါဘူး။ ရေစီးရေလာ မချောမွေ့သေးပါဘူး။ ဘဏ်စနစ် မချောမွေ့သေးပါဘူး။ တယ်လီဖုန်းလိုင်းများ မချောမွေ့သေးပါဘူး။ အင်တာနက်ကွန်ရက် မချောမွေ့သေးပါဘူး။

ခေတ်အဆက်ဆက် တည်ဆောက်ခဲ့ပါတယ်။ တည်ဆောက်ဆဲ လမ်းတွေ၊ တံတားတွေ၊ ဆည်မြောင်း၊ ကန်ချောင်းတွေ၊ မြို့ရွာတွေ၊ အဆောက်အအုံတွေ၊ လေဆိပ်၊ ရေဆိပ်၊ သင်္ဘောဆိပ်ကမ်းတွေ၊ ဘူတာတွေ အများကြီးပါပဲ။ တည်ဆောက်လတ္တံ့သော စိတ်ကူးစီမံကိန်းတွေလည်း များစွာရှိပါတယ်။

တကယ်တော့ -

လမ်းပဲဖောက်ဖောက်. . .

တံတားပဲဆောက်ဆောက်. . .

အဆောက်အအုံပဲ ဆောက်ဆောက်. . .

တည်ဆောက်ခြင်းဟာ တည်ဆောက်ခြင်းပါပဲ။ တစ်နည်း ဆောက်လုပ်ရေးလုပ်ငန်းပါပဲ။ Construction လုပ်တာပါပဲ။ ဆောက်လုပ်ရေး ပစ္စည်း၊ နည်းပညာ၊ လုပ်ငန်းသဘောသဘာဝကတော့ တူညီတာတွေရှိသလို ကွဲပြားတာလည်းရှိနိုင်ပါတယ်။ လမ်း၊ တံတား၊ ဆည်မြောင်း၊ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းအစုစုဟာ "ဆောက်လုပ်ရေး" အလံတော်အောက်မှာ ရှိနေကြတယ်ဆိုတာကိုတော့ ငြင်းချက်ထုတ်စရာလိုမယ်မထင်ပါဘူး။

ဆောက်လုပ်ရေးကဏ္ဍရဲ့ အချက်ဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဖြစ်ပါတယ်။ သမိုင်းအကျဉ်းကို နည်းနည်းတင်ပြလိုပါတယ်။

**(၁)ပြည်သူ့လုပ်ငန်းဌာန (PWD= Public Works Department)**

PWD လို့ပြောပါတယ်။ ၁၈၈၈ ခုနှစ်မှာ အင်္ဂလိပ်က စတင်ဖွဲ့စည်းပါတယ်။ အဆောက်အအုံ၊ လမ်း၊ တံတား၊ ဆည်မြောင်းဌာနခွဲများ ပါဝင်ပါတယ်။ အင်ဂျင်နီယာချုပ်က တစ်ဦးတည်းသာ။ ၁၉၂၂ ခုနှစ်မှာ အင်ဂျင်နီယာချုပ် (ဆည်မြောင်း) တစ်ဦး ထပ်မံခန့်ထားပါတယ်။ ၁၉၂၉ ခုနှစ်မှာ PWD မှ ဆည်မြောင်းဌာနခွဲလိုက်ပါတယ်။

**(၂) လမ်းပန်းအဆောက်အအုံနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီးဌာန**

(၁၉၄၃ ခုနှစ်)

**(၃) ပြန်လည်ထူထောင်ရေးဝန်ကြီးဌာန**

(၁၉၄၇ ခုနှစ်)

**(၄) ပြည်သူ့လုပ်ငန်းနှင့်ပြန်လည်ထူထောင်ရေးဝန်ကြီးဌာန**

(၁၉၄၈ ခုနှစ်) လွတ်လပ်ရေးရပြီးကာလမှာ စစ်ကြီးအတွင်း ပျက်စီးသွားတဲ့ အဆောက်အအုံ၊ လမ်း၊ တံတားများပြန်လည်ထူထောင်ရန် PWD အောက်တွင် အဆောက်အအုံနဲ့ လမ်းတံတားဌာနခွဲ (Building & Road) ဖွဲ့စည်းထားပါတယ်။

**(၅) အိမ်ရာဆောက်လုပ်ရေးဝန်ကြီးဌာန**

(၁၉၅၁ ခုနှစ်)မှာ ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (NHT CDB) ပေါ်ပေါက်လာပြီး ဝန်ကြီးဌာနအမည်ပါ ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်။ (NHB အဖွဲ့လို့လည်း ခေါ်ပါတယ်) (National Housing and Town and Country Development Board)

**(၆) ပြည်သူ့လုပ်ငန်းနှင့်အိမ်ရာဆောက်လုပ်ရေးဝန်ကြီးဌာန**

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ခင်ကပင် RDT အဖွဲ့ (Rangin Development Trust) ရှိခဲ့ပါတယ်။ ကမာရွတ်၊ ကြည့်မြင်တိုင်၊ ကျောက်မြောင်း၊ တာမွေစတဲ့ ရန်ကုန်မြို့တော် ဆင်ခြေဖုံးမြေကွက်များ ထပ်မံဖော်ထုတ်ခြင်း၊ လမ်း၊ တံတား၊ ရေမြောင်း၊ ရေပေးဝေရေးစနစ်များ ဆောင်ရွက်ခြင်းလုပ်ခဲ့ပါတယ်။ လုပ်ငန်းပြီးရင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကိုလွှဲပြောင်းပေးရပါတယ်။ ၁၉၅၁ ခုနှစ်မှာ NHB အဖွဲ့ ပေါ်လာပြီး (NHB+RDT) လုပ်ကာ RDT အဖွဲ့ကို ဖျက်သိမ်းခဲ့ပါတယ်။

၁၉၅၄ ခုနှစ်မှာ ပြည်သူ့လုပ်ငန်းဌာန အဆောက်အအုံနဲ့ လမ်းဌာနခွဲဟာ လမ်းလုပ်ငန်းဌာန (Department of Highways -DOH) ပြောင်းလဲလာပါတယ်။

**(၇) ပြည်သူ့လုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေးနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီးဌာန**

၁၉၆၂ ခုနှစ်တွင် ဝန်ကြီးဌာနမှာ အောက်ပါဌာနအဖွဲ့အစည်းများ ရှိခဲ့ပါတယ်။ တော်လှန်ရေးကောင်စီလက်ထက်မှာ ဝန်ကြီးဌာနကို ဌာနလို့ သုံးနှုန်းပြီး ဝန်ကြီးအမည်အစား **"ဌာနတာဝန်ခံ"** လို့ သုံးနှုန်းခေါ်ဝေါ်ပါတယ်။

(က)လမ်းလုပ်ငန်းဌာန

(ခ) ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့

(ဂ) ပြန်လည်ထူထောင်ရေးအဖွဲ့

(ဃ)အထူးလက်ဆောင်စီမံကိန်းသဘောတူစာချုပ် အကောင်အထည်ဖော်ရေးဘုတ်အဖွဲ့။

၁၉၆၃ ခုနှစ်မှာ ပြန်လည်ထူထောင်ရေးအဖွဲ့ကို ဖျက်သိမ်းပြီး ၁၉၆၄ ခုနှစ်မှာ ဝန်ကြီးဌာနအမည်ပြောင်းလဲခေါ်ဝေါ် သုံးစွဲပါတယ်။

၁၉၆၅ ခုနှစ်မှာ လမ်းလုပ်ငန်းဌာနအသွင်သဏ္ဌာန်မှ ပြည်သူ့လုပ်ငန်းကော်ပိုရေးရှင်း (ပလက) PWC (Public Work Corporation) ကို ပြန်လည်ဖွဲ့စည်းပါတယ်။

၁၉၆၆ ခုနှစ် ဆောက်လုပ်ရေးကဏ္ဍမှာ အဓိကကျတဲ့ ကျောက်မိုင်းကော်ပိုရေးရှင်းကိုပါ တိုးချဲ့ဖွဲ့စည်းပါတယ်။

**(၈) ဆောက်လုပ်ရေးဝန်ကြီးဌာန**

၁၉၇၂ ခုနှစ်မှာ ဝန်ကြီးဌာနရဲ့ ဌာနခွဲကြီးများအဖြစ် ဆောက်လုပ်ရေးကော်ပိုရေးရှင်း၊ အိုးအိမ်ဆောက်လုပ်ရေးနှင့် ကျောက်မိုင်းကော်ပိုရေးရှင်းများအပြင် ဆောက်လုပ်ရေးကော်မတီတစ်ရပ်ပါ ဖွဲ့စည်းခဲ့ပါတယ်။

၁၉၈၉ ခုနှစ်မှာ ဝန်ကြီးဌာနအမည်မပြောင်းသော်လည်း ဆောက်လုပ်ရေးကော်ပိုရေးရှင်းမှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (Public Works) အဖြစ်လည်းကောင်း၊ အိုးအိမ်ဦးစီးမှူးမှ မြို့ရွာနဲ့အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (DHSHD=Department of Human Settlement and Housing Development) အဖြစ်လည်းကောင်း ခေါ်ဝေါ်သုံးစွဲခဲ့ပါတယ်။

၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်မှာ ဦးစီးဌာနလေးခု ပြောင်းလဲဖွဲ့စည်းပါတယ်။

(၁) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(၂) အဆောက်အအုံဦးစီးဌာန

(၃) လမ်းဦးစီးဌာန

(၄) တံတားဦးစီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန သန္ဓေတည်ခဲ့တာ နှစ်ပေါင်း ၁၃၀ နီးနီး ရှိပါပြီ။ ခေတ်အဆက်ဆက်မှာ အမည်နာမအမျိုးမျိုး ပြောင်းလဲခဲ့ပါတယ်။ လုပ်ငန်းသဘောသဘာဝလည်း အဖုံဖုံပြောင်းလဲခဲ့ပါတယ်။ တည်ဆောက်ရေးမှာ ယေဘုယျအားဖြင့် အဆင့်သုံးဆင့်ရှိပါတယ်။

(၁) အကြိုအင်ဂျင်နီယာလုပ်ငန်း (Pre-engineering Works)

(၂) တည်ဆောက်ရေးလုပ်ငန်း (Construction)

(၃) ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း (Maintenance)

အကြိုအင်ဂျင်နီယာလုပ်ငန်းများကို ၁၉၈၉ ခုနှစ် မတိုင်ခင်က ဌာနမှ ဌာနဆိုင်ရာလုပ်ငန်း(Departmental Works)အဖြစ် ဆောင်ရွက်နေပါတယ်။ ၁၉၈၉ ခုနှစ်နောက်ပိုင်းမှာ ပုဂ္ဂလိကကုမ္ပဏီများသို့ ကန်ထရိုက်စနစ် ဆောက်လုပ်စေခဲ့ရာ အကြိုအင်ဂျင်နီယာလုပ်ငန်းကို ပုဂ္ဂလိကကန်ထရိုက်တာများကပဲ လုပ်ဆောင်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းများကို ၁၉၈၉ ခုနှစ်မတိုင်မီ ဌာနဆိုင်ရာလုပ်ငန်းအဖြစ် တာဝန်ယူဆောင်ရွက်တာရှိသလို ပုဂ္ဂလိကကုမ္ပဏီတွေကို ကန်ထရိုက်စနစ်ဖြင့် အပ်နှံတည်ဆောက်စေတာလည်းရှိပါတယ်။ ၁၉၈၉ ခုနှစ်နောက်ပိုင်းမှာ ဌာနဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုစနစ်မှ ပုဂ္ဂလိကကုမ္ပဏီများအား ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်စေပါတယ်။ အချို့လမ်းတည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးမှာ BOT (Build, Operater and Transfer) စနစ်ဖြင့် ဆောင်ရွက်လာပါတယ်။ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုတော့ ဌာနဆိုင်ရာလုပ်ငန်းအနေဖြင့် ဆောင်ရွက်ပါတယ်။

၂၀၁၆ ခုနှစ် ဇွန်လ ၁၄ရက် နေ့စွဲပါ ကြေးမုံသတင်းစာမှာ ပညာရေးဝန်ကြီးဌာနမှ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း သတင်းတစ်ပုဒ်ဖတ်ရှုရပါတယ်။ မြန်မာတစ်ပြည်လုံးတက္ကသိုလ်၊ ကောလိပ် ၁၉ ခုအတွက် ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြစ်ပါတယ်။ ခါတ်အားခွဲရုံ၊ ဆရာ ဆရာမအိပ်ဆောင်၊ စာသင်ဆောင်၊ ခါတ်ခွဲခန်း၊ အားကစားရုံ၊ ကျောင်းသား ကျောင်းသူအိပ်ဆောင်၊ ပါမောက္ခချုပ်နေအိမ် စသည်တို့ အသစ်ဆောက်လုပ်ရန်၊ အဟောင်းပြုပြင်ထိန်းသိမ်းရန် ဖြစ်ပါတယ်။

ဒါက ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနက ဖိတ်ခေါ်တဲ့ တည်ဆောက်ရေးတင်ဒါပါ။ ကျန်းမာရေးဝန်ကြီးဌာနကလည်း တည်ဆောက်ရေးတင်ဒါတွေခေါ်မှာပါပဲ။ ပြည်ထဲရေးဌာနကလည်း တည်ဆောက်ရေးတင်ဒါတွေခေါ်မှာပါပဲ။

အဲဒီမှာ ဆရာကြီးတွေ၊ ဆရာမကြီးတွေ၊ ဆရာဝန်ကြီးတွေ၊ ဆရာဝန်မကြီးတွေ၊ ပြည်ထဲရေးရာ အရာထမ်းကြီးတွေ တည်ဆောက်ရေးကဏ္ဍမှာ ပါဝင်ပတ်သက်လာပါတယ်။ အာခီတက်တွေ၊ အင်ဂျင်နီယာတွေ၊ ကန်ထရိုက်တာတွေ၊ ဘီလပ်မြေတွေ၊ အုတ်ခဲတွေ၊ သံချောင်းတွေနဲ့ ထိတွေ့ခွင့်ရလာပါတယ်။ ဆောက်လုပ်ရေးဆိုင်ရာ ငွေရေးကြေးရေးတွေနဲ့ နီးနီးစပ်စပ်ဖြစ်လာရပါတယ်။ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ ဟိုတယ်တွေဘက် ခြေဆန့်လာနိုင်ပါတယ်။ သီချင်းဆိုချင်စိတ်တွေဖြစ်လာနိုင်ပါတယ်။ အညောင်းအညာဖြေချင်တဲ့ စိတ်တွေလည်း ဝင်လာနိုင်ပါတယ်။

ဆရာကြီး ဆရာမကြီးတွေကို လေးစားစွာဖြင့် ပညာရေးရာကိစ္စတွေကိုပဲ စီမံခန့်ခွဲစေချင်ပါတယ်။ ပညာရေးသုတေသနတွေ လုပ်စေချင်ပါတယ်။ သင်ကြားရေးကိုပဲ ဖိဖိစီးစီးလုပ်စေချင်ပါတယ်။ ကျောင်းဆောက်တာ၊ ခြံစည်းရိုးကာရံတာ အာခီတက်အင်ဂျင်နီယာကန်ထရိုက်တာတွေ အလုပ်ပါ။ ထို့အတူ ဆရာဝန်ကြီးများ၊ ဆရာဝန်မကြီးများကိုလည်း ကျန်းမာရေးရာ များ များစွာလုပ်စရာရှိပါသေးတယ်။ ဆေးရုံ၊ ဆေးခန်းတည်ဆောက်ပြုပြင်တာ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူလိုက်ရင် အားလုံးအဆင်ပြေသွားနိုင်ပါတယ်။ အရင်ခေတ်တွေကလည်း ဝန်ကြီးဌာနအသီးသီးကနေ တည်ဆောက်ရေးကိစ္စအဝဝကို ဆောက်လုပ်ရေးဝန်ကြီးဌာနကိုပဲ အပ်နှံတာမဟုတ်ပါလား။ ဆောက်လုပ်ရေးကမှ "တည်ဆောက်ပြုပြင် မြန်ပြည်တစ်ခွင်" လုပ်ခဲ့တာပဲ မဟုတ်လား။

**ဆောက်လုပ်ရေးဝန်ကြီးဌာနမှာ-**

(၁) မြို့ပြနှင့် မြေယာဖွံ့ဖြိုးရေးဦးစီးဌာန

(၂) အဆောက်အအုံဦးစီးဌာန

(၃) လမ်းဦးစီးဌာန

(၄) တံတားဦးစီးဌာန

(ဦးစီးဌာန လေးခုရှိပါတယ်။ ညွှန်ကြားရေးမှူးချုပ် လေးဦးရှိပါတယ်။)

(၅) လျှပ်စစ်အင်ဂျင်နီယာဌာန

(၆) စက်မှုအင်ဂျင်နီယာဌာန

(၇) အဆောက်အအုံပုံထုတ်နှင့်ခန့်မှန်းသုတေသန

(၈) ဆည်မြောင်းဦးစီးဌာန

(၉) အထူးအဖွဲ့(လေယာဉ်ကွင်း၊ ဆိပ်ကမ်း၊ စီမံကိန်းကြီးများ)

(၁၀)မြေခင်းစီမံမှုဌာန (Landscape)

(၁၁)ရေနှင့်မိလ္လာဌာန

စသဖြင့် အင်ဂျင်နီယာ/အာခီတက်နဲ့ တိုက်ရိုက်ပတ်သက်တဲ့ဌာနတွေ ထပ်မံဖွဲ့စည်းလို့ရပါတယ်။ အခြားအင်ဂျင်နီယာ၊ အာခီတက်များနဲ့ တိုက်ရိုက်မပတ်သက်တဲ့ အုပ်ချုပ်ရေး၊ စီမံရေး၊ လေ့ကျင့်ပညာပေးရေး၊ အလုပ်သမားရေးရာ၊ ပစ္စည်းဝယ်ယူသိုလှောင်ဖြန့်ဖြူးရေး၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာနတွေလည်း ရှိရပါမယ်။

မြို့ပြစီမံကိန်းပဲဖြစ်ဖြစ်၊ ကျေးလက်စီမံကိန်းပဲဖြစ်ဖြစ်၊ အထပ်မြင့်ပဲဆောက်ဆောက်၊ အထပ်နိမ့်ပဲဆောက်ဆောက်၊ လမ်းပဲဖောက်ဖောက်၊ တံတားပဲဆောက်ဆောက်၊ ဆည်မြောင်းပဲဆောက်ဆောက် ဆောက်လုပ်ရေးဝန်ကြီးဌာန တစ်ခုတည်းကပဲ စီမံခန့်ခွဲရင် လုပ်ငန်းများပိုမိုချောမွေ့နိုင်မယ်လို့ ယူဆပါတယ်။

ယခု ဆောက်လုပ်ရေးဝန်ကြီးဟာ အင်ဂျင်နီယာတစ်ဦး ဖြစ်ပါတယ်။ အမြဲတမ်းအတွင်းဝန်ဟာလည်း အင်ဂျင်နီယာပါ။ တကယ်တော့ ယခုဦးစီးဌာနလေးခုရှိရာ ညွှန်ချုပ်များဟာလည်း အင်ဂျင်နီယာ၊ အာခီတက်ပဲဖြစ်သင့်ပါတယ်။ ကျန်းမာရေးဦးစီးဌာနရဲ့ ညွှန်ချုပ်ရာထူးကို အာခီတက် (Architect) ခန့်ထားပေးလို့ ဘယ်လိုမှ အဆင်ပြေချောမွေ့မှုမရှိပါဘူး။ (ဥပမာပြောတာပါ. . )

အာဏာပိုင်အဖွဲ့ (Authority)၊ အဖွဲ့ (Board)၊ ဦးစီးဌာန (Department)၊ ကော်ပိုရေးရှင်း (Corporation) စသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ အရိပ်အောက်မှာ ဌာနဆိုင်ရာအဖွဲ့အစည်း (Government Organization) အခေါ်အဝေါ်အမျိုးမျိုးဖြစ်နိုင်ပါတယ်။

နိုင်ငံတော်သမ္မတရုံးက 'တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ' ကို အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၆ နဲ့ ဖွဲ့စည်းလိုက်ပါတယ်။

ကော်မတီဥက္ကဋ္ဌက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပါ။ အဖွဲ့ဝင်များအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များက ဆောင်ရွက်ပါမယ်။ အတွင်းရေးမှူးအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကော်မတီရဲ့ လုပ်ငန်းတာဝန်များမှာ နည်းပညာနဲ့ဒီဇိုင်းများ ခေတ်မီရေး၊ စံချိန်စံညွှန်းပြည့်မီစွာတည်ဆောက်နိုင်ရေး၊ အကုန်အကျသက်သာစေရေး၊ အဆိုပြုမြေနေရာစိစစ်ရေး၊ တည်ဆောက်ရေးအတွက် နိုင်ငံတော်မှ သိမ်းဆည်းရန် လိုအပ်ပါက ဥပဒေစည်းမျဉ်းများနဲ့အညီ ဆောင်ရွက်ရန်ကိစ္စများ ပါဝင်ပါတယ်။

ကျွန်တော့်ရဲ့ အယူအဆမှာ ဝန်ကြီးဌာနတည်ဆောက်ခြင်းဖြစ်ဖြစ်၊ ပုဂ္ဂလိကအခန်းကဏ္ဍတည်ဆောက်ခြင်းဖြစ်ဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနကပဲ စီမံအုပ်ချုပ်ရေးဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနဟာလည်း ကန်ထရိုက်တာ (Contractor)၊ ဒဲဗလော့ပါ (Developer) လုပ်ရန် အဖွဲ့အစည်းမဟုတ်ပါ။ အာခီတက်၊ အင်ဂျင်နီယာ၊ မြို့ပြစီမံကိန်းပညာရှင်များ (Architects, Engineers, Planners) ဖြင့် တောင့်တောင့်တင်းတင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ရန် လိုအပ်ပါတယ်။ တည်ဆောက်ခြင်းလုပ်ငန်းကို ပုဂ္ဂလိကကုမ္ပဏီများကသာ လုပ်ကိုင်သင့်ပါတယ်။ တည်ဆောက်မည့် 'ကန်ထရိုက်တာ'ကလည်း အရည်အချင်းပြည့်မီရန် (Qualify) လိုအပ်ပါတယ်။ စစ်ဆေးရေးအင်ဂျင်နီယာများကလည်း အမှန်တကယ် တိတိကျကျ စစ်ဆေးရန် လိုအပ်ပါတယ်။ အရည်အသွေးပြည့်မီသော လမ်းတံတား၊ အဆောက်အအုံ ဆည်မြောင်းဖြစ်ဖို့ Q.C(Quality Control) ဟာ အသက်တမျှ အရေးပါပါတယ်။

'တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ'ဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနကော်ပိုရေးရှင်းများကို စီမံအုပ်ချုပ်ရုံမျှဖြင့် ဆောက်လုပ်ရေးလောကတစ်ခုလုံးကို လွှမ်းခြုံပြီးသားဖြစ်ပေလိမ့်မယ်လို့ ယူဆမိပါတယ်။ ။

# ဈေးကွက် သို့မဟုတ် ဘဝသန်းပေါင်းခိုလှုံရာ ချစ်သူနယ်မြေ

**မိုးထွန်း**

ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ရောင်းလိုသူနှင့် ဝယ်လိုသူတို့ ငွေကြေး (သို့မဟုတ်)ကြားခံလဲလှယ်ရေး ပစ္စည်းများနှင့် ဆုံစည်းရာကို ဈေးကွက်(Market) ဟု အကြမ်းဖျင်းအားဖြင့် ဆိုကြသည်။

သို့သော် ဈေးကွက်ကို လူ့သဘာဝ၊ လူ့လောကဖြစ်စဉ်နှင့် ယှဉ်တွေးမိရာ-

ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းလုပ်ကိုင်နေထိုင်ခြင်းသည် လူ့သဘာဝဖြစ်သည်။ တစ်နည်းအားဖြင့် မိမိဘဝအတွက် လိုအပ်(Needs)၊ လိုချင်(Wants)နှင့် လိုလား(Tastes) များကို ရမည့်နေရာသို့ ရွှေ့ပြောင်းလုပ်ကိုင်နေထိုင်ခြင်းဟု တွေးမိသည်။ သုံးစွဲသူ(Consumer)က သူ၏ လိုအပ်၊ လိုချင်နှင့် လိုလားသည့် ကုန်ပစ္စည်း (Goods) နှင့် ဝန်ဆောင်မှု (Service) ရရှိနိုင်ရာ၊ ဖန်တီးနိုင်ရာ ဈေးကွက်(Market)သို့ ဖွေရှာခြင်းဟုလည်း စဉ်းစားမိသည်။

**ဈေးကွက်အတွင်း ပွင့်လင်းသော လုပ်ကိုင်ခွင့်နှင့် ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှု၊ စက်ရုံအလုပ်ရုံ၊ ဝန်ဆောင်မှု စသည်တို့ များပြားတိုးတက်ကာ အလုပ်အကိုင်တွေ ပေါ်များလာပါက လမ်းဘေးဈေးသည်၊ မူးယစ်ဆေးဝါးရောင်းဝယ်သူ၊ ဒုစရိုက်သမား၊ စည်းကမ်းမဲ့သူ စသဖြင့် လျော့ပါးလာခြင်းသည် ကျွဲကူးရေပါ ဖြစ်လာပါမည်။**

ဤသို့ဖြင့် လူ့သမိုင်းတွင် ဈေးကွက်ကို ဖြစ်ပေါ်ခြင်း၊ ဖန်တီးခြင်း၊ တည်ဆောက်ခြင်း၊ ရှာဖွေခြင်းဖြင့် ကြွယ်ဝချမ်းသာသော၊ ခမ်းနားကြီးကျယ်သော ရွာ၊ မြို့၊ မြို့ကြီး၊ တိုင်းကြီးပြည်ကြီး၊ တိုက်ကြီးများ ဖြစ်ထွန်းခဲ့ကြသည်။ ကမ္ဘာ့သမိုင်းကိုကြည့်ရာ ပင်လယ်ရပ်ခြား စွန့်စားရွက်လွှင့်ခြင်း၊ ကမ္ဘာလုံးကြောင်း သိရှိလာခြင်း၊ အမေရိကတိုက်ကြီး ရှာဖွေတွေ့ရှိခြင်း၊ ကိုလိုနီနယ်ချဲ့ခြင်း၊ ကမ္ဘာ့စစ်ကြီးနှစ်ကြိမ်၊ မာရှယ်စီမံကိန်းမှ ဥရောပစီးပွားပူးပေါင်းဆောင်ရွက်မှုအဖွဲ့(OECD)၊ EU၊ ASEAN အစရှိသဖြင့်ဖွဲ့ခြင်း၊ ဗြိတိန်နုတ်ထွက်ခြင်း (BREXIT) စသည်တို့၌ ဈေးကွက်စနက်မကင်း။ ဈေးကွက်စနက်ကင်းရာက ရှာမှရှား။ မြန်မာ့သမိုင်းကိုကြည့်ရာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လက်မှု၊ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးကောင်းရာ(ဝါ) ဈေးကွက်ဖြစ်ရာတို့သည် ရွာကြီး၊ မြို့ကြီး၊ မြို့တော်ဖြစ်ပေါ်ခဲ့သည်ဆိုလျှင် မှားအံ့မထင်။

ထို့ပြင် ဈေးကွက်ကိုဖျက်လျှင် ဒုက္ခနှံ့နစ်သည်ကိုလည်း တွေးမိပြန်သည်။

အရင်းရှင်နှင့် ဆိုရှယ်လစ်ကွန်မြူနစ်၊ အနောက်နှင့် အရှေ့ကမ္ဘာနှစ်ခြမ်းဖြစ်စဉ်က ဈေးကွက်ဖွင့်သော အရင်းရှင် အနောက်ကမ္ဘာကဖြစ်ပြီး ဈေးကွက်ပိတ်သော ဆိုရှယ်လစ်ကွန်မြူနစ် အရှေ့ဆိုသူများ ဘာဖြစ်သည်ကို တစ်ကမ္ဘာလုံးသင်ခန်းစာယူပြီးဟု ယုံကြည်သည်။ အာဏာသိမ်းရင် သိမ်းမည်၊ ဈေးကွက်ကိုတော့ သိမ်း၍မဖြစ်။

မြန်မာ့ဖြစ်စဉ်ကို မြန်မာ့နည်းမြန်မာ့ဟန်ဖြင့်ပင် သင်ခန်းစာယူကြည့်ချင်သည်။

၁၉၆၂ ခုနှစ် အာဏာသိမ်းတော့ ပြည်သူပိုင်သိမ်းခြင်းကို ဈေးကွက်ဖျက်ခြင်းသာ ခံစားမိသည်။ ထို့ကြောင့် ဆယ်စု နှစ် နှစ်ခုအကျော်မှာပင် အစိုးရနှင့် ပြည်သူအတူတူ ချွတ်ခြုံကျ မွဲသွားသည်။

၁၉၈၈ အာဏာသိမ်းပြီး ဈေးကွက်ဖွင့်သည်။ သို့သော် ဈေးကွက်အပေါ် လက်ဝါးကြီးအုပ်မှု၊ ဘက်လိုက်မှုများကြောင့် အာဏာပိုင်နှင့် အာဏာပိုင်နီးစပ်သူတို့ ချမ်းသာပြီး ပြည်သူက ဆင်းရဲတွင်းနက်ခဲ့သည်။

ခုတော့ ပြည်သူနှင့် ပြည်သူမဲပေးတဲ့ အစိုးရကြီး အမွေရလိုက်သည်က ခနော်ခနဲ့ ဈေးကွက်(ဝါ) ဈေးပျက်။ မည်သို့ပင်ဖြစ်စေ ဈေးကွက်အပေါ် လက်ဝါးကြီးအုပ်မှုနှင့် ဘက်လိုက်မှုများ တိုက်ဖျက်မည် (ဝါ) လာဘ်ထိုးမှု ကင်းစင်မည်။ ဈေးကွက်အတွင်း မကောင်းတာပယ်၊ ကောင်းတာကယ်မည်။

သို့သော် ဈေးကွက်ဆိုသည်က တစ်နံတစ်လျား ဘဝများ ဆက်စပ်နေသဖြင့် မကောင်းတာ ပယ်စဉ်၊ ကောင်းတာကပ်ရောက်တတ်သလို ကောင်းတာများကို သွယ်ဝိုက်ထိုးနှက်သည်များရှိတတ်ပါသောကြောင့် ကောင်းတာတည်ရင်း မကောင်းတာပယ်သွားနိုင်ရင် ပိုမိုကောင်းမည်ဟု တွေးမိပါသည်။

ခွင့်ပြုချက်မရှိသော အဆောက်အအုံများ ဆောက်လုပ်နေမှုကို ပိတ်ပင်လိုက်ချိန်မှာပင် ခွင့်ပြုချက်ချပေးနိုင်သော အဆောက်အအုံဆောက်လုပ်မှုတွေ မြန်မြန်ဆန်ဆန်ကြီး ခွင့်ပြုဆောက်လုပ်ပါက ပန်းရန်၊ လက်သမား၊ သံချည်သံကွေး၊ မီးရိုက်၊ ပိုက်သမားစသော အခြေခံလူတန်းစား သို့မဟုတ် ဈေးကွက်အတွင်း ဘဝရင်းရသူများ၊ သူ့မိသားစုများ ဝမ်းစာရပါမည်။

ထို့အပြင် ဈေးကွက်အတွင်း လူဆိုသည်က အမျိုးမျိုး၊ ဘာသာရေးဝန်ဆောင်မှု၌ ဥပုသ်စောင့်ရန် ဘုရားကျောင်းကန်သွားမည့်သူရှိသလို ပုထုဇဉ်လူတို့ဘဝ ညကလပ် သွားချင်သူလည်းရှိမည်။ မူးယစ်ဆေးဝါးနှင့် ဒုစရိုက်မှုများကို ထိန်းချုပ်လျက် ညကလပ်များ ဖွင့်လှစ်လည်ပတ်ပါက ဝန်ထမ်းတွေ၊ သီဆိုကပြဖျော်ဖြေသူတွေ အစားအသောက်ရောင်းသူ၊ စားပွဲထိုး၊ အငှားကားပြေးဆွဲသူ စသဖြင့် ညဈေးကွက်အတွင်းက ညဘဝများနှင့်အတူ ဆက်စပ်နေသော ကုန်စည်သွင်းမှု၊ ကုန်စည်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုစသော ဈေးကွက်အတွင်း တစ်နံတစ်လျား ဘဝများနှင့်အတူ မိသားစုဝမ်းရေးအေးပါမည်။

ဈေးကွက်အတွင်း ပွင့်လင်းသော လုပ်ကိုင်ခွင့်နှင့် ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှု၊ စက်ရုံအလုပ်ရုံ၊ ဝန်ဆောင်မှု စသည်တို့ များပြားတိုးတက်ကာ အလုပ်အကိုင်တွေ ပေါ်များလာပါက လမ်းဘေးဈေးသည်၊ မူးယစ်ဆေးဝါးရောင်းဝယ်သူ၊ ဒုစရိုက်သမား၊ စည်းကမ်းမဲ့သူ စသဖြင့် လျော့ပါးလာခြင်းသည် ကျွဲကူးရေပါဖြစ်လာပါမည်။

ဈေးကွက်ကို ဖန်တီးရမည်။ တည်ဆောက်ရမည်။ တိုးတက်ခိုင်မြဲအောင်လုပ်ရပါမည်။ ဈေးကွက်သည် ပွင့်လျက်၊ လည်လျက်၊ သွက်လျက်ရှိပါမှ စီးပွားရေးလည်ပါမည်။ စီးပွားရေးလည်ပါမှ စီးပွားဖြစ်ပါမည်။ မလွဲသာသည့်အဆုံးမှာတောင် ဈေးကွက်ကို အညင်သာဆုံး၊ အထိအခိုက်၊ အရှုအန အနည်းဆုံးဖြင့် ဂယ်ပေါက်ပေးစေချင်သည်။ သို့မှသာ နိုင်ငံရေးဈေးကွက် (Market) အတွင်း နိုင်ငံရေးဦးဆောင်မှု (Service)နှင့် ပြည်သူ (Consumer) ကြည်ဖြူနှစ်လုံးသင့်ပါမည်။

ဈေးကွက်သည် ဘဝသန်းပေါင်းခိုလှုံရာ ချစ်သူနယ်မြေမို့ **"ချစ်သူနယ်မြေသည်သာ ငြိမ်းချမ်းသာယာသော နယ်မြေ သစ္စာစကားထွန်းကားရာ ငြိမ်းချမ်းသာယာသောနယ်မြေ. . . ငြိမ်းချမ်းသာယာသော နယ်မြေ. . ."**။ ။

## နယ်လှည့်ဆေးကုသရေးအဖွဲ့ ရွှေပြည်သာမြို့နယ်၌ အခမဲ့ဆေးကုသပေး

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ကြီးမှူး၍ မင်္ဂလာဒုံတပ်နယ် နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ရွှေပြည်သာမြို့နယ် အမှတ်(၁၉) ရပ်ကွက်ရှိ မဟာဝိစိတ္တာရုံ ပရဟိတစာသင်တိုက်တွင် ဩဂုတ် ၁၃ ရက် နံနက် ၇ နာရီက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် ဆန် ၂၉ အိတ်၊ ဆီ ၁၀ ပိဿာတို့ကို ဆက်ကပ်လှူဒါန်းခြင်း၊ ဘုန်းတော်ကြီးကျောင်းများမှ ကြွရောက် သံဃာတော် ၁၈၂ ပါးနှင့် ရပ်ကွက်သူ ရပ်ကွက်သား ၅၆၅ ဦး စုစုပေါင်း ၇၄၇ ဦးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါများ စမ်းသပ်ပေးခြင်း၊ သားဖွားမီးယပ်ရောဂါများ၊ ကလေးလူနာများအား ဆေးဝါးကုသပေးခြင်း၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများ ရှာဖွေစမ်းသပ်ပေးခြင်း၊ အရိုးနှင့်သွားရောဂါများ စမ်းသပ်ကုသပေးခြင်း၊ အသံလှိုင်းရောဂါရှာဖွေခြင်း (ultra sound)၊ အထကခွဲ(၂)တွင် ခြင်၊ ယင်ဆေးများ ဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အာဆီယံကင်းထောက်အစည်းအဝေး တက်ရောက်ရန် မြန်မာနိုင်ငံအမျိုးသားကင်းထောက်ချုပ်နှင့်အဖွဲ့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၁၄**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် အာဆီယံကင်းထောက်အစည်းအဝေးတက်ရောက်ရန် မြန်မာနိုင်ငံ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် အဖွဲ့ဝင်ဦးမြင့်ဆွေတို့သည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာရာ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်နှင့် ကင်းထောက်ကြီးများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းအာဆီယံကင်းထောက်အစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်သည်။

ဩဂုတ် ၁၃ ရက်တွင် အာဆီယံကင်းထောက်အစည်းအဝေး၌ ကိုးနိုင်ငံမှ ကိုယ်စားလှယ်များက နိုင်ငံအလိုက် ယခင်ကင်းထောက်လှုပ်ရှားမှုများ ပြန်လည်သုံးသပ်ခြင်း၊ ဆက်လက်ဆောင်ရွက်မည့် ကင်းထောက်လုပ်ငန်းများဆွေးနွေးခြင်း၊ ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်မည့်အစီအစဉ်များ ဆွေးနွေးခြင်း၊ ဩဂုတ် ၁၄ ရက်တွင် (၁၀)ကြိမ်မြောက် အင်ဒိုနီးရှားနိုင်ငံ အမျိုးသားအဆင့် ကင်းထောက်တွေ့ဆုံပွဲ(ဂျန်ဘူရီ) ဖွင့်ပွဲ တက်ရောက်ခြင်းနှင့် ဩဂုတ် ၁၅ ရက်တွင် အာဆီယံအတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံခြင်းများ ဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။ **ကိုလတ်(သတင်းစဉ်)**



## လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မုံရွာ ဩဂုတ် ၁၄**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဒေသအနှံ့အပြားတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ ရက် နံနက် ၆ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်(၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို အမှတ်(၂၈) လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဆေးရုံဝင်းအတွင်း ချုံနွယ်များ ရှင်းလင်းခြင်း၊ ခွဲစိတ်ဆောင် ပတ်ဝန်းကျင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်း၊ ဆေးရုံဝင်းအတွင်းရှိ ရေတွင်းရေကန်များသန့်ရှင်းအောင် ဆောင်ရွက်ခြင်း၊ အမှိုက်ကျင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ရက် ၁၀၀ စီမံချက် အလွန်ကာလတွင်လည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို အမှတ်(၂၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး မြင့်ကျော်၊ ဌာနချုပ်တပ်ခွဲမှူး ယာယီရဲမှူး မိုးကျော်နိုင်တို့ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ဒေါက်တာ စည်သူနေမျိုးနှင့် ကျန်းမာရေးဝန်ထမ်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြပြီး ကံကုန်းကျေးရွာမှ ဦးမင်းသန့်ဇနီးဒေါ်နီလာဦး မိသားစုက ကြာဆံဟင်းခါး ကုသိုလ်ပြုခဲ့ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# ရန်ကုန်တိုင်းဒေသကြီးဥက္ကံမြို့၊ တိုက်ကြီးမြို့တို့ရှိရေဘေးရှောင်စခန်းများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် ဩဂုတ် ၁၄**

မိုးရွာသွန်းမှုများပြီးမြစ်ရေလျှံတက်မှုများကြောင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဥက္ကံမြို့ရှိမြသက်သာဘုန်းတော်ကြီးကျောင်း၌ ယာယီဖွင့်လှစ်ထားရှိသောရေဘေးရှောင်စခန်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဥက္ကံမြို့ဝန်းကျင်ဒေသတစ်ဝိုက်တွင် လှိုင်မြစ်ရေ စတင်လျော့နည်းလာပြီဖြစ်သော်လည်း ပြန်လည်အခြေချနေနိုင်ရန်အတွက် ရက်အနည်းငယ်လိုအပ်နေသဖြင့် ထောက်ပံ့မှုများဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရေဘေးရှောင်စခန်းများသို့ မလာရောက်ဘဲ ကျေးရွာများတွင် ကျန်ရှိနေခဲ့သည့် ပြည်သူများအတွက်လည်း ထောက်ပံ့မှုများစနစ်တကျရောက်ရှိရေးနှင့် ထောက်ပံ့မှုများကို မျှမျှတတရရှိနိုင်ရေးအတွက် တာဝန်ရှိသူများနှင့်ညှိနှိုင်းပေးခဲ့သည်။ ထို့နောက်ရေဘေးရှောင်ပြည်သူများအတွက် ထပ်မံထောက်ပံ့ငွေကျပ် ၅၃၂၇၇၀၀ နှင့် ထပ်မံပြောင်းရွှေ့ရောက်ရှိလာသောရေဘေးရှောင်မိသားစု ၇၉ စုအတွက် Family Kit များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုက်ကြီးမြို့ သာသနာ့ဗိမာန်ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ယာယီရေဘေးရှောင်စခန်းရှိပြည်သူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။ထို့နောက် ဆန်ဖိုး ခုနစ်ရက်စာထပ်မံထောက်ပံ့ငွေကျပ် ၃၀၇၀၂၀၀ နှင့် Family Kit ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများကလက်ခံရယူကြသည်။ မွေးကင်းစ (၃) လအောက်ကလေးမိခင် သုံးဦးကိုလည်း မိခင်အာဟာရဖြည့်တင်းရန်အတွက်ထောက်ပံ့ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ဥက္ကံမြို့နှင့် တိုက်ကြီးမြို့နယ်များရှိရေဘေးသင့်ပြည်သူများအတွက် စုစုပေါင်းရက်သတ္တနှစ်ပတ်စာ ဆန်ရိက္ခာပစ္စည်းများထောက်ပံ့ပေးပြီး ဖြစ်သည်။ အရေးပေါ်ကယ်ဆယ်ရေးနှင့်လူမှုအထောက်အကူပြုဖွံ့ဖြိုးရေးအသင်းကလည်း ဆန်၊ ရေသန့်နှင့် အခြားပစ္စည်းများကို လာရောက်လှူဒါန်းခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ကျင်းပသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ ရေဘေးသင့်ပြည်သူများအတွက် အလှူရှင် ၁၀ ဦးက လှူဒါန်းသည့် အလှူငွေကျပ် ၆၆၄ သိန်းနှင့်ဆေးပစ္စည်းများကိုလက်ခံရယူခဲ့သည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် သတင်းမီဒီယာများ တွေ့ဆုံပွဲကိုဆက်လက်ကျင်းပရာပြည်တွင်း၊ ပြည်ပသတင်းမီဒီယာ ၂၅ ခုနှင့် လူမှုအဖွဲ့အစည်းငါးဖွဲ့တို့ တက်ရောက်ခဲ့သည်။ သတင်းမီဒီယာများကသဘာဝဘေးကိစ္စရပ်များနှင့် ပတ်သက်၍ သိရှိလိုသည့်အချက်အလက်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီး ရေဘေးသင့်ကျေးရွာများသို့ အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဩဂုတ် ၁၃ ရက် နံနက် ၁၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သာစည်လမ်းမကြီးပေါ်ရှိ မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ Zayyar Trade Center သို့ရောက်ရှိပြီး တာဝန်ရှိသူများက အသေးစား၊ အလတ်စား ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအထက်ပိုင်းဖြစ်သော ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ခန္တီး၊ ကလေးမြို့များသို့ ရေလမ်းကြောင်းမှ ကုန်သွယ်မှုပြုနေသည့် မုံရွာမြို့ ကျောက်ဆောင်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက ကုန်ပစ္စည်းတင်ပို့နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မုံရွာမြို့ ကုန်သည်ပွဲစား၊ စက်ပိုင်များ မဟာကထိန်တော်အသင်းရုံး ကုန်စည်ဒိုင်ခန်းမ၌ ကျင်းပသော ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍတွင် အဓိကဆောင်ရွက်နေသည့် ပုဂ္ဂလိကကဏ္ဍမှ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းနှင့် သက်ဆိုင်သော အသင်းအဖွဲ့များ၊ နယ်စပ်ကုန်သွယ်ရေးအသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ ကုန်သွယ်မှုကဏ္ဍတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများ ညှိနှိုင်းပေါင်းစပ်ပေးရမည့် ကိစ္စရပ်များအား သိရှိလို၍ လာရောက်ရခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုတိုးမြှင့်ရေး၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများဖြစ်သော ကုန်သွယ်မှုလွယ်ကူ ချောမွေ့စေရေး၊ ကုန်သွယ်မှုအတားအဆီးများ ဖြေလျှော့ပေးရေး၊ ကုန်သွယ်မှုပညာပြန့်ပွားရေး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းခြင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးပုဂ္ဂလိကလုပ်ငန်းရှင်များကို မှန်ကန်ထိရောက်သော ဦးဆောင်မှုနှင့် ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးပါဝင်ဆောင်ရွက်စေပြီး နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးအတွက် ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးဒဏ်ခံစားခဲ့ရသည့် ကျေးရွာများအတွက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀အား အသင်းချုပ်ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းဥက္ကဋ္ဌ ဦးမျိုးမင်းက ပေးအပ်လှူဒါန်းရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက လက်ခံရယူသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များက ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ အားနည်းချက်၊အားသာချက်များအား ရှင်းလင်းတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မုံရွာမြို့ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးအစိုးရအဖွဲ့က ရေဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**ညောင်ဦး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ညောင်ဦးမြို့နယ်အတွင်းရှိ ရေဘေးရှောင်ပြည်သူအိမ်ထောင်စုများနှင့် တိရစ္ဆာန်များအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁ နာရီက ညောင်ဦးမြို့ တောင်ဘီလယ်ယားကျေးရွာ ကမ္ဘာ့ဘုန်းတော်ကြီးကျောင်း ယာယီမဏ္ဍပ်၌ ပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရေဘေးရှောင်ပြည်သူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်များနှင့် ပြည်သူများကြုံတွေ့နေချိန်တွင် မိမိတို့အစိုးရအဖွဲ့မှ ကူညီစောင့်ရှောက်ရမည့်တာဝန်ရှိကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်း သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းကာ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သို့ဖြစ်ရာ မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း မြို့နယ်အသီးသီးရှိ ရေဘေးရှောင်ပြည်သူများအတွက် ကူညီထောက်ပံ့မှု အစီအစဉ်များကို စနစ်တကျစီမံခန့်ခွဲ၍ လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ညောင်ဦးမြို့နယ်အတွင်းရှိရေဝင်နစ်မြုပ်ခဲ့သည့် ရပ်ကွက်/ကျေးရွာ ၂၄ ရွာမှ ရွှေ့ပြောင်းပြည်သူအိမ်ထောင်စုများနှင့် ရေဝင်နစ်မြုပ်ခဲ့သည့်ကျေးရွာခုနစ်ရွာမှ ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းအတွက် ထောက်ပံ့ပစ္စည်းတို့အပြင် ရေဘေးရှောင်ပြည်သူများနှင့်အတူ ရွှေ့ပြောင်းရသည့် ၎င်းတို့၏တိရစ္ဆာန်များအတွက် စပ်စာနှင့် သကာတုံးများ ထောက်ပံပေးခဲ့ရာ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်စုများမှအုပ်ချုပ်ရေးမှူးများက လက်ခံရယူသည်။ ယင်းသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကူညီထောက်ပံ့ပေးမှုနှင့်ပက်သက်၍ ရေဘေးရှောင်ကျေးရွာများမှ ပြည်သူများအားလုံးကိုယ်စား ဆယ်လံကျေးရွာမှ ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ရေဘေးရှောင်ပြည်သူများအတွက် ဆန် ၃၉၅အိတ်၊ ခေါက်ဆွဲခြောက် ၂၅၂၆ဖာ၊ ငါးသေတ္တာ ၂၇၈၇၆ ဘူး၊ ဆီပီသာ ၉၅၀၊ ရေသန့်ကတ် ၆၄၈၀၊ မုန့်မျိုးစုံ ၃၈၉ ထုပ်၊ ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းအတွက် ဆန် ၃၅ အိတ်နှင့် ခေါင်းအုံး ၂၁ လုံး စုစုပေါင်း လှူဒါန်းမှုတန်ဖိုးမှာ ငွေကျပ်သိန်း ၄၃၀၆၈၈၈၀ ဖြစ်ကြောင်း၊ ထို့အပြင် တိရစ္ဆာန်များအတွက် စပ်စာ ၁၂၀ အိတ်နှင့် သကာတုံး ၂၈၀၀ တို့ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

# ရောဝတီမြစ်ရေကြီးမှုကြောင့် မြေသားနိမ့်ကျသွားသည့်တာများအား သဲအိတ်နှင့်မြေဖို့ လုပ်အားပေးဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၄**

ရေကြည်မြို့နယ် သက်ရက်တောကျေးရွာရှိ ပင်မငဝန်ရေကာတာ မိုင်တိုင်အမှတ်(၅၃/၂-၃)အကြားရှိ ထပ်ပိုး ရေကာတာသည် ဩဂုတ် ၁၃ ရက် နံနက် ၁၁ နာရီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အလျား ပေ ၄၀၊ အနံပေ ၂၀၊ အမြင့် တစ်ပေခန့် မြေသား နိမ့်ကျသွားသဖြင့် ရေကြည်မြို့မရဲစခန်းမှ ဒုရဲအုပ် ဇော်မင်းသိဏ်း ဦးစီးအဖွဲ့သည် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၇၀ တို့က မြေဖို့ခြင်း၊ မိုးကာဖုံးခြင်းများ ဆောင်ရွက်ခဲ့သည်။

အလားတူ ဩဂုတ် ၁၃ ရက် မွန်းလွဲပိုင်းတွင် ကန်ကြီးထောင့်မြို့ အမှတ်(၁)ရပ်ကွက် ပဒေါင့်ပိုင်းလမ်း မြေသားနိမ့်ကျသွားမှုကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးအောင် ဦးစီး တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၇၀ ခန့်တို့ကလည်း သဲအိတ်များ ချကာ လမ်းပြုပြင်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ ရေဘေးသင့် ပြည်သူများအား ဆေးကုသမှုဆောင်ရွက်ပေးနေစဉ်။ (ရသစ)



ဥတု-အဖျောက် ကားလမ်းရေကျော်စဉ် တပ်မတော်သားများက ခရီးသွားပြည်သူများအား ကူညီဆောင်ရွက်ပေးစဉ်။ (မသစ/ရသစ)



တပ်မတော်သားများ တီးတိန်မြို့၌ ဆေးကုသမှုဆောင်ရွက်ပေးနေစဉ်။ (မသစ/ရသစ)



တပ်မတော်သားများ ရေဘေးသင့်ပြည်သူများအား လှေဖြင့် ကူညီရွှေ့ပြောင်းပေးနေစဉ်။ (မသစ/ ရသစ)


# ဝေါန်မြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၄**


ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်လေးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(ကြေးမုံ)

# ပုသိမ်နှင့် ငါးသိုင်းချောင်းမြို့များတွင် ဇူလိုင်လကုန်မှစ၍ စိုးရိမ်ရေမှတ်ကျော်လွန်လျက်ရှိ




ပုသိမ်မြို့ ဝေါန်မြစ်ရေအခြေအနေ (စင်တီမီတာ)




ငါးသိုင်းချောင်းမြို့ ဝေါန်မြစ်ရေအခြေအနေ (စင်တီမီတာ)

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

### သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်-လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၁. ၆၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း-ဖလမ်းမြို့ | ၁၉၅၄ | ၀. ၉၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း-ကလေးမြို့ | ၅၂၀၀၀ | ၂. ၂၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀. ၃၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး-ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀. ၂၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး-ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀. ၄၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး-ပဲခူးမြို့ | ၂၆၁၈၆ | ၁. ၀၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး-ပဲခူးမြို့ | ၁၈၉၁၂ | ၁. ၂၀' |
| ၉။ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး-ပဲခူးမြို့ | ၃၇၀၀ | ၀. ၄၀' |
| ၁၀။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး-ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀. ၈၂' |
| ၁၁။ | ဝဲကြီးရေလှောင်တမံ | ပဲခူး-ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀. ၅၀' |
| ၁၂။ | သဲကောရေလှောင်တမံ | ပဲခူး-လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀. ၇၀' |
| ၁၃။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး-မြို့သစ်မြို့ | ၂၅၀၀၀ | ၄. ၃၀' |
| ၁၄။ | မုန်းချောင်းရေလှောင်တမံ | မကွေး-စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၅. ၅၀' |
| ၁၅။ | မန်းချောင်းရေလှောင်တမံ | မကွေး-ငဖဲမြို့ | ၁၂၀၀၀၀ | ၁. ၁၀' |
| ၁၆။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး-ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆. ၆၀' |
| ၁၇။ | မြစ်သာရေလှောင်တမံ | မကွေး-ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁. ၂၀' |
| ၁၈။ | ဝါးပါးရေလှောင်တမံ | မွန်-သထုံမြို့ | ၄၁၅၀ | ၀. ၂၅' |
| ၁၉။ | ချောက်ချောင်းရေလှောင်တမံ | ရခိုင်-ကျောက်တော်မြို့ | ၁၁၄၀ | ၀. ၇၀' |
| ၂၀။ | မိုးရင်ရေလှောင်တမံ | ရှမ်းမြောက်-နမ္မတူမြို့ | ၂၅၉၀၀ | ၀. ၇၀' |
| ၂၁။ | နန်ကသူရေလှောင်တမံ | ဧရာဝတီ-အင်္ဂပူမြို့ | ၄၀၄၈၇ | ၀. ၂၀' |
| ၂၂။ | ကညင်ရေလှောင်တမံ | ဧရာဝတီ-အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁. ၈၀' |

(သတင်းစဉ်)

# လမ်းပေါ်နေကလေးများ၏ ကာကွယ်စောင့်ရှောက်ခွင့် အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဩဂုတ် ၁၄**

လမ်းပေါ်နေကလေးများ၏ ပြဿနာသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ဖြေရှင်းရန်လိုအပ်သော အရေးကြီးသည့်ပြဿနာဖြစ်သည့်အတွက် ဩဂုတ် ၁၁ ရက်တွင် ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသည် တိုင်းပြည်အတွက်အရေးကြီးသည့် ဆွေးနွေးပွဲဖြစ်ကြောင်း ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ Summit Park View ဟိုတယ်၌ ကျင်းပသည့် လမ်းပေါ်နေကလေးများ၏ ကာကွယ်စောင့်ရှောက်ခွင့်နှင့် စပ်လျဉ်း၍ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဖြိုးမင်းသိန်းက ပြောသည်။

"ဒီနေ့ပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲဟာ လမ်းပေါ်နေကလေးတွေကို နွေးထွေးမှုပေးနိုင်ဖို့ အသိပညာပေးနိုင်ဖို့ သူတို့တွေရဲ့ဘဝတွေကို လမ်းမှန်ပေါ်ပြန်ရောက်သွားဖို့ လိုပါတယ်။ လူကုန်ကူးမှုလုပ်ငန်းတွေမှာလည်း ဒီကလေးတွေကို အသုံးချနေတာတွေရှိပါတယ်။ တချို့အဓမ္မအလုပ်စေခိုင်းတာတွေခံနေရတဲ့အထိ ကလေးငယ်တွေရဲ့ဘဝတွေ ပေးဆပ်နေရတာတွေ ရှိပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပြည်တွင်းမှာလုပ်နေတဲ့ NGO အဖွဲ့အစည်းတွေပေါင်းစပ်ပြီး သူတို့ကို အသိပညာပေးဖို့ နွေးထွေးဖို့ အသိအမှတ်ပြုဖို့ ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲဆိုတဲ့ နည်းလမ်းမျိုးတွေ၊ တိုင်းဒေသကြီးအတွင်းမှာ ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲဆိုတာ စီမံချက်တစ်ရပ်ကို ဒီဆွေးနွေးပွဲကနေ ပေါ်ပေါက်လာစေရေးအတွက် ဆန္ဒပြုပါတယ်"ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။



အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က ကလေးသူငယ်အခွင့်အရေးများ သဘောတူစာချုပ် (CRC) နှင့် ဆက်နွယ်သောဥပဒေနှင့်ပြဋ္ဌာန်းချက်များ၊ ကလေးများအပေါ် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုဖြစ်စေသည့် အကြမ်းဖက်ခြင်းအမျိုးအစားများနှင့် အကြမ်းဖက်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ မလျော်မကန်ပြုမူခြင်း၊ လျစ်လျူရှုခြင်းတို့ကို တွေ့ကြုံခံစားရသော ကလေးသူငယ်များတွင် ဖြစ်ပွားတတ်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန္ဒာနွယ်ဟန်က "ဒီနေ့ဆွေးနွေးပွဲမှာ ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခုမှာရှိတဲ့ လမ်းပေါ်နေကလေး ၁၆၄ ဦးကို စစ်တမ်းကောက်ထားတဲ့ ကနဦးဆန်းစစ်ချက်ကရရှိတဲ့ တွေ့ရှိချက်တွေကို ဆွေးနွေးတယ်။ အခုဆို ကျန်းမာရေးဌာန တစ်ပတ်တစ်ရက် မိုဘိုင်းဆေးကုသရေးအဖွဲ့က လူမှုဝန်ထမ်းနဲ့ချိတ်ဆက်ပြီး လမ်းပေါ်နေကလေးတွေ ကျန်းမာရေးအတွက် ဆောင်ရွက်မယ်ဆိုတာ ဒီနေ့သိရတယ်။ တခြားပညာရေးအတွက် ဆောင်ရွက်တာတွေရှိမယ်။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတွေ့ရှိချက်တွေအားလုံး ဆောင်ရွက်ဖို့ဆိုရင် လူမှုဝန်ထမ်းတစ်ခုတည်းလုပ်လို့မရဘူး။ အားလုံးပေါင်းစပ်လုပ်မှရမှာပါ"ဟု ပြောသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံယူနီဆက်မှ ကိုယ်စားလှယ်ဌာနကြီးမှူး Mr. Aaron Greenberg နှင့် ယူနီဆက်မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းမှတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်ကြပြီး ယူနီဆက်၏ ဒေသတွင်းဆောင်ရွက်နေမှုများ၊ လမ်းပေါ်နေကလေးများအပေါ် ကာကွယ်စောင့်ရှောက်ခွင့် ဆောင်ရွက်ရာတွင် လတ်တလောဖြေရှင်းဆောင်ရွက်နေမှုများ၊ ကလေးများအပေါ် ဂေဟာသင်တန်းကျောင်းများ၏ သက်ရောက်မှုများကို သက်ဆိုင်ရာအဖွဲ့များက ဆွေးနွေးကြပြီး လမ်းပေါ်နေကလေးများအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

**သီသီမင်း**

## အာဟာရပညာရပ်ဆိုင်ရာဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၄**

အာဟာရပညာရပ်ဆိုင်ရာဟောပြောပွဲကို ဩဂုတ် ၂၀ ရက်တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park Building 10 ရှိ STI Myanmar University အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲတွင် ထိုင်းနိုင်ငံ အာဟာရပညာရှင်များအသင်း၏ ဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံ မဟီဒေါတက္ကသိုလ် အာဟာရပညာဌာန၏ ပညာရေးဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး Professor Chanida Pachotikarn က "Medical Nutrition Therapy in Chronic Kidney Disease" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အာဟာရပညာရှင် ဒေါက်တာဝင်းဝင်းမြင့်က "Diet, Nutrition and Cancer" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးကြမည်ဖြစ်သည်။

ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် နေ့စဉ်ဘဝတွင် အစားအစာနှင့် အာဟာရသည် အရေးကြီးလှသည်။ မြန်မာနိုင်ငံတွင် ဒေသတွင်းအခြားနိုင်ငံများနှင့်ယှဉ်လျှင် အာဟာရပညာရှင်အရေအတွက်မှာ လွန်စွာနည်းပါးလျက်ရှိသည်။ ဥပမာအားဖြင့် အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံတွင် အာဟာရအကြံပေးပညာရှင် (Dietitian) ၁၈၀၀ ရှိပြီး လူဦးရေတစ်သန်းတွင် Dietitian ၂၈ ဦးရှိသည်။ ဂျပန်နိုင်ငံတွင် Dietitian ၅၈၅၀၀ ရှိပြီး လူဦးရေတစ်သန်းတွင် ၄၅၆ ဦးရှိသည်။

အထူးသဖြင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များ၊ သက်ကြီးရွယ်အိုများ၊ အားကစားသမားများ၊ ရောဂါဝေဒနာရှင်များအတွက် အာဟာရပိုင်းဆိုင်ရာစောင့်ရှောက်မှု၊ အကြံပြုမှုများ ပြုလုပ်ပေးနိုင်ရန် ကျွမ်းကျင်သောအာဟာရပညာရှင်အမြောက်အမြား မြန်မာနိုင်ငံတွင် လိုအပ်လျက်ရှိသည်။

STI Myanmar University သည် ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဗြိတိန်နိုင်ငံ University of Bedfordshire နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပထမဆုံးဖြစ်သော အာဟာရပညာရပ်ဆိုင်ရာ ဘွဲ့လွန်သင်တန်းကို ယခုနှစ်အတွင်း သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်နှစ်တာကြာမြင့်မည်ဖြစ်ပြီး ဗြိတိန်နိုင်ငံ University of Bedfordshire မှ ပေးအပ်သောဘွဲ့လွန်ဒီဂရီဖြစ်သော M.Sc (Nutrition and Dietetics)ကို ရရှိမည့်အပြင် သင်တန်းပြီးဆုံးပါက ဗြိတိန်နိုင်ငံ Association for Nutrition (AfN) ၏ အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်မည်ဖြစ်သည်။

ယခုပြုလုပ်မည့် အာဟာရပညာရပ်ဆိုင်ရာ ဟောပြောပွဲသည် ထိုသင်တန်းကို အထောက်အကူဖြစ်စေရန်နှင့် ပြည်သူများအကြား အာဟာရဆိုင်ရာ အသိပညာတိုးပွားစေရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲကို စိတ်ပါဝင်စားသူများသည် STI Myanmar University တည်ရှိရာ Building 10 Phase 3 MICT Park လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၅၀၇၁၅၁၊ ၀၁-၅၀၇၁၅၂၊ ၀၁-၅၀၇၀၄၈ တို့သို့ ဆက်သွယ်၍ စာရင်းပေးသွင်းပြီး အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြစ်မ်းရောင်ကျေးရွာ စီမံကိန်းငွေစာရင်းသင်တန်းဖွင့်

**မန်စီ ဩဂုတ် ၁၄**

ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်မည့် မြစ်မ်းရောင်စီမံကိန်းကျေးရွာများမှကော်မတီဝင်များ မြစ်မ်းရောင်အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို စာရင်းဇယားများနှင့် စနစ်တကျ ကြီးကြပ်ပြုစုနိုင်စေရန်အတွက် မြစ်မ်းရောင်ကျေးရွာ စီမံကိန်းငွေစာရင်းသင်တန်းဖွင့်ပွဲကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့ရာ သင်တန်းနည်းပြအဖြစ် မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့် တာဝန်ကျဝန်ထမ်းများက နှစ်ရက်ကြာ သင်ကြားပို့ချခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကမ္ဘာ့နီဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအောင်မြင်ဖြစ်ထွန်း အပူပိုင်းဒေသအတွက် ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီး

**ညောင်ဦး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ကမ္ဘာနီဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ကမ္ဘာနီဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောသည် ညောင်ဦးမြို့၏ အရှေ့ဘက် နှစ်မိုင်ကျော်အကွာ ကျောက်ကူးအဆိုပြု ကြီးပြင်ကာကွယ်တောအတွင်း ကမ္ဘာနီကျေးရွာအနီးတွင် တည်ရှိသည်။

ယင်းဒေသ၏ ရာသီဥတုအခြေအနေသည် ၁၀ နှစ်အတွင်း ပျမ်းမျှမိုးရေချိန် ၂၄ ဒသမ ၆ လက်မ၊ ပျမ်းမျှအမြင့်ဆုံးအပူချိန် ၃၃ ဒသမ ၆၅ ဒီဂရီဖာရင်ဟိုက်နှင့် ပျမ်းမျှအနိမ့်ဆုံးအပူချိန် ၂၂ ဒသမ ၀၆ ဒီဂရီဖာရင်ဟိုက်တွင်ရှိသည်။ ထို့ကြောင့် ကမ္ဘာနီကျေးရွာလူထု (အသုံးပြုသူများအဖွဲ့)က သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံ (JIFPRO) အဖွဲ့၏ အကူအညီဖြင့် ကမ္ဘာနီဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း စီမံကိန်းအရ ၂၀၀၉ ခုနှစ်တွင် စတင်၍ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ဒေသခံကျေးရွာသားများနှင့် သစ်တောဦးစီးဌာနမှဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးပြီး ညှိနှိုင်းရွေးချယ်ကာ ကျေးရွာလူထု လုပ်ကိုင်လျက်ရှိသော



စိုက်ပျိုးမြေမှ ကင်းလွတ်သည့် မြေရိုင်းကို ရွေးချယ်စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

၎င်းအစုအဖွဲ့ပိုင် သစ်တောစိုက်ပျိုးရာတွင် ယူကလစ်၊ တမာ၊ ကုက္ကို၊ မဲဇလီ၊ ဒဟတ်နှင့် ရှားတို့ပါဝင်ပြီး ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း ၇၅ ဧက၊ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော စိုက်ခင်း ၇၅ ဧက စုစုပေါင်း ဧက ၁၅၀ ရှိကြောင်း သိရသည်။ ယခုကဲ့သို့ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်နေချိန်တွင် အပူပိုင်းဒေသအတွက် သစ်တောများနှင့် အစုအဖွဲ့ပိုင်သစ်တောများ တိုးချဲ့စိုက်ပျိုးရန် အထူးလိုအပ်လျက်ရှိသည်။

ထို့ကြောင့် အပူပိုင်းဒေသအတွက် အရေးပါသည့် သစ်ပင်၊ သစ်တောနှင့် အစုအဖွဲ့ပိုင်သစ်တောများကို ဒေသခံပြည်သူများအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန် အထူးလိုအပ်ပြီး အစုအဖွဲ့ပိုင် သစ်တောများအတွင်းသို့ ကားလမ်းများဖောက်လုပ်ခြင်း၊ ကျောက်များထုတ်ယူခြင်း၊ သဲများတူးဖော်သယ်ယူခြင်း၊ တောမီးများရှို့ခြင်း၊ သစ်တောနယ်များ အတွင်းသို့ လယ်ယာမြေများ တိုးချဲ့ထွန်ယက်လုပ်ကိုင်ခြင်းစသည့် သစ်တောများ ပြုန်းတီးစေနိုင်သည့် အပြုအမူများကို ဒေသနေပြည်သူများက အထူးရှောင်ရှားကြရမည်ဖြစ်သည်။

**မျိုးအောင်(ညောင်ဦး)**

## မိုးစပါး မြေဩဇာကြဲပက်ပွဲနှင့် ရွက်ဖျန်းအားဆေးစုပေါင်းပက်ဖျန်း

**ဘားအံ ဩဂုတ် ၁၄**

ကရင်ပြည်နယ် ဘားအံမြို့ မုက္ကဒိကျေးရွာ ကွင်းအမှတ် (၁၀၆၄) ရှိ တောင်သူခြောက်ဦးပိုင်ဆိုင်သော မိုးစပါး ၁၈ ဧက စိုက်ခင်းတွင် စိုက်ပျိုးပြီးလယ်မြေများ၌ တစ်ဧကအထွက်နှုန်းတိုးတက်ရရှိရေး မိုးစပါးစုပေါင်းမြေဩဇာကြဲပက်ပွဲနှင့် ရွက်ဖျန်းအားဆေးစုပေါင်းပက်ဖျန်းပွဲကို ဩဂုတ် ၁၃ ရက် နံနက် ၈ နာရီက ကျင်းပသည်။

စုပေါင်းမြေဩဇာကြဲပက်ပွဲနှင့် ရွက်ဖျန်းအားဆေးစုပေါင်းပက်ဖျန်းပွဲသို့ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာနေ တောင်သူများ တက်ရောက်ကြပြီး မိုးများသည့်အတွက် အပင်အာဟာရဖြစ်စေရန် ပုလဲ တစ်ဆ၊ သဘာဝမြေဩဇာ သုံးဆ ရောနှောထားသော မြေဩဇာများ စုပေါင်းကြဲပက်ပြီး ရွက်ဖျန်းအားဆေးကို ပက်ဖျန်းခဲ့ကြောင်း သိရသည်။

ပုလဲဓာတ်မြေဩဇာသည် အငွေ့ပျံဆုံးရှုံးရာတွင် မြန်သည့်အတွက် ပုလဲဓာတ်မြေဩဇာ လေလွင့်ဆုံးရှုံးမှုနည်းစေရန် သဘာဝမြေဩဇာနှင့် ရောနှော၍ ကြဲပက်ရခြင်းဖြစ်ပြီး မုက္ကဒိကျေးရွာတွင် မိုးစပါးစိုက်ဧက ၉၃၀ ရှိကြောင်း သိရသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ပြည်နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများသည် မုက္ကဒိအထက်ကျောင်းကြီး ဓမ္မာရုံ၌ တောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာများ ရှင်းလင်းပြောကြားရာ တောင်သူများက ကျေးရွာနှင့်ပတ်သက်၍ လိုအပ်သည်များ တင်ပြခဲ့ကြပြီး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဘီးလင်းမြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ထုတ်ပေး

**ဘီးလင်း ဩဂုတ် ၁၄**

ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်အရ ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ကျေးရွာမြေငှားဂရန် (မြေငှားစာချုပ်)များ ထုတ်ပေးခြင်းကို ဩဂုတ် ၁၃ ရက်က မြို့နယ်အောင်ဇေယျခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးက အဖွင့်အမှာစကားပြောကြားပြီး သထုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူးတို့က မြေငှားဂရန်ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အနိုင်းပွန်ကျေးရွာအုပ်စုရှိ ကျေးလက်နေပြည်သူများ၏ လက်ဝယ်သို့ မြေငှားဂရန် (မြေငှားစာချုပ်)များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်တွင်းရေးရာ

**✱ ကျောဖုံးမှ**

တစ်နာရီကို ၇၀၀ ကီလိုဝပ် ထွက်ပါမယ်။ အဲဒီထွက်လာတဲ့ လျှပ်စစ်ဓာတ်အားကနေ ၄၀၀ ကီလိုဝပ်ကို စက်ရုံလည်ပတ်ဖို့အတွက် ပြန်သုံးမှာဖြစ်ပြီးတော့ ၃၀၀ ကီလိုဝပ်ကို မဟာဓာတ်အားလိုင်းကိုထည့်သွင်းပြီး ပြန်လည်ရောင်းချဖို့ လုပ်သွားပါမယ်။ အမှိုက်မီးရှို့စက် ပုံမှန်လည်ပတ်ဖို့အတွက် မင်္ဂလာဒုံမြို့နယ်က နေ့စဉ်ထွက်ရှိတဲ့ အမှိုက် ၇၂ တန်ကို အသုံးပြုသွားဖို့လုပ်ထားပါတယ်။ ဒီအတွက်လည်း မင်္ဂလာဒုံမြို့နယ်အတွင်းမှာ အမှိုက်စွန့်ပစ်မှုပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ အဓိကကတော့ မီးလောင်နိုင်တဲ့အမှိုက်နဲ့ မီးမလောင်နိုင်တဲ့အမှိုက်ဆိုတာမျိုးတွေ ခွဲခြားစွန့်ပစ်နိုင်ဖို့နဲ့ မပျက်မကွက်သိမ်းဆည်းပေးနိုင်ဖို့အတွက်ပါ”ဟု ဒေါက်တာအောင်မြင့်မော်က ရှင်းပြသည်။

အဆိုပါစက်ရုံကို ဂျပန်နိုင်ငံနှင့် အစိုးရချင်းချိတ်ဆက်ကာ ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး ကုန်ကျမှုစရိတ်ကို ဂျပန်နိုင်ငံနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ တစ်ဝက်စီကျခံဆောင်ရွက်သွားမည့်စီမံကိန်းတစ်ခုဖြစ်ကာ ကုန်ကျစရိတ်စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၆ သန်းခန့်ဖြစ်ကြောင်း သိရသည်။

“ဒီအစီအစဉ်က ဂျပန်နိုင်ငံအစိုးရက နှစ်စဉ် ဒေါ်လာသန်း ၁၀၀ ကို အာဆီယံ ၁၀ နိုင်ငံကို ထောက်ပံ့ပေးတဲ့ အစီအစဉ်ကနေ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒေါ်လာသန်း ၅၀ ကို အခြေခံအဆောက်အအုံပိုင်းဆိုင်ရာတွေမှာ သုံးစွဲနေပြီး ဒေါ်လာသန်း ၅၀ ကို ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာတွေမှာ သုံးစွဲနေပါတယ်။

ဒီထောက်ပံ့မှုအစီအစဉ်ကို ၂၀၁၃ ခုနှစ်က ချိတ်ဆက်မိပြီး အဆိုပြုလွှာတင်ခဲ့ရာကနေ အောင်မြင်ခဲ့ပြီးတော့ ပူးတွဲစတင်အကောင်အထည်ဖော်ဖြစ်ခဲ့တာပါ။ အကျိုးကျေးဇူးအနေနဲ့ကတော့ နည်းပညာပိုင်းဆိုင်ရာတွေရရှိလာမှာဖြစ်သလို စွန့်ပစ်အမှိုက်ကနေ စွမ်းအင်ထုတ်နိုင်မှာပါ။ အမှိုက်သိမ်းဆည်းမှု၊ စွန့်ပစ်မှုနဲ့ပတ်သက်ပြီး နိုင်ငံတော်တော်များများလည်း စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ငွေကုန်ကြေးကျလည်း များပါတယ်။ အခုလက်ရှိ စုပုံစွန့်ပစ်တဲ့စနစ်က မြေကြီးပေါ်မှာပုံခြင်းကြောင့် ရေထု၊ လေထု၊ မြေထုညစ်ညမ်းပါတယ်။ ရာသီဥတုတွေ ပြောင်းလာတယ်။ ကမ္ဘာကြီး ပူနွေးလာတယ်။ မြေနေရာ ရှားပါးလာတယ်။ ညစ်ညမ်းမှုတွေကို လျှော့ချနိုင်ဖို့ Waste to Energy တွေ အကောင်အထည်ဖော်သင့်တယ်။ တစ်ရက်ကို တန် ၂၀၀၀ ကျော် အမှိုက်ထွက်ရှိနေတဲ့အတွက် ခရိုင်အလိုက် Waste to Energy စက်ရုံတွေ ဆောင်ရွက်သင့်တယ်။ တန် ၂၀၀၀ ကို လုပ်ရင် လျှပ်စစ် ၅၅ မဂ္ဂါဝပ်ရမယ်။ ခေတ်မီနည်းပညာ သုံးရမယ်။ အခုထက် ပိုသန့်ရှင်းမယ်”ဟု ဒေါက်တာအောင်မြင့်မော်က ပြောသည်။

အဆိုပါ အမှိုက်မှ စွမ်းအင်ထုတ်လုပ်မည့် စက်ရုံလည်ပတ်ချိန်တွင် စက်ရုံအနီး သုံးရက်စာ လည်ပတ်နိုင်မည့် အမှိုက်များကိုစုပုံထားရှိနိုင်သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်မြို့နယ်များအတွင်း စွန့်ပစ်အမှိုက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက သိမ်းဆည်းဆောင်ရွက်လျက်ရှိပြီး နေ့စဉ် အမှိုက်တန်ချိန် ၂၀၀၀ ကျော်သိမ်းဆည်းနေကြောင်း အဆိုပါဌာနမှ သိရသည်။ အဆိုပါအမှိုက်များကို အဓိကစွန့်ပစ်နေသည့် အမှိုက်ပုံကြီး နှစ်နေရာ၊ အမှိုက်ပုံအသေးလေးနေရာတို့တွင် စုပုံစွန့်ပစ်လျက်ရှိသည်။ အဆိုပါ အမှိုက်ပုံကြီး နှစ်နေရာတွင်လည်း အမှိုက်မှ စွမ်းအင်ထုတ်စက်ရုံတည်ဆောက် အကောင်အထည်ဖော်နိုင်ရန် စီမံကိန်းလျာထားမှုများရှိပြီး အကောင်အထည်မပေါ်သေးကြောင်း သိရသည်။ လက်ရှိတွင် ရန်ကုန်မြို့၏ နေ့စဉ်ထွက်ရှိသော စွန့်ပစ်အမှိုက်များကြောင့် မြေနေရာလိုအပ်ချက် မြင့်မားလာနေကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

**(ဆုနှင်းလဲ့)**

## စပါးစိုက်ခင်းများ ရေဝင်နစ်မြုပ်မှုမရှိစေရေး စက်ယန္တရားဖြင့် တူးဖော်

**ရေတာရှည် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ညောင်ပင်သာကျေးရွာအုပ်စုအတွင်းရှိ မိုးစပါးစိုက်ခင်းများသည် နှစ်စဉ်လိုလို ရေကြီးရေလျှံမှုများဖြစ်ပေါ်သည့်အခါတိုင်း ရေဝင်နစ်မြုပ်လေ့ရှိသည်။ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ရေလျှံမှုကြောင့် ရေနစ်မြုပ်ခြင်း မရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားများဖြင့် ညောင်ပင်သာကျေးရွာနှင့် ဘတ်အင်းကုန်း ကျေးရွာအကြားရှိ ရေမြောင်းအား တူးဖော်လျက်ရှိသည်ကို တွေ့ရသည်။



ရေထွက်မြောင်းများ၊ အမှိုက်များ ပိတ်ဆို့နေခြင်းအပြင် တံတားရေထွက်ပေါက်များ ကျဉ်းမြောင်းခြင်းကြောင့် မိုးဆက်တိုက်ရွာသွန်း၍ ရေများဝင်ရောက်လာသည့်အခါ ရေထွက်နှုန်းနှေးကွေးကာ စပါးစိုက်ခင်းများအတွင်း ရေဝင်နစ်မြုပ်ရခြင်း ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

“ကျွန်တော်တို့ တောင်သူတွေအနေနဲ့ အောက်ဘက်ပိုင်းတွေအထိ မြောင်းတွေချဲ့ထွင်နိုင်ဖို့ တောင်သူအားလုံးညှိနှိုင်းပြီး တင်ပြဖို့ရှိပါတယ်။ ဒီဘက်ကနေ လိပ်ကျယ်ချောင်းထဲအထိ ရေစီးအားကောင်းသွားပြီဆိုရင် နောင်နှစ်တွေမှာ လယ်တွေရေနစ်မြုပ်တာ ရှိတော့မှာမဟုတ်ပါဘူး”ဟု အင်းပက်လက်ကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

## ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအဝင်ကွေ့၌ ၁၂ ဘီးယာဉ်နှစ်စီးတိုက်မိ

**ပြင်ဦးလွင် ဩဂုတ် ၁၄**

ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအဝင်ကွေ့၌ ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက လားရှိုးဘက်မှလာသောအဆင်း ၁၂ ဘီးယာဉ်နှင့် မန္တလေးဘက်မှ လာသော အတက် ၁၂ ဘီးယာဉ်တို့ တိုက်မိရာ အဆင်းယာဉ်မောင်း ဒဏ်ရာများရရှိပြီး ယာဉ်အသွားအလာများ ယာယီစောင့်ဆိုင်းခဲ့ရသည်။ အဆိုပါ ၁၂ ဘီးယာဉ်နှစ်စီးတိုက်မိမှုကြောင့် ပုံမှန် ယာဉ်ကြီးယာဉ်ငယ်များနှင့် ပိတ်ချင်းမြောင်သို့ လာရောက်ကြသည့် ဘုရားဖူးယာဉ်များပါပေါင်းစုံမိ၍ နောင်ချိုမြို့နယ် အစမှ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပိတ်ချင်းမြောင်၊ ဝက်ဝံနှင့် မြိုင်ကြီးရွာအဆုံးအထိ နှစ်ဖက်ယာဉ်တန်းရှည်ကြီးဖြစ်သွားခဲ့ရသည်။

ယင်းဖြစ်ပွားရာသို့ ပြင်ဦးလွင်ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးဝင်းသိန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ရောက်ရှိပြီး နှစ်ဖက်ယာဉ်တန်းရှည်ကြီးများအား စနစ်တကျမောင်းနှင်သွားလာနိုင်ရန်အတွက် ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြရာ ညနေ ၃ နာရီခွဲခန့်တွင် ယာဉ်ကြောရှင်းလင်းသွား၍ ပုံမှန်အတိုင်းသွားလာနိုင်ကြပြီ ဖြစ်ကြောင်း သိရသည်။။

အလားတူ ဂုတ်တွင်းကားလမ်း ကျောက်မဲဘက်ခြမ်းမှ ခြောက်ထပ်ကွေ့၌ ဩဂုတ် ၁၂ ရက် ည ၉ နာရီခန့်က အဆင်းကုန်တင်တွဲကားကြီး တစ်စီးတိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ တိမ်းမှောက်ခဲ့သည့်တွဲကားကြီးအား ကျောက်မဲယာဉ်ထိန်း တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးချစ်စိန်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းဖယ်ရှားပေးခဲ့ပြီး ဩဂုတ် ၁၃ ရက် နံနက် ၅ နာရီခွဲတွင် နှစ်ဖက်အတက်၊ အဆင်းယာဉ်များ သွားလာနိုင်ရန် စနစ်တကျစီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။

**(သီပေါကိုလတ်)**

**○ MNL ပွဲစဉ်မှ**

လူစုံအသုံးပြုခဲ့သည်။ ဒုတိယနေရာအတွက် အမှတ်လိုနေသည့် မကွေးအသင်းသည် အဝေးကွင်းတွင် ရှမ်းယူနိုက်တက်ကို အပြန်အလှန်ကစားနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အပြန်အလှန်ကစားနိုင်ခဲ့ပြီး နှစ်သင်းစလုံး အခွင့်အရေးများ အသုံးမချနိုင်သောကြောင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး ဂိုးရရှိရေးအတွက် ကြိုးပမ်းခဲ့ရာ အကြိတ်အနယ်ရှိခဲ့သည်။ မကွေးအသင်းသည် ရှမ်းဂိုးပေါက်ကို ပိုမိုခြိမ်းခြောက်နိုင်ခဲ့သော်လည်း ရှမ်းခံစစ်ပိုင်း အမှားအယွင်းမရှိခဲ့သလို ပင်နယ်တီရနိုင်သည့် အခွင့်အရေးတစ်ကြိမ်ကိုလည်း ကွင်းလယ်ဒိုင်က ငြင်းဆန်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဂိုးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့သောကြောင့် သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ချင်းယူနိုက်တက်နှင့် Southern အသင်းတို့ ဂိုးမရှိ သရေကျသွားသည်။

အောင်ဆန်းကွင်း၌ကျင်းပသောပွဲတွင် Horizon အသင်းနှင့် ရခိုင်အသင်း တစ်ဂိုးစီ သရေကျခဲ့သည်။ တန်းဆင်းအန္တရာယ်ရှိနေသည့် ရခိုင်အသင်းရော Southern အသင်းပါ သရေကျခဲ့သောကြောင့် လက်ကျန်တစ်ပွဲအလိုတွင် ရခိုင်အသင်းက တန်းဆင်းဇုန်မှလွတ်ရန် သေချာသလောက်ရှိသွားပြီဖြစ်သည်။ ရခိုင်အသင်းသည် Southern အသင်းထက် သုံးမှတ်အပြင် ဂိုးကွာခြားချက်တွင်လည်း များစွာအသာရထားရာ နောက်ဆုံးပွဲတွင် ရှုံးပွဲကြုံတွေ့သည့်တိုင် တန်းဆင်းဇုန်မှလွတ်ရန် အခြေအနေကောင်းနေခြင်းဖြစ်သည်။


ပွဲစဉ်(၂၁) အပြီးတွင် ချန်ပီယံ ရတနာပုံအသင်းက ၅၁မှတ်၊ မကွေးအသင်းက ၃၉ မှတ်၊ ရန်ကုန်အသင်းက ၃၆ မှတ်၊ ဧရာဝတီအသင်းက ၃၄ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၃၃ မှတ်၊ ဇေယျာရွှေမြေအသင်းက ၃၂မှတ်၊ ဟံသာဝတီအသင်းက အမှတ် ၃၀ ၊ ဇွဲကပင်အသင်းက ၂၅ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၂၄ မှတ်၊ ရခိုင်အသင်းက ၁၇ မှတ်၊ Southern အသင်းက ၁၄ မှတ်၊ Horizon အသင်းက ခုနစ်မှတ် ရရှိထားသည်။ ရန်ကုန်နှင့် ဇေယျာရွှေမြေအသင်းသည် ပွဲ ၂၀ စီသာ ကစားရသေးသည်။


**(ရှိုင်းထက်ဇော်)**

❑



ရထားရဲတပ်ဖွဲ့အမှတ် (၃) တပ်ဖွဲ့ခွဲ(ရန်ကုန်) ကွပ်ကဲမှုအောက်ရှိ ရထားရဲတပ်ဖွဲ့ အမှတ် (၁၂) တပ်ခွဲ သယ်န်းကျွန်းရထားရဲစခန်းမှူး ရဲအုပ်ခင်မောင်သိန်းဦးစီးအဖွဲ့သည် ဒဂုံတက္ကသိုလ်ဘူတာရုံပိုင် ဦးမြင့်စိုးလွင်နှင့်အဖွဲ့၊ ဒဂုံအရှေ့ပိုင်းမြို့နယ် အမှတ်(၁၃၀) အုပ်ချုပ်ရေးမှူးဦးမြင့်ဝေ ဦးစီးအဖွဲ့တို့နှင့်ပူးပေါင်း၍ ရန်ကုန်ဘူတာမှ ဒဂုံတက္ကသိုလ်ဘူတာသို့ထွက်ခွာသည့် မြို့ပတ်လော်ကယ်ရထားများပေါ်တွင် ကျောင်းသား ကျောင်းသူများအား မူခင်းကျဆင်းရေးဆွေးနွေးခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်စဉ်။ (ရထားရဲတပ်ဖွဲ့)





(ငြိမ်းချမ်းရေးကာတွန်းပြပွဲ-၂၀၁၆ တွင် ပြသထားသော ကာတွန်းများမှ ခွင့်ပြုချက်အရဖော်ပြခြင်းဖြစ်ပါသည်။)

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၅- ၈ -၂၀၁၆ (တနင်္လာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-တေးဂီတအစီအစဉ်
၆း၂၅ ကာတွန်းအစီအစဉ် "Garfield Gets Real" (အပိုင်း-၂)
၇း၀၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ" (အပိုင်း-၆၂)
၇း၄၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ကိုယ့်ဘဝ ကိုယ့်အိပ်မက်" (အပိုင်း-၂၂)
၈း၂၅ MRTV Entertainment Music
၉း၀၅ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၉း၂၀ ပြည်သူ့နီတိ "အချက်မသိတော့"
၉း၄၅ မြန်မာ့ရိုးရာကစားနည်းများ (အပိုင်း-၃)
၉း၅၀ ဆန်းသစ်လှပ မြန်မာအက
၁၀း၀၅ မြန်မာဗွီဒီယိုဇာတ်လမ်း "ဝက်သက်"
၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉း၃၅ "တောင်ပြုံးပွဲတော်တွင် မီးရထားပြေးဆွဲပေးနေမှု"
၉း၄၀ "ရှေ့ဆက်လှမ်းမည့် ခြေလှမ်းများ"
၁၀း၃၅ The Farmer
၁၁း၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၅၆)
၁း၃၀ ဆယ့်နှစ်လရာသီ အငြိမ့်သဘင် "ဝါခေါင်လ"(စာရေးတံမဲပွဲ) (မင်းသမီး-ခိုင်မာလွင်၊ လူရွှင်တော်-အာရှဟားအဖွဲ့) (ဒါရိုက်တာ-ဇာဂနာ)
၂း၄၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ "နောက်နှောင်းဆီက ကောက်ကြောင်းဂီတ" (ဂီတရိပ်သာ)(အပိုင်း-၁၆၆)
၃း၃၅ Tasty Trip
၄း၁၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄း၃၅ လှမှုစီးပွားမြင်ကွင်းများ
၅း၃၅ Yes or No Talk Show (Physical Library or Digital Library)(Part-3)
၆း၃၅ ဥပဒေရေးရာအဖြာဖြာ "အသိတစ်ခုဂရုပြု" (ဦးစံပေါ၊ နေသစ်ခန့်၊ ဝေဖြိုးဟိန်း)(ဒါရိုက်တာ-ဝေဠု(ဝသန်)
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၇၉)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း၊
-မျက်မှောက်ရေးရာသုံးသပ်စရာ
-နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၅၇)
-နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်တဲ့လား"(အပိုင်း-၃၃)
"နေဝင်အလှများ" (အဆိုတော်မာမာအေးနှင့် တွေ့ဆုံခြင်း)(အပိုင်း-၄)

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၈း၁၅ ရွှေဟောင်းသုတ
၈း၂၀ DVD Hits
၉း၁၀ နှစ် (၇၀) ကျော်ကြားတေးများ
၉း၂၀ ကျန်းမာသုတ
၉း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၁၀း၀၀ Casual Talk
၁၀း၁၅ အစွန်းလွတ်ရာဆီသို့
၁၀း၂၅ မေးမြန်းစူးစမ်း
၁၀း၄၅ သီချင်းလက်ဆောင်
၁၁း၁၀ မြန်မာ့ရှုခင်း
၁၁း၂၅ ပျိုပျိုမေ
၁၁း၃၅ Cooking Art
၁၂း၀၀ အောင်မြင်ကျော်ကြား ဓာတ်ပြားရတေးများ
၁၂း၃၀ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂း၄၅ Guide For You
၄း၂၀ စိုက်ပျိုးသုတ
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ကျွန်တော် အပိုင်း(၄၆)
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရှက်ဦးရဲ့ ချစ်ပန်းသခင် အပိုင်း(၄၆)
၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မြစ်တစ်စင်းရဲ့အလကာ် အပိုင်း(၃၇)
- ဘောလုံးကန်ကြမယ်
-ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အဏ္ဏဝါချစ်သူ (အပိုင်း-၁၃)

### MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော် + ရတနာသုတ်
၅း၄၀ "ပဋိစ္စသမုပ္ပါဒ်သင်တန်း" (အပိုင်း-၈) တရားတော် [ဆရာတော် အရှင်သူရိယ (ရှမ်းစုအောင်စကြာ)]
၈း၀၀ "မင်္ဂလာပါ" The Morning Show
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ သွားမယ် စားမယ် (Thai Express Restaurant)
၃း၅၅ Cartoon Series (Welcome To Sky Ville)
၅း၃၀ Food & De'cor
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၃၄)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို" (အပိုင်း-၂၈)
၈း၁၅ Drive It
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၈၁)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိမိန်းမလှလေး" (အပိုင်း-၁၁)
၉း၅၅ အနုပညာမိုးကောင်းကင်
၁၀း၂၀ MRTV-4 Stage
၁၀း၄၀ World of Knowledge (Witness-Japan Disaster)

# ယခုနှစ်ကုန်ပိုင်းတွင် အဖွဲ့ဖျက်သိမ်းမည်ဟု တရားဝင်ကြေညာခဲ့သည့် ဂျပန်အမျိုးသားပေါ့ပ်အဖွဲ့ SMAP

ဂျပန်နိုင်ငံရဲ့ ပေါ်ပြူလာဖြစ်တဲ့ idol အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး အာရှရဲ့အင်အားအကြီးဆုံး ပေါ့ပ်အဖွဲ့တစ်ဖွဲ့လို့ တင်စားလို့ရတဲ့ ဂျပန်ပေါ့ပ်အဖွဲ့ SMAP ဟာ ၂၅ နှစ်ကြာ အောင်မြင်မှုတွေရရှိခဲ့သော်လည်း ယခုနှစ်ကုန်ပိုင်းမှာ ဖျက်သိမ်းမှာဖြစ်ပြီး အဲဒီအဖွဲ့က တေးသံရှင်တွေအနေနဲ့ တစ်ကိုယ်တော်လှုပ်ရှားမှုတွေကိုသာ အသားပေးဆောင်ရွက်ကြတော့မှာ ဖြစ်တယ်လို့ ဩဂုတ် ၁၄ ရက်နေ့ထုတ် ဒေသတွင်းသတင်းတွေမှာ ဖော်ပြထားပါတယ်။

Sports Music Assemble People (SMAP) အဖွဲ့အနေနဲ့ ယခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှာ အဖွဲ့ကိုဖျက်သိမ်းမှာဖြစ်ပြီးတော့ ပါဝင်တဲ့အဖွဲ့ဝင် ငါးဦးအနေနဲ့ကတော့ လက်ရှိအေဂျင်စီနဲ့ ဆက်လက်လက်တွဲပြီး တစ်ကိုယ်တော်ဂီတလှုပ်ရှားမှုတွေကိုသာ ဦးစားပေးဆောင်ရွက်သွားမှာဖြစ်တယ်လို့ SMAP ရဲ့ အေဂျင်စီက ဆိုပါတယ်။


အဖွဲ့၏ မန်နေဂျာဖြစ်သူ Michi Ijima က ယခုနှစ် ဇန်နဝါရီလက နုတ်ထွက်ခဲ့ပြီးသည့် နောက်ပိုင်း SMAP အနေဖြင့် အဖွဲ့ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ကာ အခုလိုအဖွဲ့ဖျက်သိမ်းခဲ့ရတဲ့အတွက်ကြောင့် အဖွဲ့အနေနဲ့ ပရိသတ်တွေကို တောင်းပန်ခဲ့တယ်လို့လည်း သိရပါတယ်။



SMAP အဖွဲ့ဟာ ၁၉၈၈ ခုနှစ်ကတည်းက အဖွဲ့ဝင်ခြောက်ဦးနဲ့ ဂီတလောကကို စတင် လျှောက်လှမ်းခဲ့ကြတာဖြစ်ပြီး ၁၉၉၁ ခုနှစ်မှာ ပထမဆုံးအယ်လ်ဘမ်ကို ဖြန့်ချိခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်မှာ အဖွဲ့ဝင် Katsuyuki Mori က ပထမဆုံးနုတ်ထွက်ခဲ့တာဖြစ်ပြီး သီချင်းပေါင်းမြောက်မြားစွာနဲ့ ဂီတသက်တမ်း(၂၅)နှစ်တာမှ အောင်မြင်မှုတွေ ရယူနိုင်ခဲ့ပါတယ်။

တစ်ချိန်က အာရှဒေသတစ်လွှားမှာ အောင်မြင်ခဲ့တဲ့ SMAP ရဲ့ အောင်မြင်မှုတွေကြောင့် တစ်ချိန်က တရုတ်-ဂျပန်-တောင်ကိုရီးယားရဲ့ သံတမန်ရေးရာလုပ်ငန်းတွေဆောင်ရွက်ဖို့ သံတမန်များအဖြစ် ဆောင်ရွက်စေခဲ့တယ်လို့သိရပါတယ်။ ဒါ့အပြင် ၂၀၁၁ ခုနှစ်အတွင်းက ဆယ်စုနှစ်အတွင်း ပထမဆုံးအကြိမ်အနေနဲ့ တရုတ်နိုင်ငံကို သွားရောက်လည်ပတ်ခဲ့ပြီး ပေကျင်းမှာ ကျင်းပခဲ့တဲ့ ဂီတဖျော်ဖြေပွဲကိုလည်း တက်ရောက်သူ လေးသောင်းကျော်ရှိခဲ့တယ်လို့ သိရပါတယ်။

လက်ရှိမှာ အသက်(၃၉)ကနေ (၄၃)နှစ်ကြားမှာရှိတဲ့ ကျန်ခဲ့တဲ့ အဖွဲ့ဝင်ငါးဦးမှာလည်း သူတို့ရဲ့သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်မှုတွေ မတူကြတော့ တီဗွီဒရမ်မာနှင့် သရုပ်ဆောင်လိုင်းစသည်ဖြင့် ကွဲပြားမှုတွေလည်းရှိနေခဲ့သော်လည်း လာမယ့် ၂၀၂၀ ခုနှစ် တိုကျိုအိုလံပစ်အားကစားပွဲတော်မှာတော့ ပါဝင်ကူညီသွားမှာဖြစ်တယ်လို့ သိရပါတယ်။




# အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဖျော်ဖြေပွဲများ ကျင်းပသွားမည့် SEVENTEEN အဖွဲ့

ကေပေါ့ပ်အဖွဲ့ SEVENTEEN အနေဖြင့် ၎င်းတို့အဖွဲ့၏ ပထမဆုံးအကြိမ် အာရှပစိဖိတ်ခရီးစဉ်အဖြစ် Shining Diamonds ဟု အမည်ပေးထားသည့် ဂီတဖျော်ဖြေပွဲများကို တတိယမြောက်အဖြစ် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဩဂုတ် ၂၀ ရက် ညနေပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ယင်းခရီးစဉ်၏ တတိယမြောက်ဖျော်ဖြေပွဲကို ကျင်းပမည်ဖြစ်ပြီး စင်ကာပူနှင့် မလေးရှားနိုင်ငံတို့တွင် ကျင်းပခဲ့ပြီးဖြစ်ကာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်လည်း ဖျော်ဖြေပွဲများဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်ကမှ ဂီတလောကကို စတင်လျှောက်လှမ်းခဲ့သည့် အဆိုပါအဖွဲ့အနေဖြင့် ပထမဆုံးစတူဒီယိုအယ်လ်ဘမ် Love & Letter ကို ယခုနှစ် ဧပြီလအတွင်းက ဖြန့်ချိခဲ့ပြီးဖြစ်သည်။

# ၁၀ လအတွင်း ယူကျူတွင် ကြည့်ရှုသူသန်း ၈၀ ကျော်ရှိခဲ့သည့် တေးယွန်း၏ သီချင်းသစ်

ကေပေါ့ပ်အဖွဲ့နှင့်အပြင် တစ်ကိုယ်တော်ဂီတလှုပ်ရှားမှုများကိုလည်း အားတက်သရော လှုပ်ရှားဆောင်ရွက်လာခဲ့သူ ကေပေါ့ပ်အဖွဲ့ Girls' Generation မှ တေးယွန်း၏ တစ်ကိုယ်တော်တေးသီချင်း 'I သည် ထွက်ရှိပြီး ၁၀ လအကြာတွင် ယူကျူ၌ ကြည့်ရှုသူပေါင်း သန်း ၈၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

တေးယွန်းကိုယ်တိုင် ရေးစပ်သီဆိုထားသည့် အဆိုပါတေးသီချင်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းက ဖြန့်ချိခဲ့ပြီး ယင်းသီချင်းတွင် ရက်ပ်ပါ Verbal Jint နှင့်အတူ သီဆိုထားသည်။ တေးယွန်းအနေဖြင့် မကြာခင်က ကျင်းပပြီးစီးခဲ့သည့် ဆိုးလ်ဂီတဆုပေးပွဲတွင် Popularity Award ဆုအတွက် ဆန်ခါတင်ရွေးချယ်ခံရပြီး Bonsang Award ဆု လက်ခံရရှိခဲ့ကြောင်း သိရသည်။



မျိုးစန္ဒာမောင် - စုစည်းသည်



# တိုက်စစ်မှူး နေမာ အိုလံပစ်ပြိုင်ပွဲ၏ ပထမဆုံးဂိုးသွင်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဘရာဇီးအသင်း တက်လှမ်း

ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲတွင် တိုက်စစ်မှူးနေမာသည် ဘရာဇီးအသင်းအတွက် အိုလံပစ်ပြိုင်ပွဲ၏ပထမဆုံး သွင်းဂိုးကို စတင်သွင်းယူနိုင်ခဲ့သည်။

တိုက်စစ်မှူးနေမာသည် ဘရာဇီးအသင်းနှင့် ကိုလံဘီယာအသင်းတို့ယှဉ်ပြိုင်ကစားခဲ့သည့် အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ယင်းပွဲစဉ်တွင် ဘရာဇီးအသင်းက ကိုလံဘီယာအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းအတွက် ပွဲကစားချိန် ၁၂ မိနစ်တွင် အလွတ်တည်ကန်ဘောမှ တစ်ဆင့် တိုက်စစ်မှူး နေမာက တစ်ဂိုးနှင့် ပွဲကစားချိန် ၈၃ မိနစ်တွင် လူအန်တို့က သွင်းယူပေးခဲ့သည်။

ဘရာဇီးအသင်းသည် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သောကြောင့် ဆီမီးဖိုင်နယ်အဆင့်တွင် ဟွန်ဒူးရပ်စ်အသင်းနှင့် ဩဂုတ် ၁၇ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အိုလံပစ်ပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲတွင် အခြားသောဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဂျာမနီအမျိုးသားအသင်းနှင့် နိုင်ဂျီးရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(ငွေကြယ်)

# ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် မန်ယူနှင့် လီဗာပူးအသင်း အနိုင်ရရှိ

မန်ယူအသင်းသည် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီ၏ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် ဘုန်းမောက်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရာသီအဖွင့်လှခဲ့ပြီဖြစ်သည်။

မန်ယူအသင်းသည် ရာသီအဖွင့်ပွဲစဉ်တွင် ကွင်းလယ်ကစားသမား မာတာ၊ တိုက်စစ်မှူး ရွန်းနီနှင့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်တို့၏ သွင်းဂိုးများဖြင့် ဘုန်းမောက်အသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ရာသီအဖွင့်ပွဲစဉ်တွင် ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူခဲ့သည့် ကစားသမားများကို ထည့်သွင်းကစားစေခဲ့သော်လည်း ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်းဖြင့် ခေါ်ယူထားခဲ့သည့် ကွင်းလယ်ကစားသမားပေါ့ဘာမှာ ပါဝင်လာခဲ့ခြင်းမရှိခဲ့ပေ။

မန်ယူအသင်း ရာသီအဖွင့်ပွဲစဉ်တွင် ဦးဆောင်ဂိုးစတင်ရရှိရန် ကွင်းလယ်ကစားသမား မာတာက ဘုန်းမောက်အသင်း၏ ကစားသမားများကို ကျော်ဖြတ်ကာ ရယူနိုင်ခဲ့ပြီး မန်ယူအသင်း၏ ဒုတိယဂိုးတွင်လည်း တိုက်စစ်မှူးရွန်းနီက အနီးကပ်ခေါင်းတိုက်သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းအတွက် တတိယမြောက်ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် အလွတ်တည်ကန်ဘောတွင် ဂိုးမရရှိခဲ့သော်လည်း ပွဲကစားချိန် ၆၄ မိနစ်တွင်မူ ဂိုးပေါက်နှင့် ၂၅ ကိုက် အကွာမှ ဂိုးရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သည်။



ဘုန်းမောက်အသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၆၉ မိနစ်တွင် စမစ်က သွင်းယူပေးခဲ့သည်။ မန်ယူအသင်းသည် ရာသီအဖွင့်တွင် သွင်းဂိုး သုံးဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်းကြောင့် အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ပြီဖြစ်သည်။

အခြားပွဲစဉ်တစ်ပွဲဖြစ်သည့် အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ ပွဲစဉ်တွင် လီဗာပူး အသင်းက အာဆင်နယ်အသင်းကို လေးဂိုး - သုံးဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

(ငွေကြယ်)

# ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အာဂျင်တီးနားနှင့်အတူ မက်ဆီပါဝင်လာမည်

ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီသည် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များအဖြစ် ဥရုဂွေးအသင်း၊ ဗင်နီဇွဲလားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များတွင် အာဂျင်တီးနားအသင်းနှင့်အတူ ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး မက်ဆီသည် ၂၀၁၆ ကိုပါအမေရိကဖလားနောက်ဆုံးဗိုလ်လုပွဲတွင် ချီလီအသင်းအား ရှုံးနိမ့်ခဲ့ရခြင်းကြောင့် နိုင်ငံလက်ရွေးစင်အဖြစ်မှ အနားယူမည်ဟု တရားဝင်ကြေညာခဲ့သူဖြစ်သည်။ သို့သော် လက်ရှိတွင် နိုင်ငံအသင်းတွင် ပြန်လည်ကစားမည်ဖြစ်သည်။ ထိုသို့ အာဂျင်တီးနားအသင်းတွင် တိုက်စစ်မှူး မက်ဆီ ပြန်လည်ပါဝင်ခွင့်ရရှိခဲ့သော်လည်း ဂျူဗင်တပ်တိုက်စစ်မှူး ဟီဂူအင်မှာမူ အာဂျင်တီးနားအသင်းတွင် ပါဝင်ခွင့်မရရှိခဲ့ဘဲ ချန်လှပ်ခံခဲ့ရသည်။

လက်ရှိတွင် ဥရုဂွေးအသင်း၊ ဗင်နီဇွဲလားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်များအတွက် ကစားသမား ၂၇ ဦးအထိ အာဂျင်တီးနားအသင်း ရွေးချယ်ထားခဲ့သည်။

ရွေးချယ်ထားသည့် ကစားသမားစာရင်းတွင် အဂူရို၊ ဒိုင်ဘာလာ၊ ဒီမာရီယာ၊ လာမယ်လာ၊ ပတ်စတိုး၊ အော်ဂတ်စတိုဖာနန်ဒက်ဇ်၊ မာရှည်ယာနို၊ အော့တမန်ဒီ၊ ဇာဘလက်တာ၊ ဒီမီချီလစ်၊ မားကိုစ်ရိုဂျို၊ ဘစ်ဂ်လီဂါတို့အပြင် ဂိုးသမား ဆာဂျီယိုရိုမီရိုတို့လည်း ပါဝင်လာခဲ့ကြောင်း သိရသည်။

(ငွေကြယ်)

## ၂၀၁၆ ရီယို အိုလံပစ်ပြိုင်ပွဲ ထိပ်ဆုံးနိုင်ငံ ၂၀ ၏ ဆုရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၂၄ | ၁၈ | ၁၈ | ၆၀ |
| ၂ | တရုတ် | ၁၃ | ၁၁ | ၁၇ | ၄၁ |
| ၃ | ဗြိတိန်နှင့် မြောက်အိုင်ယာလန် | ၁၀ | ၁၃ | ၇ | ၃၀ |
| ၄ | ဂျာမနီ | ၈ | ၅ | ၃ | ၁၆ |
| ၅ | ရုရှား | ၇ | ၁၀ | ၈ | ၂၅ |
| ၆ | အီတလီ | ၇ | ၇ | ၅ | ၁၉ |
| ၇ | ဂျပန် | ၇ | ၃ | ၁၄ | ၂၄ |
| ၈ | ဩစတြေးလျ | ၆ | ၇ | ၉ | ၂၂ |
| ၉ | တောင်ကိုရီးယား | ၆ | ၃ | ၄ | ၁၃ |
| ၁၀ | ပြင်သစ် | ၅ | ၈ | ၆ | ၁၉ |
| ၁၁ | ဟန်ဂေရီ | ၅ | ၃ | ၃ | ၁၁ |
| ၁၂ | နယ်သာလန် | ၃ | ၂ | ၃ | ၈ |
| ၁၃ | စပိန် | ၃ | ၀ | ၂ | ၅ |
| ၁၄ | နယူးဇီလန် | ၂ | ၆ | ၀ | ၈ |
| ၁၅ | ကနေဒါ | ၂ | ၂ | ၈ | ၁၂ |
| ၁၆ | ကာဇက်စတန် | ၂ | ၂ | ၃ | ၇ |
| ၁၇ | ဘယ်လ်ဂျီယံ | ၂ | ၁ | ၁ | ၄ |
| ၁၈ | ဆွစ်ဇာလန် | ၂ | ၁ | ၁ | ၄ |
| ၁၉ | ထိုင်း | ၂ | ၁ | ၁ | ၄ |
| ၂၀ | ခရိုအေးရှား | ၂ | ၁ | ၀ | ၃ |

မှတ်ချက် -
၁၄-၈-၂၀၁၆ရက် မြန်မာစံတော်ချိန် ည-၁၁း၃၀ နာရီ ရလဒ်များဖြစ်ပါသည်။

# အိုလံပစ်ပြိုင်ပွဲ၏ မီတာ ၁၀၀၀၀ ပြိုင်ပွဲ၌ မိုဖာရာ ရွှေတံဆိပ်ဆု ဆွတ်ခူး

ဗြိတိန်ကိုယ်စားပြု တာဝေးအပြေးသမား မိုဖာရာသည် ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ၏ မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲတွင် ၂၇ မိနစ် ၅ စက္ကန့်ဖြင့် အနိုင်ရဗိုလ်စွဲကာ ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ တာဝေးအပြေးသမား မိုဖာရာသည် ယခုအိုလံပစ်ပြိုင်ပွဲ၏ မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် အိုလံပစ်ပြိုင်ပွဲမှ ရွှေတံဆိပ်ဆုသုံးကြိမ်မြောက်အထိ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

မိုဖာရာသည် မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် လက်ရှိချန်ပီယံအဖြစ် ဆက်လက်ရပ်တည်နိုင်ရန်လည်း ဩဂုတ် ၁၇ ရက်တွင် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မိုဖာရာသည် ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် မီတာ ၅၀၀၀ အပြေးပြိုင်ပွဲမှ ရွှေတံဆိပ်ဆွတ်ခူးထားခဲ့သူဖြစ်သည်။

မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆွတ်ခူးနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းလည်း တာဝေးအပြေးသမား မိုဖာရာက ပြောသည်။

အိုလံပစ်ပြိုင်ပွဲ၏ မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲတွင် ကင်ညာနိုင်ငံသား ပေါလ်တာနျူအီက ငွေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့ပြီး အီသီယိုးပီးယားနိုင်ငံသား တာမီရက်တိုလာက ကြေးတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။

(ငွေကြယ်)

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ မန္တလေး၌ ကျင်းပ

**မန္တလေး ဩဂုတ် ၁၄**

ထူးချွန်သောဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် ကမ္ဘောဇဘဏ်မှ အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (တတိယ) ပွဲစဉ်အား ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရေတံခွန်တောင် ဂေါက်ကွင်းတွင်ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်ဂေါက်သီးအားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁၀) တီခုံတွင် နေရာယူကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဝင်းဘိုရှိန်၊ မန္တလေးတိုင်းဒေသကြီး မြို့တော်ဝန် ဒေါက်တာရဲလွင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ KBZ Group of Companies ကိုယ်စား ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နှင့် မြန်မာပီဂျီအေ ဥက္ကဋ္ဌ ဦးကိုကိုအေးတို့က အလှည့်ကျဂေါက်သီးရိုက်ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ပြီး ပထမနေ့ (၁၈) ကျင်း ပြိုင်ပွဲ စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် ပညာရှင်အဆင့် ၃၅ ဦး၊ ဝါသနာရှင် အဆင့် ၁၂၅ ဦး (အမျိုးသား)၊ ဝါသနာရှင်အဆင့် ၂၀ (အမျိုးသမီး) စုစုပေါင်း ၁၈၀ ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

ဖိုးသော်ဇင်

# 199 Call Center သို့ ပေးပို့ခဲ့သည့်သတင်းကြောင့် စိတ်ကြွဆေးပြားများနှင့် ဓားလက်နက်များ သိမ်းဆည်းရမိ

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင် ဖွင့်လှစ်ထားရှိသည့် ဖုန်းသတင်းလက်ခံဌာန 199 Call Center သို့ တာဝန်သိပြည်သူတစ်ဦးက မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့သဖြင့် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် သာကေတနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သတင်းစုံစမ်း အတည်ပြုခဲ့သည်။



စုံစမ်းချက်အရ သာကေတမြို့နယ် ၁၀/တောင်(၁၂)ရပ်ကွက် အေးနန္ဒာအိမ်ရာနေ စည်သူမှာ ၎င်း၏အပေါင်းပါများနှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲနေကြောင်း သိရသဖြင့် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် သာကေတနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရာတွင် သာကေတနယ်မြေရဲစခန်း၏ မူးယစ်ဆေးဝါးအမှုမှတရားခံပြေး ဘိုဘို(ခ)ဖြိုးဝေဝင်း (၂၆) နှစ်နှင့်အတူ မောင်မောင်သက် (၂၇)နှစ်၊ မဟန်နီစိုး(၁၈) နှစ်တို့သုံးဦးကို WY စာတန်းပါ စိတ်ကြွဆေးပြား ၉၀၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပိုက်တပ်ထားသော အချိုရည်ဘူးများ၊ ခဲပြားများ၊ ခဲပြားတပ်ထားသည့် ပိုက်များ၊ မီးခြစ်များနှင့် ငွေကျပ် ၃၂၀၀၀၊ လက်ကိုင်ဖုန်းသုံးလုံးနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သည့်အပြင် နေအိမ်ခန်းအတွင်းမှ ဓားရှည် ခုနစ်လက်၊ ဓားဦးချွန်တစ်ချောင်းနှင့် စတီးပိုက်လုံးတပ် လှံချွန်တစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသည့် ဘိုဘို(ခ)ဖြိုးဝေဝင်း၊ မောင်မောင်သက်၊ မဟန်နီစိုးနှင့် စည်သူ(စုံစမ်းဆဲ)တို့ လေးဦးကို မယ (ပ) ၂၀/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉ (က)/၂၀ (က)/၂၁ ဖြင့်လည်းကောင်း၊ ဘိုဘို(ခ)ဖြိုးဝေဝင်း၊ မောင်မောင်သက်နှင့် စည်သူ (စုံစမ်းဆဲ)တို့သုံးဦးကို (ပ)၈၆၁/၂၀၁၆ လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း သာကေတနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူခဲ့ပြီး စည်သူကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**(ကြေးမုံ)**

# ကြာအင်းဆိပ်ကြီးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၄**

နယ်မြေခံတပ်နှင့် သုံးဆူနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက်က ကြာအင်းဆိပ်ကြီးမြို့နယ် သုံးဆူမြို့ အနောက်မြောက်ဘက် သုံးမိုင်ခန့်ရှိ ရွာသစ်ကျေးရွာနေ နိုင်မွန်အောင်၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်ဇနီး မရွှေမိကိုတွေ့ရှိပြီး အိုက်စ် ၄၂ ဒသမ ၃ ဂရမ်၊ M 16 သေနတ်သုံးလက်၊ ကျည်အိမ် ခုနစ်ခု၊ SEA HAWK ပွိုင့် ၄၅ ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်တစ်ခု၊ ပွိုင့် ၃၂ ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ၅ ဒသမ ၅၆ ကျည် ၅၁၁၅ တောင့်၊ ၇ ဒသမ ၆၅ ကျည် ၁၅ တောင့်၊ ပွိုင့် ၄၅ ကျည် ၂၅ တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ မြန်မာငွေကျပ် ငါးသိန်းနှင့် မော်တော်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီး-မိတ္ထီလာကားလမ်း ဟဲဟိုးမြို့အနီး မိုင်တိုင်အမှတ်(၉၈)တွင် တောင်ကြီးဘက်မှ ဟဲဟိုးဘက်သို့ စိုးအောင်မောင်းနှင်ပြီး ထွန်းရီလိုက်ပါလာသည့်မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀၀ ကို လည်းကောင်း၊ ထို့အတူ ဩဂုတ် ၁၂ ရက်က မူးယစ်တပ်ဖွဲ့စု (၃၄)ကော့သောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်ကျော်စိုး၏



နိုင်မွန်အောင်(ခ)ဝင်းအောင်နှင့် မရွှေမိတို့နှစ်ဦးကို သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့်အတူတွေ့ရစဉ်။

နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ သန်းထွန်းအောင်ကို တွေ့ရှိပြီး မူးယစ်ဆေးဝါး မတွေ့ရှိသော်လည်း စစ်ဆေးချက်အရ အောင်ကျော်စိုး ငှားရမ်းထားသည့် အေးရိပ်ငြိမ် ရပ်ကွက် ခုဝံ(၁)လမ်း အမှတ်(၁၀၉၉) နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား၂၁၆၅ ပြား နှင့် ရေစိုနေသည့် စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၄၀ ဂရမ်တို့ကို သိမ်းဆည်းရမိသည်။ မူးယစ်တပ်ဖွဲ့စု (၄၀)ရန်ကုန် (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်သာယာမြို့နယ် (၅)ရပ်ကွက် မဟာဆွေ(၂)လမ်း မ-၄၆၇/၄၆၈၊ စံပါယ်အောင်အဆောင် အခန်း(၁၄)နေ မအေးအေးငြိမ်း၏အခန်းကိုရှာဖွေရာ ၎င်းနှင့်အတူ မသန္တာအောင်ကို တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၉၀ သိမ်းဆည်းရမိသည်။ စစ်ဆေးချက်အရ အစ်မတော်စပ်သူ မမေသဇင်ဦး နေထိုင်သည့် စံပါယ်အောင်အဆောင် အခန်း(၄၀)ကို ဆက်လက်ရှာဖွေရာ ၎င်းနှင့်အတူ ကိုထက်ကို တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၃ ပြားကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်-နေပြည်တော်အမြန်လမ်း ရေငန်းမြောင်တဲစုနှင့် တောင်ငူ-သံတောင်(၄)မိုင်စစ်ဆေးရေးဂိတ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ကျပ်သိန်း ၁၀၀၀ ကျော်ဖိုး သိမ်းဆည်းရမိ

**ရေတာရှည် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူတပ်ဖွဲ့နှင့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့ မှုခင်းအကူဌာနမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၂ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က ရေတာရှည်မြို့နယ်ကိုဖြတ်သန်းသွားသည့် ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်း မိုင်တိုင်(၁၈၄/၁)အနီး ရေငန်းမြောင်တဲစု ရက္ခန်းစင်-ယင်ကွဲ



တင်လှိုင်(ခ)အောင်ကြည်နှင့် ဇနီး ဒေါ်တင်အေး။

တောင်စိုက်ကွင်း အမှတ်(၂၅)ရှိ ကိုတင်လှိုင်(ခ)ကိုအောင်ကြည်နေအိမ်၌ မူးယစ်ဆေးဝါးများရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ ကိုတင်လှိုင်(ခ)ကိုအောင်ကြည်နှင့် ဇနီး ဒေါ်တင်အေး(၅၁)နှစ်တို့ကို ဧည့်ခန်း၌အသင့်တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ သစ်သားစားပွဲပေါ်မှ အပြာရောင်ပလတ်စတစ်များဖြင့်ထည့်ထားသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၅၈ ပြား၊ အစိမ်းရောင် ၂၂ ပြားနှင့် ဆေးရှူရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့၍ မြို့လှနယ်မြေရဲစခန်း၌ မယ(ပ)၂/၂၀၁၆ မူး/စိတ်ပြောင်း ဥပဒေပုဒ်မ ၁၅/၁၉ (က)/၂၁ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တောင်ငူမြို့နယ် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စောသန်းလွင် ဦးစီးတပ်ဖွဲ့ဝင်များသည် တောင်ငူ အမှတ်(၃)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ဩဂုတ် ၁၄ ရက် နံနက် ၁ နာရီခွဲခန့်က တောင်ငူ-သံတောင်သွားကားလမ်း(၄) စစ်ဆေးရေးဂိတ်တွင် သတင်းအရ စောင့်ဆိုင်းပြီး လှိုင်ကော်ဘက်မှတောင်ငူဘက်သို့ ဂျန်ဂျေး(ခ)ဇော်လွင်ဦး ရွာသစ်ကျေးရွာ မိုးကောင်းအုပ်စု တောင်ငူမြို့နေသူ မောင်းနှင်လာသောယာဉ် ကို စစ်ဆေးရာ ၎င်းနှင့် ဖားသူ(ခ)ဖားထူး သာယာကုန်းလမ်း(၂၃)ရပ်ကွက်နေသူ တို့နှစ်ဦးမှာ ထွက်ပြေးသွားခဲ့ပြီး ယာဉ်ပေါ်တွင်လိုက်ပါလာကြသည့် မြင့်သူ(ခ)အကြီးကောင် ဥယျာဉ်စုကျေးရွာ မဟာင်အုပ်စု တောင်ငူမြို့နယ်နှင့် ကိုထူး(ခ)ကျော်ဇင်ဦး ရွာသစ်ကျေးရွာ မိုးကောင်းအုပ်စု တောင်ငူမြို့နယ်နေသူတို့ နှစ်ဦးကိုဖမ်းဆီးရမိခဲ့သည်။ ယာဉ်ကို ဆက်လက်စစ်ဆေးရှာဖွေခဲ့ရာ WY စာတန်းပါ စိတ်ကြွဆေး အပြား ၂၀၀၀ စီးပါ ၁၀ ထုပ် စုစုပေါင်းဆေးပြား ၂၀၀၀၀ ခန့်နှင့် လေသေနတ်တစ်လက်၊ ဓားရှည် နှစ်ချောင်း၊ ငွေကျပ် ၂၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့၍ တောင်ငူအမှတ်(၃)နယ်မြေရဲစခန်းတွင် မယ(ပ)၃/၂၀၁၆ မူး/စိတ်ပြောင်းဥပဒေပုဒ်မ ၁၅/ ၁၉(က)/၂၀(က)/၂၂(ခ)/၂၁ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



မြင့်သူ(ခ)အကြီးကောင်၊ ကိုထူး(ခ)ကျော်ဇင်ဦး။

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၈) မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်း တာဝန်ယူဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါတံတားများတွင် အသုံးပြုရန်လိုအပ်သည့် ဘိလပ်မြေ၊ မြေဖယောင်း၊ သံချောင်းလုံး၊ ကျောက်၊သဲ၊ သစ်စသည့် တည်ဆောက်ရေးပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-
(က) ပန်ဇင်းချောင်းတံတား(ဘူးသီးတောင်-ရသေ့တောင်လမ်း)၊ ဘူးသီးတောင်မြို့နယ်။
(ခ) ငရဲကင်းတံတား(ရမ်းဗြဲ၊ ကျောက်နီမော်လမ်း)ရမ်းဗြဲမြို့။
(ဂ) စိုင်းဒင်ချောင်းတံတား(ဘူးသီးတောင်-ရသေ့တောင်လမ်း)၊ ဘူးသီးတောင်မြို့နယ်။
၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တံတားအထူးအဖွဲ့(၈) တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။
၃။ တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်များကို
ဒုညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကြပ်စင်တံတားစီမံကိန်း၊ မင်းပြားမြို့နယ်တွင် ၁၅-၈-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၄။ တင်ဒါစတင်ရောင်းချမည့်ရက် - ၁၅-၈-၂၀၁၆ရက်မှ ၃၀-၈-၂၀၁၆ရက်ထိ နေ့စဉ် ၉း၃၀AM မှ ၄း၀၀ PM အတွင်း
တင်ဒါဖွင့်မည့်နေရာ - စီမံကိန်းရုံး၊ ကြပ်စင်တံတား၊ မင်းပြားမြို့နယ်
တင်ဒါဖွင့်မည့်ရက် - ၁-၉-၂၀၁၆ ရက်၊ မွန်းလွဲ ၁ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၄၀၂၆၇၅၈၅၃၊ ၀၉-၄၄၀၀၇၈၁၁၃၊ ၀၉-၄၀၂၆၉၅၃၇၅**

**အလုပြင်ဆိုင်တစ်ဆိုင်လုံးရောင်းရန်**

- ပေ(၁၀×၅၀)၊ (၄)ခန်းတွဲ၊ RC နှစ်ထပ်တိုက်၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ (ဆိုင်ငှားရမ်းခတစ်နှစ်စာရှင်းပြီးသား)၊ ရေမီးစုံ၊ မီးစက်+အဲယားကွန်းတပ်ဆင်ပြီး ညှပ်၊ လျှော်၊ ဆိုး၊ ဖြောင့်၊ ကောက် ကျွမ်းကျင်သောဝန်ထမ်း Ready (၆) ယောက်ရှိ၊
- ဈေးနှုန်း ကျပ်သိန်း (၁၅၀)

နေရာ - လမ်းထောင့်×လမ်းမကြီး၊ ကားမှတ်တိုင်နှင့်နီး၊ ကျောင်းနှင့်နီး၊
**(နေရာ အလွန်ကောင်း)**
* အမှန်တကယ်ဝယ်လိုသောသူသာ ဆက်သွယ်ရန် *
**ဖုန်း-၀၉-၇၇၄၇၄၁၉၆၈**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် န/၇၉၈၅၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

**uefMufEkluni;alufm**

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂ဂျီ-၁)၊ မြေကွက်အမှတ်-၄၄၉၊ စီ°) မြေကွက်တည်နေရာအမှတ်(၁)၊ မိုးမခလမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒုတိယဗိုလ်မှူးကြီး အံ့ကျော်(အငြိမ်းစား) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက်သည် ၂၆-၄-၂၀၁၆ ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်စန်းနွဲ့ (ခ) မလုံး[၁၂/ကမတ(နိုင်)၀၄၅၄၂၂] ကိုယ်စား ၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာ(၅၃၉၉/၂၀၁၆) ရရှိသော (သမီး) ဒေါ်မျိုးမျိုး [၁၂/ကမတ(နိုင်)၀၀၁၀၈၇]က ဒေါ်စန်းနွဲ့(ခ)မလုံးသည် မြေအမည်ပေါက်၏ တရားဝင်ဇနီးဖြစ်ပြီး၊ အမွေဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ၊ မြေအမည်ပေါက်၏ သေဆုံးမှုလက်မှတ်နှင့် ယင်းမြေ၏ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အနောက်)၊ မြေကွက်အမှတ်-၂၁(က)၊ မြေကွက်တည်နေရာအမှတ် (၂၁/က)၊ မြေနီ(၁)လမ်း၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးတင်ဝင်း [၁၂/သကတ(နိုင်)၀၂၁၄၁၈]၊ ဒေါ်ခင်ဝင်း [၁၂/သကတ(နိုင်)၀၃၄၄၆၄]အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ဝင်း၊ ဒေါ်ခင်ဝင်းထံမှ အရောင်းစာချုပ်-၄၄၈၄/၁၂ (၁၃-၉-၂၀၁၂)ဖြင့် ဝယ်ယူသူဦးစိုင်းသန်းထွန်းမြင့်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၉၂၉/၁၅)ရသူ ဒေါ်တင်အေးမှ ဂရန်ပျောက်ဆုံးကြောင်းကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်(မိတ္တူမှန်)တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**အများသိသာရန်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ်(၁၂၂) နေ ဦးဝင်းဖေ (KTN-၀၀၂၄၁၉)နှင့် ဒေါ်ဝင်းကြည် [၁၂/ကတန(နိုင်)၀၁၄၆၆၃]တို့သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူ အကြင်လင်မယားဖြစ်ကြပြီး၊ သမီး(၂)ဦး ထွန်းကားခဲ့ကြပါသည်။ ဦးဝင်းဖေသည် ၂၈-၁၂-၂၀၁၁ ရက်တွင် ကွယ်လွန်သွားသဖြင့် ကျန်ရစ်သူဇနီး ဒေါ်ဝင်းကြည်သည် ဗုဒ္ဓဘာသာ၊ မြန်မာဓလေ့ ထုံးတမ်းအရ တစ်ဦးတည်းသော အမွေခံအမွေစားဖြစ်ပါကြောင်း အများသိစေအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးမြစိုးဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၈၁)**
**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

# ကော့သောင်းမြို့မှ ထိုင်းနိုင်ငံသို့ တရားဝင်ရောင်းချသည့်ငါးများ ဈေးနှိမ်ခံရ

**ကော့သောင်း ဩဂုတ် ၁၄**

ကော့သောင်းမြို့မှ ရေလုပ်ငန်းလုပ်ကိုင်သည့် ငါးဖမ်းလှေလုပ်သားများ ထိုင်းနိုင်ငံ ငါးဈေးကွက်သို့တရားဝင် ငါးများသွားရောက်ရောင်းချရာတွင် ယခုရက်ပိုင်းအတွင်း ငါးဈေးများနှိမ်၍ ဝယ်ယူခြင်းခံနေရကြောင်း ဩဂုတ် ၁၂ ရက်က ဒေသခံ ငါးဖမ်းလုပ်သားများမှတစ်ဆင့် ကြားသိရသည်။

ဒေသခံ ငါးဖမ်းလှေလုပ်သားများ ထိုင်းနိုင်ငံ ငါးဈေးကွက်သို့ သက်ဆိုင်ရာ မြန်မာနိုင်ငံငါးလုပ်ငန်းဌာနတွင် အခွန်အခများ ပေးဆောင်ပြီး တရားဝင်ခွင့်ပြုချက် အထောက်အထားများဖြင့် ထိုင်းနိုင်ငံ ငါးဈေးကွက်သို့ သွားရောက်ရောင်းချရာတွင် ငါးဝယ်ယူသည့် ထိုင်းလုပ်ငန်းရှင်များက သာမန် ငါးဖမ်းနည်းဖြင့် ဖမ်းဆီးရရှိသော ငါးမှန်ကန်ကြောင်း၊ အဆိပ်ခတ်ခြင်း၊ ယမ်းခွဲ၍ ငါးဖမ်းခြင်း စသည့် နည်းဖြင့်ဖမ်းခြင်း မဟုတ်ကြောင်း၊ ကန့်သတ်တားမြစ်ထားသည့် ငါးဖမ်းပိုက်၊ ကိရိယာများဖြင့်ဖမ်းဆီးခြင်း၊ ကျန်းမာရေးနှင့်ညီ ညွတ်မှု ရှိ-မရှိ၊ တာရှည်ခံစေရန် ဖော်မလင်ကဲ့သို့ ဓာတုဗေဒဆေးရည်ထိုးခြင်း၊ စိမ်ခြင်း၊ ဖျန်းထားခြင်း ရှိ-မရှိ၊ အဆိပ်အတောက်ကင်းရှင်းပြီး စားသုံးရန်သင့်ကြောင်း ထောက်ခံစာ အပါအဝင် စာရွက်စာတမ်းများ တောင်းခံကြောင်း၊ စာရွက်စာတမ်းမပြည့်စုံလျှင် ဝယ်ယူခြင်းမပြုကြောင်းသိရသည်။

သို့သော် မြန်မာ့ပင်လယ်ပြင်မှ ဖမ်းယူရရှိသော ငါး၊ ပုဇွန်၊ ဂဏန်း စသည့်ရေထွက်ပစ္စည်းများအား ထိုင်းနိုင်ငံပင်လယ်နယ်နိမိတ်အတွင်းမှ ဖမ်းယူရရှိကြောင်း အမည်ခံ၍ ရောင်းချလျှင် ဝယ်ယူကြောင်း၊ ထိုသို့အမည်ခံရသဖြင့် ငါးဈေးအားပေါက်ဈေးထက်များစွာ နှိမ့်ချ၍ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့ EU မှ အရေးယူ ဒဏ်ခတ်ပိတ်ဆို့မှုများ ဖြေလျှော့ပေးခြင်း မရှိသေးသောကြောင့် ဤသို့ဖြစ်ဟန်တူကြောင်း၊ ဒေသခံ ရေလုပ်သားများအနေဖြင့် ပင်လယ်လှိုင်းလေ အခက်အခဲများအကြား အပင်ပန်းခံ လုပ်ကိုင်ရှာဖွေသမျှ အကျိုးဖြစ်ထွန်းမှု နည်းပါးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပင်လယ်ရေလုပ်ငန်းဖွံ့ဖြိုးရာ မြို့ကြီးများတွင် ပင်လယ်ရေထွက်ပစ္စည်းရောင်းဝယ်ရေးဈေးကွက်များ ဖော်ဆောင်ပေးရန် လိုအပ်လျက်ရှိကြောင်း ရေလုပ်သားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ ခေါင်းဆောင် ဦးငြိမ်းက သုံးသပ်ပြောကြားသည်။

**ကျော်စိုး (ကော့သောင်း)**



# မြောင်းရေလျှံတက်မှုမှ ကာကွယ်ရန် လမ်းဘေးမြောင်းချဲ့ခြင်းဆောင်ရွက်

**ကလေး ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၏ အနောက်ဘက် ချင်းတောင်တန်း အဝင်တံခါးဝဖြစ်သော တာဟန်းရပ်ကွက်အဝင် လမ်းမများပေါ်တွင် မိုးရွာသည့်အချိန်တိုင်း မြောင်းရေလျှံတက်မှုများ အမြဲတမ်းဖြစ်ပွားလျက်ရှိရာ ကတ္တရာလမ်းမကြီးပေါ်၌ ရေများလျှံတက်လျက်ရှိပြီး လမ်းမပေါ်ရေလျှံမှုမှ ကင်းဝေးစေရန်အတွက် ယခုအချိန်တွင် လမ်းဘေးမြောင်းကို တူးချဲ့ဆောင်ရွက်လျက်ရှိသည်။

ယင်းလမ်းဘေး ရေမြောင်းတူးချဲ့ခြင်းလုပ်ငန်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဦးစီးဌာနမှ ငွေကျပ်သိန်း ၂၀၀၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ငွေကျပ်သိန်း ၁၀၀၊ လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေမှငွေကျပ်သိန်း ၅၀၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီမှ ငွေကျပ်သိန်း ၅၀ ကျော်တို့ဖြင့် ကနဦးလုပ်ငန်းစတင်ဆောင်ရွက်ခြင်းဖြစ်ရာ ယင်းသို့ ရေမြောင်းချဲ့ထွင် ဆောင်ရွက်ရာတွင် အလျားပေ ၁၀၀ စီဖြင့် အသီးသီးကန့်သတ်ထားပြီး တစ်ကန့်ပြီးလျှင် နောက်ထပ်တစ်ကန့် တူးချဲ့ဆောင်ရွက်ကြမည် ဖြစ်သည်။

အဆိုပါမြောင်းသည် အနက် ၅ ပေ၊ အကျယ် ၃ ပေ ရှိပြီး ယခုအချိန်တွင် ပထမအကန့် ပေ ၁၀၀ ကို ဘိလပ်မြေအုတ်စီမြောင်းဖြင့် ပြုလုပ်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဒုတိယအကန့် ပေ ၁၀၀ ကိုလည်း ရေနုတ်မြောင်း နှုတ်ခမ်းနှင့် အနက်များ ဆက်လက် တူးဖော်တိုးချဲ့ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှု ပြီးစီးသွားပါက ကလေး-တာဟန်းရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ် သွားလာနေသည့် ပြည်သူများအတွက် များစွာအဆင်ပြေ ချောမွေ့လာတော့မည်ဖြစ်ကြောင်း သိရသည်။ **ဂျိုးနက်**

# မြစ်ရေဝင်ခဲ့သည့်ကျေးရွာရှိ ကျွဲ၊ နွားများကို ကာကွယ်ဆေးထိုးခြင်းနှင့် သွေးစစ်ဆေးခြင်း အခမဲ့ဆောင်ရွက်ပေး

**ယင်းမာပင် ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါက်တာအေးအောင်သည် ဝန်ထမ်းများနှင့်အတူ ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့သည့် မြရွှေစည်ကျေးရွာနှင့် ဘိန်းနွယ်ချောင်ကျေးရွာများသို့ ဩဂုတ် ၁၂ ရက်က သွားရောက်ခဲ့ပြီးကျွဲ၊ နွားများအား ခွာနာ၊ လျှာနာရောဂါ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ဆေးများ အခမဲ့ထိုးပေးခြင်းနှင့် သွေးရည်ကြည်နမူနာများ ဖောက်ယူစစ်ဆေးခြင်းများဆောင်ရွက်ခဲ့သည်။

ယင်းမာပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါက်တာအေးအောင်က "ကျွန်တော်တို့ မြို့နယ်မွေး/ကုဌာနအနေနဲ့ ချင်းတွင်းမြစ်ရေဝင်ရောက်တဲ့ ကျေးရွာတွေမှာရှိတဲ့ ကျွဲ၊ နွားများ ရောဂါမဖြစ်ပွားစေရေးအတွက် နယ်မြေကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဘိန်းနွယ်ချောင်ကျေးရွာရှိ နွား ၁၀၂ ကောင်၊ မြရွှေစည်ကျေးရွာရှိနွား ၂၅ ကောင် စုစုပေါင်း ၁၂၇ ကောင်ကို ခွာနာ၊ လျှာနာမဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ဆေးများကို အခမဲ့ထိုးပေးခဲ့ပြီး ဘိန်းနွယ်ချောင်ကျေးရွာရှိနွား ၁၅ ကောင်ကိုလည်း သွေးရည်ကြည် နမူနာဖောက်ယူစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပြောသည်။

ယင်းမာပင်မြို့နယ်၊ ဘိန်းနွယ်ချောင်ကျေးရွာနေ တောင်သူ ဦးစိုးနိုင်က "ကျွန်တော်တို့ဒေသက ဒီလကုန်ရင် ဆောင်းသီးနှံစိုက်ပျိုးဖို့ ထွန်ယက်ရေး ပြင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်တော့မှာ ဖြစ်ပါတယ်။ လုပ်ငန်းခွင်မပျက် အဆင်ပြေချောမွေ့အောင် ထွန်ယက်စိုက်ပျိုးနိုင်ဖို့အတွက် ကျွဲ၊ နွားတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ခွာနာ၊ လျှာနာရောဂါများ မဖြစ်ပွားစေရေးကို မြို့နယ်မွေး/ ကုက ဒေါက်တာများ ကြိုတင်ကာကွယ်ဆေးများ အခမဲ့ထိုးပေးခြင်း၊ သွေးရည်ကြည် နမူနာများ ဖောက်ယူစစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့တဲ့အတွက် ဝမ်းသာမိသလို တောင်သူတွေရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင်လမှ စတင်၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေကြီးမှု၊ ရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့သည့် ယင်းမာပင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျွဲ၊ နွားများ ရောဂါမဖြစ်ပွားစေရေးအတွက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဝန်ထမ်းများက ကြိုတင်ကာကွယ်ဆေးများ အခမဲ့ထိုးပေးခြင်းနှင့် သွေးရည်ကြည် နမူနာများ ဖောက်ယူစစ်ဆေးခြင်း လုပ်ငန်းများကို နယ်မြေကွင်းဆင်း၍ အရှိန်တိုးမြှင့်ဆောင်ရွက်လျက်ကြောင်း သိရသည်။ **မင်းခန့်စိုး(ဖေယျာမြေ)**

# စားသုံးသူအကာအကွယ်ပေးရေး ဈေးများအတွင်း ကြည့်ရှုစစ်ဆေး

**စစ်ကိုင်း ဩဂုတ် ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးနှင့်ဝန်ထမ်းများသည် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းတစ်ခုအဖြစ် မူမမှန်သည့် အန္တရာယ်ရှိ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း ရောင်းချခြင်း ရှိ-မရှိ စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ မီးရထားဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပေးခဲ့ကြသည်။



"အဓိကတော့ စားသုံးသူပြည်သူတွေအတွက် အန္တရာယ်ရှိတဲ့ စားသောက်ကုန်တွေ အသုံးမပြုစေရန်နဲ့ ရောင်းချသူတွေအနေနဲ့လည်း တားမြစ်ထားတဲ့ ကုန်ပစ္စည်းတွေ ရောင်းချခြင်းမပြုကြဖို့ ပညာပေး ဆွေးနွေးရင်း အခုလိုစစ်ဆေးပေးတာပါ။ စားသုံးသူတွေ သိသင့်သိထိုက်တာတွေ သိရှိရအောင်၊ ရောင်းချသူတွေအနေနဲ့လည်း ပြစ်မှု၊ ပြစ်ဒဏ်အကြောင်းအရာတွေ သိရှိရအောင် အခုလိုကွင်းဆင်းစစ်ဆေးရင်း ပညာဗဟုသုတတွေ ဆွေးနွေးပေးခဲ့ပါတယ်" ဟု စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆက်လက်၍ အဆိုပါအဖွဲ့များသည် စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်ဈေးသို့ သွားရောက်ပြီး ဈေးအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြကာ ပညာပေးဆွေးနွေးပေးခဲ့ကြပြီး မြို့မဈေးကြီးသို့လည်း စီမံချက်အရ ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်မြင့်နိုင်**

# ကျောင်းဆောင်ဟောင်းပြုပြင်ပြီးစီးမှု လွှဲပြောင်းပေးအပ်ခြင်းနှင့် လူထုစစ်ဆေးပွဲ အခမ်းအနား ညောင်ဦးမြို့နယ်ထီးပုကျေးရွာတွင် ပြုလုပ်

**ညောင်ဦး ဩဂုတ် ၁၄**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး၏ ခွင့်ပြုထောက်ပံ့ငွေကျပ် သိန်း ၅၀ နှင့် ကျေးရွာလူထု၏ စုပေါင်းထည့်ဝင်လှူဒါန်းမှုဖြင့် ထီးပုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ဟောင်းနွမ်းပျက်စီးနေသည့် အလျား ၃၉ ပေ၊ အနံ ၂၇ ပေ၊ အမြင့် ၁၀ ခန့်ရှိ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ကျောင်းဆောင်ဟောင်းအား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် ပြန်လည်ပြုပြင်တည်ဆောက်ပေးခဲ့ရာ ယခုအခါ ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်၍ ကျောင်းဆောင်ဟောင်းပြုပြင်ပြီးစီးမှု လွှဲပြောင်းပေးအပ်ခြင်းနှင့် လူထုစစ်ဆေးပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက်က ထီးပုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲအတွင်းရှိ ပြုပြင်ပြီးစီးသည့် ကျောင်းဆောင်ဟောင်းအတွင်း ပြုလုပ်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်ဟောင်း ပြုပြင်ပြီးစီးမှု လွှဲပြောင်းပေးအပ်ခြင်းနှင့် လူထုစစ်ဆေးပွဲ အခမ်းအနားသို့ ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးမှ လူထုစည်းရုံးရေးမှူး ဦးမြင့်ကြိုင်နှင့် ဝန်ထမ်းများ၊ ထီးပုကျေးရွာအုပ်ချုပ်ရေးမှူး ဦးလွင်ကိုနှင့် ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ထီးပုကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးလွင်ကိုက အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ညောင်ဦးမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးမှ လူထုစည်းရုံးရေးမှူး ဦးမြင့်ကြိုင်က ကျောင်းဆောင်ဟောင်း ပြုပြင်ပြီးစီးမှု လွှဲပြောင်းပေးအပ်ခြင်းနှင့် လူထုစစ်ဆေးပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ယင်းနောက် ကျောင်းဆောင်ဟောင်းပြုပြင်ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေး၊ ဝယ်ယူရေးနှင့် လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးလုပ်ငန်း တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် လူထုဗဟိုပြုစီမံကိန်းရုံးမှ တာဝန်ရှိသူများက ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးသွားသည့် အလျား ၃၉ ပေ၊ အနံ ၂၇ ပေ၊ အမြင့် ၁၀ ပေ ခန့်ရှိ သွပ်မိုး၊ အုတ်ကာ၊ သမံသလင်းခင်းကျောင်းဆောင်အား ထီးပုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်ခဲ့ရာ ကျောင်းကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့သည်။

ဆက်လက်၍ ထီးပုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ ဟောင်းနွမ်းပျက်စီးသွားသည့် ကျောင်းဆောင်အား ပြန်လည်ပြုပြင်တည်ဆောက်ပေးခြင်းလုပ်ငန်းအပေါ် ကျေးရွာလူထုအနေဖြင့် စိတ်ကျေနပ်မှု ရှိ-မရှိ မဲပုံးများဖြင့် မဲပေးစေခဲ့ပြီး လူထုစစ်ဆေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## သက်ကြီး၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားလုံးနှင့် သားသမီးများအား ထောက်ပံ့ငွေပေးအပ်

**တပ်ကုန်း ဩဂုတ် ၁၄**
နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် အသက် ၇၅ နှစ်အထက် သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားလုံးနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများ ပညာသင်စရိတ်ချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက မြို့နယ်အောင်ဆန်းခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ်မိုးမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီးနောက် အသက် ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်း ၇၅ ဦး၊ မသန်စွမ်းစစ်မှုထမ်းဟောင်း ၅၇ ဦး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၄၃၇ ဦးအတွက် ထောက်ပံ့ငွေနှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်၍ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၏ သားသမီးများအနက် အထက်တန်း၊ အလယ်တန်း၊ မူလတန်းတက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူ ၄၉၈ ဦးနှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူ ၅၇ ဦးတို့အတွက် ပညာသင်ထောက်ပံ့ငွေများအားလည်းကောင်း၊ ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုဆုများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ယင်းနောက် တပ်မတော်ဆေးကုသရေးပါရဂူများနှင့် ဆေးမှူးများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးကုသပေးခြင်းဆောင်ရွက်ပေးမှုများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမှုအနေဖြင့် အထွေထွေရောဂါ ၅၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၃ ဦး၊ မျက်စိရောဂါ ၉၀ ဦး၊ သွားရောဂါ ၁၀ ဦး၊ အရိုးရောဂါ ၂၈ ဦး၊ ခွဲစိတ်ကုသမှု ၁၁ ဦး၊ အခြားရောဂါ ၁၉ ဦး စုစုပေါင်း ၂၃၀ ဦးတို့အား ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်ကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ၂၀၀၈ ခုနှစ်မှစတင်၍ ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ န၀မအကြိမ်မြောက်ဖြစ်ပြီး ယနေ့အထွေထွေထောက်ပံ့မှုအနေဖြင့် ငွေကျပ် ၁၁၄၈၉၇၀၀ ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

## ကျေးရွာလူထုစုပေါင်းအားဖြင့် ရေကျော်လမ်း ပြုပြင်ပြီးစီး



**ကျောက်ကြီး ဩဂုတ် ၁၄**
ကျေးရွာလူထုစုပေါင်းအင်အားဖြင့် ကျောက်ကြီးမြို့နယ် တုံးကြီးကျေးရွာအုပ်စု ရှမ်းချောင်းကျေးရွာတွင် ပေ ၁၅၀ ကျော်ရှိ ပျက်စီးနေသည့် ရေကျော်လမ်းအား ပြုပြင်ပြီးစီးပြီဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ယင်းရေကျော်လမ်းသည် မိုးရွာသွန်းမှုအနည်းအများပေါ် လိုက်ကာ လမ်းမပေါ် ရေဆိုးများကျော်ဖြတ်စီးဆင်းသောကြောင့် လမ်းပျက်စီးရကြောင်း ဒေသခံများက ပြောသည်။

"လမ်းကပြင်သင့်နေတာကြာပါပြီ။ လယ်သမားတွေလုပ်ငန်းခွင်ဝင်ချိန်ဆိုတော့ ပြင်ဖို့နောက်ကျခဲ့ကြတယ်။ ခုမှ ကျေးရွာလူထုစုပေါင်းအင်အားနဲ့ ပြင်ရတာပါ။ ပြီးသွားပါပြီ" ဟုရှမ်းချောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောထူးကပြောသည်။

ယင်းလမ်းပြုပြင်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းရေးဆွဲရာတွင် ပါဝင်ထားပြီးဖြစ်သော်လည်း မိုးတွင်းကာလဖြစ်ခြင်းကြောင့် နှောင့်နှေးခဲ့ရခြင်းဖြစ်ပြီး ယခုနှစ်နိုဝင်ဘာလတွင် စတင်အကောင်ထည်ဖော် လုပ်ဆောင်မည်ဖြစ်ကြောင်း ရှမ်းချောင်းကျေးရွာ လူထုဗဟိုပြုစီမံကိန်းကော်မတီ၌ ပါဝင်သူတစ်ဦးက အတည်ပြုပြောကြားသည်။

**ကိုကျောက်ကြီး**

## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လေ့ကျင့်သရုပ်ပြမှု ပြုလုပ်



**ဗန်းမောက် ဩဂုတ် ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်၌ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်ရဲတပ်ဖွဲ့ မြင့်မြတ်လူမှုရေးအသင်းအဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်းအဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ပေကုန်းကျေးရွာချောင်းတွင် ပြုလုပ်ခဲ့သည်။

ဗန်းမောက်မြို့နယ်သည် မြစ်ချောင်းအင်းအိုင်များပေါများသဖြင့် မိုးဦးကာလနှင့် မိုးနှောင်းကာလများတွင်ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက ဒေသခံပြည်သူများအနေဖြင့် ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် အရေးပေါ်တုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်၍ လေ့ကျင့်သရုပ်ပြသင်ကြားပေးရခြင်းဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေထွန်းက ပြောသည်။

အဆိုပါသဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလေ့ကျင့်သရုပ်ပြမှုများပြုလုပ်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ အရာရှိတပ်ဖွဲ့ဝင်များနှင့် ပေကုန်းကျေးရွာမှ ဒေသခံပြည်သူများ တက်ရောက်ပူးပေါင်းပါဝင်ခဲ့သည်။ **ကျော်စွာ(ပြန်/ဆက်)**

## အမျိုးသမီးရေးရာအဖွဲ့၏ ယဉ်ကျေးမှုဆိုင်ရာစာတမ်းဖတ်ပွဲ ပြုလုပ်

**အိမ်မဲ ဩဂုတ် ၁၄**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ ဦးဆောင်မှုဖြင့် အစဉ်အလာကြီးမားသည့် မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ထိပါးခြိမ်းခြောက်လာသည့် အန္တရာယ်များအား သတိပြုသိရှိပြီး ကာကွယ်တားဆီးရန် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုကို ပိုမိုမြတ်နိုးတန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ ယဉ်ကျေးမှုဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက်က အထက (အိမ်မဲ) ရွှေညီလာခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အိမ်မဲမြို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် အထက (အိမ်မဲ) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုသိမ်းက မြန်မာ့ယဉ်ကျေးမှုများကို ခြိမ်းခြောက်လာသော အန္တရာယ်များစာတမ်းကို ဖတ်ကြားခဲ့သည်။

မြို့နယ်ဥပဒေအရာရှိ ဒေါ်မင်းမင်းထွေးက ကလေးသူငယ်များ အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုအဆင့် (၁) ဒေါ်ခင်စန်းမြင့်က အမျိုးသမီးများတွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါစာတမ်းဖတ်ပွဲနှင့် အသိပညာပေးဟောပြောပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ NGO အဖွဲ့အစည်းများ၊ ကျောင်းသူများ စုစုပေါင်း ၃၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စိုက်ပျိုးနည်းပညာပေးခြင်းနှင့် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးဆိုင်များ ဥပဒေနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**စစ်ကိုင်း ဩဂုတ် ၁၄**
စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်း စိုက်ပျိုးပညာပေးစခန်းတွင် စပါးမျိုးသန့် မျိုးစေ့ထုတ်လုပ်သူများအသင်း (Seed grower association) အသင်းဝင် တောင်သူများအား မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်ရန်နှင့် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးဆိုင်များ ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ-မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီက အဆိုပါစခန်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဦးက ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးဥပဒေအကြောင်းအရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်မို့မို့အေးက မျိုးသန့်မျိုးစေ့ထုတ်လုပ်နည်းပညာကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်သန်းသန်းအေးက သီးနှံပင်အာဟာရဓာတ် ထည့်သွင်းအသုံးပြု၍ သီးနှံအထွက်တိုးရေးအတွက် နည်းပညာများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြတ်စိုးက မျိုးကောင်းမျိုးသန့်အသုံးပြုရေးနှင့် ဖြန့်ဖြူးပေးခြင်းလုပ်ငန်း၊ သီးနှံစိုက်ပျိုးနည်းပညာပေးလုပ်ငန်း၊ ဒေသအလိုက် မျိုး၊ ဓာတ်မြေသြဇာစိုက်စနစ် သုတေသနစမ်းသပ်စိုက်ပျိုးခြင်းလုပ်ငန်းနှင့် နည်းပညာများကို အသီးသီးရှင်းလင်းဆွေးနွေးပေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသော နုံးတွင်း၊ လယ်ကြီး၊ မောင်းထောင်၊ ညောင်ပင်သာ၊ သဖန်းသာ၊ လက်ပံသာ၊ ညောင်ပင်ဝန်းကျေးရွာများမှ တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြပြီး ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးဆိုင်များသို့ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက် ရောင်းချမှု၊ လိုင်စင်ဆောင်ရွက်ထားခြင်း ရှိ-မရှိတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ဓော်မြင့်နိုင်**

## ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့သောကျေးရွာများရှိ ကျွဲ၊ နွားများကို ခွာနာ၊ လျှာနာကာကွယ်ဆေး ထိုးနှံပေး

**ခင်ဦး ဩဂုတ် ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့သော ကျေးရွာများရှိ ကျွဲ၊ နွားများကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာလှလှပြုံးနှင့် ဒုဦးစီးမှူးများ၊ ကျေးရွာမွေးမြူရေးအထောက်အကူပြုလုပ်သားများဖြင့် ခွာနာ၊ လျှာနာကာကွယ်ဆေးထိုးခြင်းများကို ဩဂုတ် ၁၂ ရက်က ဆောင်ရွက်ပေးခဲ့သည်။

ကာကွယ်ဆေးမထိုးခင် ကျွဲနွား ၁၅ ကောင်ကို ကွက်ကြားသွေးနမူနာယူပြီး ဓာတ်ခွဲခန်းပို့ခြင်း၊ ခွာနာ၊ လျှာနာ ကာကွယ်ဆေးထိုးနှံခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆက်လက်ပြီး တစ်လပြည့်ပါက အဆိုပါ ကျွဲ၊ နွားများ၏ သွေးနမူနာပြန်လည်စစ်ဆေးပြီး ဒုတိယအကြိမ် ထပ်မံထိုးနှံပေးမှာဖြစ်ကြောင်း၊ ဧရာဝတီမြစ်ကမ်းဘေးရှိ ကဘွက်ကျေးရွာ၊ ရုံးပင်ကျေးရွာ၊ သရက်ကုန်းကျေးရွာ၊ ကျီးပြုံးကျေးရွာတို့ရှိ နွားကောင်ရေ ၃၅၀ ကောင်ကို ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်၍ အညာသီဟတောကျေးရွာရှိ နွားကောင်ရေ ၅၀ ကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာလှလှပြုံးက ပြောသည်။

**ခင်ဦးစိုးဝေ**

# မော်လိုက်မြို့ ရာပြည့်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းစည်းဝေး

**မော်လိုက် ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ ရာပြည့်ပွဲတော်အား စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၀ ရက်က မော်လိုက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မော်လိုက်ခရိုင် အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းနှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မော်လိုက်မြို့ရာပြည့်ပွဲတော်ကို နိုဝင်ဘာလထဲတွင် ကျင်းပပြုလုပ်ရန် ရည်ရွယ်ထားသော်လည်း ရာသီဥတုစိတ်မချရခြင်းနှင့် မော်လိုက်ကလေးဝ ကားလမ်းအခြေအနေအရ ဒီဇင်ဘာလတွင် ပြောင်းရွှေ့ကျင်းပသွားရန်နှင့် ပွဲတော်တွင် စာပေဟောပြောပွဲများ၊ မော်လိုက်မြို့ဖြစ်ပေါ်လာပုံပြပွဲပြခန်းများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် ဇာတ်ပွဲများ ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည်ဖြစ်၍ ပွဲတော်ဖြစ်မြောက်ရေးအတွက် ရန်ပုံငွေရရှိစေရန်အတွက် ကားမဲများဖောက်ပေးခြင်း၊ မော်လိုက်ရာပြည့် ပြက္ခဒိန်များရောင်းချခြင်း၊ အမှတ်တရပစ္စည်းများရောင်းချခြင်းဖြင့် ရန်ပုံငွေရရှိစေရန် လျာထားကြောင်း တက်ရောက်လာကြသူများက တင်ပြကြရာ ခရိုင်အုပ်ချုပ်ရေးမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားပေးခဲ့ပြီး ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများပူးပေါင်း၍ မော်လိုက်မြို့ ရာပြည့်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားခဲ့သည်။

သို့ဖြစ်၍ မော်လိုက်မြို့ရာပြည့်ပွဲတော်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်ထိ မော်လိုက်မြို့ ပြည်သူ့အားကစားကွင်း၌ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သဖြင့် ရပ်ဝေး၊ ရပ်နီးမှ မော်လိုက်မြို့သူ၊ မြို့သားများနှင့် မော်လိုက်မြို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဌာနဆိုင်ရာအစိုးရဝန်ထမ်းများအားလုံး မော်လိုက်မြို့ရာပြည့်ပွဲတော်သို့ လာရောက်ဆင်နွှဲကြစေရန်အတွက် ဖိတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မော်လိုက်သားလေး**

## အိမ်မဲမြို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**အိမ်မဲ ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျှော့ချရန်၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်၊ ကျေးလက်ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးစေရန်၊ လည်ပတ်ရန်ပုံငွေစနစ်ဖြင့် ကျေးရွာလိုအပ်ချက်အခက်အခဲများ အောင်မြင်စွာဖြေရှင်းနိုင်ရန်၊ တုံ့ပြန်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများပေါ်ပေါက်လာစေရန် စသည့်ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေရရှိသောကျေးရွာ ၁၉ ရွာသို့ ငွေကျပ်သိန်း ၅၇၀၀ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အိမ်မဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်သိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အိမ်မဲမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထွန်း၊ မြောင်းမြခရိုင်ဦးစီးမှူး ဦးသန့်ဇင်သိန်း၊ အိမ်မဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုသိန်းတို့က မြစိမ်းရောင်ကျေးရွာ ၁၉ ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် တစ်ရွာလျှင် သိန်း ၃၀၀ နှုန်းဖြင့် လွှဲပြောင်းပေးအပ်ရာ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီအဖွဲ့များက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သက်ကြီးဆင်များ ပြုစုစောင့်ရှောက်ရေးဆင်စခန်းတွင် ကမ္ဘာ့ဆင်များနေ့ကျင်းပ



**ကလော ဩဂုတ် ၁၄**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု မကွေ့ကျေးရွာ စိမ်းလဲ့တောင်ကြားသက်ကြီးရွယ်အိုဆင်များ ပြုစုစောင့်ရှောက်ရေးဆင်စခန်းတွင် ဩဂုတ် ၁၂ ရက်က ကမ္ဘာ့ဆင်များနေ့ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု မကွေ့ကျေးရွာ စိမ်းလဲ့တောင်ကြားသက်ကြီးရွယ်အိုဆင်များ ပြုစုစောင့်ရှောက်ရေးဆင်စခန်းဒါရိုက်တာ ဦးထွန်းထွန်းဝင်းက ကမ္ဘာ့ဆင်များနေ့ဖြစ်ပေါ်လာပုံအကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝသားငှက်ထိန်းသိမ်းရေးပညာရှင် ဦးစိန်မျိုးအောင်က သားငှက်တိရစ္ဆာန်များ အမူအကျင့်၊ ဓလေ့စရိုက်လက္ခဏာများအကြောင်း၊ ဒေါ်တင်ဝင်းမော်က ဆင်သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးဆင်စခန်းအတွင်း ထူးချွန်ကျောင်းသား၊ ကျောင်းသူများ သွားရောက်လေ့လာမည့်အစီအစဉ်များ၊ ကမ္ဘာ့ဆင်များနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပွဲအစီအစဉ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဗဟုသုတများ ဟောပြောခဲ့ကြသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု မကွေ့ကျေးရွာ မြန်မာနိုင်ငံသက်ကြီးရွယ်အိုဆင်များ ပြုစုစောင့်ရှောက်ရေး စိမ်းလဲ့တောင်ကြားဆင်စခန်းကို ၂၀၁၁ ခုနှစ်က မြန်မာ့သစ်လုပ်ငန်းမှ သက်ကြီးဆင်နှစ်ကောင်ဖြင့် စတင်ပြုစုစောင့်ရှောက်ရေးဆင်စခန်း စတင်ခဲ့သည်။ အစက မကွေ့ကျေးရွာသူ၊ ကျေးရွာသားများလုပ်အားဖြင့် မြေရိုင်း ဧက ၄၀ ခန့် ရှင်းလင်းပြီး သစ်ပင်မျိုးစုံစိုက်ပျိုးခြင်း၊ ဓမ္မတာမျိုးဆက်ထိန်းသိမ်းပြုစုရာက သဘာဝပတ်ဝန်းကျင် ရာသီဥတုရေမြေတောတောင်ကောင်းများတွင် စိုက်ပျိုးထိန်းသိမ်းတောများ ဧက ၂၀၀ အထိ တိုးချဲ့ပြုစုစိုက်ပျိုးရင်း သက်ကြီးရွယ်အိုဆင်များ ၇ ကောင်အထိ မွေးမြူပြုစုစောင့်ရှောက်နိုင်ခဲ့ကြောင်း၊ ကမ္ဘာ့ဆင်များနေ့ကို ၂၀၁၂ ခုနှစ်က အာဖရိကတောကြီးအတွင်း ဆင်ခိုးဂိုဏ်းများ ဆင်ကောင်ရေ ၂၀၀၀၀၀ ခန့် သတ်ဖြတ်အစွယ်အရိုးများ ရောင်းဝယ်မှုဖြစ်စဉ်ကို ကမ္ဘာ့မီဒီယာသမားများ ဝိုင်းဝန်းဖော်ထုတ် ရေးသားလှုံ့ဆော်ရာမှ စတင်ခဲ့သည်။

ကလောမြို့ စိမ်းလဲ့တောင်ကြား သက်ကြီးဆင်များ ပြုစုစောင့်ရှောက်ရေးစခန်းတွင် ဒုတိယအကြိမ်အဖြစ် ကလောမြို့နယ် အခြေခံပညာနဝမတန်းနှင့် ဒသမတန်း ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် ထူးချွန်အောင်သင်ကြားပေးသော ဆရာ၊ ဆရာမများကို ဖိတ်ကြားပြီး သားငှက်တိရစ္ဆာန်များကို ချစ်ခင်မြတ်နိုးတတ်ရန်၊ သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်ရန်၊ ဆင်များအကြောင်း၊ သားငှက်တိရစ္ဆာန်များအကြောင်း ဟောပြောဆွေးနွေးကာ အပြန်အလှန်မေးမြန်းဖြေကြားကြပြီး တက်ရောက်အားပေးကြသော ဆရာကြီး၊ ဆရာမကြီးများ၊ တတ်သိပညာရှင်များ၊ ကျောင်းသူ၊ ကျောင်းသားများက သစ်ပင်မျိုးစုံ ၁၂၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း ကလောမြို့ စိမ်းလဲ့တောင်ကြား (Green Hill Valley Elephant Camp) သက်ကြီးဆင်များ ပြုစုစောင့်ရှောက်ရေးမှူး ကိုထွန်းထွန်းဝင်းက ပြောသည်။

**(ဝဇ၁)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းဖွင့်

**တာချီလိတ် ဩဂုတ် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက မိုင်းကိုးကျေးရွာအုပ်စု ကော်မယ်လိတ်ကျေးရွာရှိ ခန်းမဆောင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းမောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်နှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ကျော်စိုးတို့က သင်တန်းတွင်ပို့ချမည့် ဘာသာရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မိုင်းကိုးကျေးရွာအုပ်စုရှိ နာတာကျိုကျေးရွာ၊ ကော်မယ်လိတ်ကျေးရွာနှင့် မယ်လိတ်ပါကော်ကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ဩဂုတ် ၁၀ ရက်မှ ၃၀ ရက်ထိ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ၊ EM ဘိုကာရှီ မြေဆွေးပြုလုပ်သုံးစွဲပုံများနှင့် ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးသီးနှံစိုက်ပျိုးနည်းများအား စာတွေ့၊ လက်တွေ့ သင်ကြားပေးခြင်း၊ သိပ္ပံနည်းကျဝက်မွေးမြူထုတ်လုပ်ရေး၊ ကျွဲ၊ နွား ခွာနာ၊ လျှာနာရောဂါအကြောင်းအရာများ၊ တိရစ္ဆာန်အစာပြုလုပ်နည်းများနှင့် ရောဂါကာကွယ်ကုသနည်းများကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မူးခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲပြုလုပ်

**လွိုင်ကော် ဩဂုတ် ၁၄**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရဲတပ်ဖွဲ့ လွိုင်ကော်မြို့မရဲစခန်းမှ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမဆောင်၌ ပြုလုပ်ခဲ့သည်။

ပညာပေးဟောပြောပွဲတွင် လွိုင်ကော်မြို့နယ်ရဲတပ်ဖွဲ့ လွိုင်ကော်မြို့မရဲစခန်းမှ ရဲအုပ်အောင်ဇော်က "ပြစ်မှုဥပဒေဆိုင်ရာသိသင့်သိထိုက်သည့် ဒေါသကြောင့်၊ စားဝတ်နေရေးအကျပ်အတည်း၊ လမ်းလွှဲလိုက်ခြင်း၊ ပတ်ဝန်းကျင်စေ့ဆော်မှုတွေကြောင့် ခိုးမှု၊ ရာဇဝတ်မှု ဖြစ်ပေါ်လာနိုင်တယ်" ဟု အသိပေးဟောပြောခဲ့သည်။ ယင်းနောက် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

မှုခင်းကျဆင်းရေးပညာပေးဟောပြောပွဲသို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းတင်၊ လွိုင်ကော်မြို့နယ်ရဲတပ်ဖွဲ့ လွိုင်ကော်မြို့မရဲစခန်းမှ ရဲအုပ်အောင်ဇော်၊ ကျောင်းဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

**ကိုစိုင်း(လွိုင်ကော်)**



တိုက်ကြီးမြို့နယ်မှ ကျေးရွာအချို့နှင့် အဖျောက်မြို့ဓာတ်အားမပြတ်တောက်ရေးအတွက် 33/11 KV 5 MVA တော်လတီဓာတ်အားခွဲရုံအတွင်း လှိုင်မြစ်ရေတိုးမှုကြောင့် ဝင်ရောက်လာသောမြစ်ရေများကို ဖယ်ရှားနိုင်ရေးအတွက် တိုက်ကြီးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ လိုင်းဝန်ထမ်းများနှင့် တော်လတီကျေးရွာမှ မီးသုံးစွဲသူပြည်သူများက သဲအိတ်များကာရံထားပြီး ရေစုပ်နိုင်ရန် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထွန်းလှိုင်(မြိုင်)

# စကြာတောင်ဘုရားပွဲသွားရင်း မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းထားသည့် ဆံတောက်နှမတို့ရွာကို လေ့လာနိုင်

**နွားထိုးကြီး ဩဂုတ် ၁၄**
မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဘူးကိုင်းကျေးရွာအုပ်စု ခံစပ်ကုန်းရွာအနီးတွင် နာမည်ကျော် စကြာတောင်ရှိသည်။ စကြာတောင်အနီး ခံစပ်ကုန်းရွာတွင် မြန်မာ့ယဉ်ကျေးမှုကိုထိန်းသိမ်းထားသည့် ဆံရစ်ဝိုင်းကလေးများ ဆံတောက်နှမများ နေထိုင်သည်။ ပွဲတော်ကို နွားထိုးကြီးနယ်တစ်ဝိုက်မှ လာရောက်ပြီး စည်ကားလှသော ပွဲတော်ပင်ဖြစ်သည်။

ယခုနှစ်စကြာတောင်ဘုရားပွဲတွင် ရှေးဟောင်းရုပ်ပွားတော်များကိုပါ ဖူးတွေ့ရတော့မည်ဖြစ်သည်။ ၂၀၁၅-၂၀၁၆ တွင် စကြာတောင်ပေါ်မှ လိုဏ်ဂူငယ်များနှင့် ဗုဒ္ဓရုပ်ပွားတော်များကို တူးဖော်တွေ့ရှိခဲ့သည်။ ရုပ်ပွားတော်များမှာ သဲကျောက်များဖြင့် ထုဆစ်ထားပြီး အချို့သော လိုဏ်ဂူများအတွင်း၌ သဘာဝကျောက်တုံးများကို နေရာတွင် ပင်ထွင်းထုထားသည်ကိုတွေ့ရှိရသည်။ ထူးခြားသော လိုဏ်ဂူငယ်များနှင့် ရုပ်ပွားတော်များမှာ စိတ်ဝင်စားဖွယ်ရာ လက်ရာဖြစ်နေပြီး နှစ်ပေါင်းများစွာ တိမ်မြုပ်နေသည့်အနေအထားတွင် တွေ့ရသည်။

သဘာဝကျောက်တောင်ကို လိုဏ်ဂူငယ်များ ထွင်းကာလိုဏ်ဂူအတွင်း၌ ဗုဒ္ဓရုပ်ပွားတော်များကို ပူဇော်ထားခြင်းဖြစ်သည်။ ယခုအခါ ထိန်းသိမ်းဖော်ထုတ်ထားကာ ယဉ်ကျေးမှုဇုန်နယ်မြေအဖြစ် သတ်မှတ်ထားသော တောင်တော်ဖြစ်သည်။

တူးဖော်တွေ့ရှိမှုဖြစ်စဉ်မှာ စကြာတောင်ဘုရားပွဲရာသီ၌ တောင်တက်ဘုရားဖူးရာတွင် ခက်ခဲမှုမရှိစေရန် မြင်းခြံမြို့နယ် ပျားရွာရှိ ရွာသူ၊ ရွာသားများ ကုသိုလ်ဖြစ် တောင်တက်လမ်းရှင်းရာမှ စတင် တွေ့ရှိခြင်းဖြစ်သည်။ စတင်တွေ့ရှိမှုတွင် သဲကျောက်ရုပ်ပွားတော်ငယ်တစ်ဆူကို တွေ့ရှိရာမှ မြေအောက်သုံးပေခန့် ထပ်မံတူးဖော်ကြည့်ရာ လိုဏ်ဂူငယ်များကို တွေ့ရှိခဲ့သည်။ လိုဏ်ဂူငယ်ပေါင်း ၁၆ ဂူတွေ့ရှိပြီး လိုဏ်ဂူငယ်အတွင်းတွင် သဘာဝကျောက်သားများကို ဗုဒ္ဓရုပ်ပွားတော် ထွင်းထုထားသည့် ရှားပါးလက်ရာများစွာကို တွေ့ရှိခဲ့သည့် တောင်တော်ပင်ဖြစ်သည်။

စကြာတောင်မှာ နွားထိုးကြီးနယ်တွင် ထင်ရှားသော သမိုင်းဝင်တောင်တော်တစ်ခုဖြစ်သည်။ စကြာတောင်ဘုရားပွဲမှာ နွားထိုးကြီးနယ်တွင် အစည်ကားဆုံးပွဲဖြစ်ပြီး မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ မလှိုင်မြို့နယ်များနှင့် အနီးအနားဒေသတစ်ဝိုက်မှ လာရောက်ဆင်နွဲလေ့ရှိသည်။ ဘုရားပွဲကို နှစ်စဉ် ဝါခေါင်လဆန်း ၈ ရက်မှဝါခေါင်လပြည့်နေ့အထိ ကျင်းပလေ့ရှိသည်။ ဘုရားဖူးများမှာ စကြာတောင်ဘုရားပွဲတော်ရက်တွင် တောင်ပေါ်ရှိ မြစည်းခုံဘုရားကို သွားရောက်ဖူးမြော်ကြသည်။

ယခုနှစ်စကြာတောင်ဘုရားပွဲသွားရင်း ရှေးဟောင်းရုပ်ပွားတော်များကို ဖူးမြော်နိုင်ပြီဖြစ်သည်။ စကြာတောင်အနီးမှ ဆံတောက်နှမတို့ရွာဖြစ်သော ခံစပ်ကုန်းရွာကိုလည်း ဝင်ရောက်လေ့လာနိုင်သည်။ ခံစပ်ကုန်းရွာမှ မြန်မာ့ရိုးရာပုံစံဖြစ်သည့် ဆံရစ်ဝိုင်း၊ ဆံတောက်ထားသည့်ဓလေ့များကို လေ့လာလိုပါက စကြာတောင်ဘုရားပွဲကို အရောက်သွားရင်း လေ့လာနိုင်သည်။ **တိမ်တမန်**



## ကူးစက်ရောဂါဖြစ်ပွားနေသောနာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသသို့ လွှတ်တော်အမတ်များက နေ့တွက်ခစုပေါင်းလှူဒါန်း

**မုံရွာ ဩဂုတ် ၁၄**
ကူးစက်ရောဂါကြောင့် ကလေးငယ်နှင့် သက်ကြီးရွယ်အို ၄၁ ဦးသေဆုံးခဲ့သောနာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အမတ်များက နေ့တွက်ခကျပ်နှစ်သောင်းစီကို စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်တတိယ ပုံမှန်အစည်းအဝေး နောက်ဆုံးနေ့ဖြစ်သော ဩဂုတ် ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၉၈ ဦး၏ နေ့တွက်စရိတ် ကျပ် ၁၉ သိန်း ခြောက်သောင်းကို လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပစဉ်ကလည်း ရေဘေးသင့်ပြည်သူများကို ယခုကဲ့သို့ နေ့စဉ်စရိတ်များ စုပေါင်းလှူဒါန်းခဲ့ဖူးကြောင်း သိသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ကွမ်းစားခြင်းအန္တရာယ် ပညာပေး နယ်လှည့်ဟောပြော

**ဝက်လက် ဩဂုတ် ၁၄**
ကျေးရွာနေပြည်သူများ ကွမ်းစားခြင်းဖြင့် ရရှိနိုင်သောဆိုးကျိုးများကို သိရှိရှောင်ရှားနိုင်ရန်နှင့် အသိပညာဗဟုသုတရှိစေရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး ကျေးရွာစာကြည့်တိုက်ရှင်သန်ရေး ရည်ရွယ်လျက် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဩဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီက ပိတောက်ခြံကျေးရွာ၌ ကွမ်းစားခြင်းအန္တရာယ် အသိပညာပေးခြင်းနှင့်စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့်နယ်လှည့် စာကြည့်တိုက် နံရံကပ်စာစောင်ဓာတ်ပုံပြပွဲများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြင့်က စာဖတ်ရှိန်မြှင့်တင်ရေး၊ စာကြည့်တိုက်ရှင်သန်ရေး၊ စာပေလေ့လာဖတ်ရှုကြရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ကွမ်းစားခြင်းအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောကာ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ လှူဒါန်းခဲ့သည်။

ယင်းနောက် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး၊ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်းပုံများ၊ နိုင်ငံတော်တာဝန်ရှိသူများ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်မှုမှတ်တမ်းပုံများ၊ နံရံကပ်ဓာတ်ပုံများကိုပြသရာ ကျေးရွာပြည်သူများကစိတ်ပါဝင်စားစွာကြည့်ရှုကြပြီး သုတ၊ ရသစာအုပ်များကိုလည်း ငှားရမ်းဖတ်ရှုခဲ့ကြကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**

## ကမာရွတ်တွင် ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားမှု ကျဆင်းပပျောက်ရေး အသိပညာပေးဟောပြောဆွေးနွေး

**ရန်ကုန် ဩဂုတ် ၁၄**
ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက် အ-ထ-က (၄) ကျောင်း၊ ပညာရတနာခန်းမ၌ ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားမှု ကျဆင်းပပျောက်ရေးအသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်သင်းသင်းနိုင်က ဆေးလိပ်၊ ကွမ်းတို့နှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးများ ဟောပြောခဲ့သည်။

ဆက်လက်ပြီး ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းမှ ပရောဂျက်တာဝန်ခံ ဦးမြင့်သိန်းက ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားခြင်းကြောင့် ရရှိနိုင်သည့် ဆိုးကျိုးများအား ဟောပြောဆွေးနွေးခဲ့ပြီး ဟောပြောဆွေးနွေးပွဲသို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကျော်လှိုင်(ကမာရွတ်)**

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ မြစ်ရေလျှံသော မြို့နယ်များရှိပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**မုံရွာ ဩဂုတ် ၁၄**
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ မြစ်ရေလျှံသော မြို့နယ်များရှိပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၁၂ ရက် ညနေ ၄ နာရီက မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြစ်ရေလျှံသည့် မြို့နယ်များရှိ ပြည်သူများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်ထောက်ပံ့ရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ယင်းနေ့က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်း၊ ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ **ဖိုးချမ်း(မုံရွာ)**

## တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် ပုလဲသွယ်စပါးမျိုး တောင်သူပညာပေးသရုပ်ပြစိုက်ပျိုး

**ကနီ ဩဂုတ် ၁၄**
စစ်ကိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် တဇယ်ချောင်ကျေးရွာ တောင်သူ ဦးညွန့်လှိုင် ကွင်းအမှတ်(၂၂၉၅) ဦးပိုင်အမှတ်(၁၀/၁)ကွင်းတွင် ဩဂုတ် ၁၂ ရက်က တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မိုးစပါးပုလဲသွယ်စပါးမျိုး တောင်သူပညာပေးသရုပ်ပြ စိုက်ပျိုးပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်သူပညာပေးသရုပ်ပြစိုက်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ကနီမြို့နယ်၏ ဒေသဝမ်းစာဖူလုံမှုသည် လယ်စိုက်တောင်သူများ၏လက်တွင်ရှိကြောင်း၊ တောင်သူများစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်လည်း တောင်သူများ၏ ကြိုးစားမှုအပေါ်မူတည်နေကြောင်း၊ သီးနှံအရည်အသွေး ကောင်း ထွက်နှုန်းကောင်းမွန်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်း၍ လက်တွေ့အကောင်အထည်ဖော် ညှိနှိုင်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးမှုကို တက်ရောက်လာသော တောင်သူများနှင့် လက်တွေ့သရုပ်ပြစိုက်ပျိုးခဲ့သည်။

"ကနီမြို့နယ်ဟာများသောအားဖြင့် မိုးကောင်းသောက် လယ်မြေများဖြစ်သည့်အတွက် ပျိုးထောင်ရသည့်စရိတ်၊ ကောက်စိုက်ချိန်၌ ပျိုးနုတ်ရသည့် လုပ်အားခ၊ ကောက်စိုက်ခနှင့် ကောက်စိုက်သမားရှားသည့်အခက်အခဲများ သက်သာစေရေးအတွက် ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ တိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် တောင်သူများ လက်တွေ့အသုံးပြုစိုက်ပျိုးနိုင်ရေး သရုပ်ပြခဲ့ပြီး မြို့နယ်၏ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများနှင့် သိပ္ပံနည်းကျ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ မိုးစပါးမျိုးသန့်စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်း တောင်သူများအား စဉ်ဆက်မပြတ် ပညာပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးသန့်ဇင်က ပြောသည်။

အဆိုပါ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မိုးစပါးပုလဲသွယ်စပါးမျိုး တောင်သူပညာပေး သရုပ်ပြစိုက်ပျိုးပွဲသို့ မြို့စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စိုက်/ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများနှင့် တောင်သူများတက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ **ဆလိုင်း(ပြန်/ဆက်)**



## တတိယအကြိမ် မြန်မာ့စားသောက်ကုန် အဖျော်ယမကာ ကုန်စည်ပြပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၄**

ပထမအကြိမ် မြန်မာလက်လီရောင်းချခြင်းဆိုင်ရာကုန်စည်ပြပွဲနှင့် တတိယအကြိမ် မြန်မာ့စားသောက်ကုန် အဖျော်ယမကာကုန်စည်ပြပွဲကို ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်အတွင်း နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲ၏ထူးခြားချက်များအဖြစ် လက်လီရောင်းဝယ်ရေး ကုန်ပေးသွင်းသူများနှင့် ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များ ပြသကြမည်ဖြစ်ပြီး အထူးသဖြင့် ထိုင်းနိုင်ငံမှ ကုမ္ပဏီများလည်း ပါဝင်ပြသမည့်အပြင် မြန်မာစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ နေ့လယ်စာ ထမင်းဘူးပြင်ဆင်ခြင်းပြိုင်ပွဲ၊ မြန်မာ့ဟင်းလျာချက်ပြိုင်ပွဲ၊ ဘားတင်ဒါ၊ ပါရီစတားပြပွဲတို့ ပါဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း၏ စီစဉ်မှုဖြင့် မြန်မာလက်လီလုပ်ငန်းဆိုင်ရာ ပြန်လည်သုံးသပ်ချက်နှင့် လမ်းကြောင်းသစ်များ၊ ဆန်းသစ်သည့်လမ်းကြောင်းနှင့် ဆိုင်းဘုတ် ဒီဇိုင်းများ၊ ဆန်းသစ်သည့် ဈေးဝယ်လမ်းကြောင်းသစ်၊ သယ်ယူပို့ဆောင်ရေးနှင့် ပြဿနာအဖြေများ၊ ဘားကုတ်အသုံးပြုခြင်းနှင့် RFID နည်းပညာ၊ အခွန်ကိစ္စအောင်မြင်စေရန် ဆော့ဝဲနှင့် နည်းပညာကဏ္ဍတွင် ရင်းနှီးမြုပ်နှံမှု၊ ငွေကြေးကိုင်တွယ်မှုနှင့် လုံခြုံရေးတိုးတက်လာစေရန် မည်ကဲ့သို့ဆောင်ရွက်မည့်နည်းလမ်းများ၊ အနာဂတ်ဝင်ငွေမြင့်မားလာသည့် လူလတ်တန်းစား စားသုံးသူ အပြုအမူပြောင်းလဲခြင်းနှင့်ပတ်သက်၍ ရှုထောင့်အမြင်၊ အပြန်အလှန်ဆွေးနွေးခြင်း စသည့် အကြောင်းအရာများ ပါဝင်သည်။

လက်လီရောင်းဝယ်ရေး လုပ်ငန်းဟောပြောပွဲသို့လည်း အခမဲ့တက်ရောက်နိုင်ကြောင်း၊ တက်ရောက်လာသူများကို ကံစမ်းမဲများလည်း မဲဖောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

## ကျေးရွာချင်းဆက် မြေသားလမ်း ချောင်းရေတိုက်စားမှုကြောင့် ပျက်စီး



**ကလေး ဩဂုတ် ၁၄**

ကလေးမြို့နယ် ပေါက်ခုံ-ကင်မွန်းခြံကျေးရွာသွားရာ ကျေးရွာချင်းဆက်ဖွံ့ဖြိုးရေးလမ်းမဖြစ်သော ရေလဲဦးကျေးရွာ၏ အရှေ့ဘက်မိုင်တိုင်အမှတ် ၃/၁ နှင့် ၃/၂ မိုင်အကြားရှိ မြေသားလမ်းအရှည် ပေ ၂၀၀ ခန့်သည် ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးမျောပါ နိမ့်ကျသွားကြောင်း သိရသည်။

ယင်းလမ်းမ၏ မိုင်တိုင်အမှတ် ၃/၁ မိုင်အနီးတွင် လမ်းအရှည် ပေ ၁၀၀ ခန့်သည် နှစ်ပေခွဲခန့်နက်သွားပြီး လှည်းယာဉ်များလည်း ဖြတ်ကူးနိုင်ခြင်းမရှိတော့ကြောင်း၊ မိုင်တိုင်အမှတ် ၃/၃ မိုင်အနီးတွင်လည်း အရှည် ပေ ၂၀၀ ခန့်သည် အနက်လေးပေခန့်အထိ ချောင်းရေတိုက်စားသွားသဖြင့် လှည်းယာဉ်များနှင့် ဆိုင်ကယ်များဖြတ်ကူးရန်အတွက်လည်း အလွန်ခက်ခဲလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ဖြစ်ရခြင်းသည် မြစ်သာမြစ်ရေတက်ချိန်တွင် ဇီးချောင်းရေပါကြီးလာမှုကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ပြီး အဆိုပါလမ်း ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာမှ တာဝန်ရှိသူများ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းကျေးလက်လမ်းမသည် မြစ်သာမြစ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာများနှင့် ဆက်သွယ်အသုံးပြုသောလမ်းဖြစ်သဖြင့် မြစ်သာမြစ်အရှေ့ဘက်ခြမ်းရှိ ကျေးလက်နေပြည်သူများအတွက် အလွန်အသုံးဝင်သည့်လမ်းဖြစ်သည်။

**ချင်းတွင်းသား**

## ငါ့သရောက်မြို့နယ် ကုလားတဲကျေးရွာ(အထက – ခွဲ)ကျောင်းအတွက် သောက်သုံးရေအဆင်ပြေစေရန် သုံးလက်မ အဝီစိစက်ရေတွင်း တူးဖော်လှူဒါန်း

**ငါ့သရောက် ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ကုလားတဲကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပညာသင်ကြားလျက်ရှိသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရည်ရွယ်၍ ရန်ကုန်မြို့နေ ဦးတင်ထွေး+ဒေါ်တင်တင်ဦးနှင့် ဒေါ်ကြင်မွှေးမိသားတစ်စုတို့က စုပေါင်း၍ ငွေကျပ် ၁၅ သိန်းဖြင့် သုံးလက်မအဝီစိ စက်ရေတွင်းတစ်တွင်း တူးဖော်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။



ယင်းသို့ ကုလားတဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပညာသင်ကြားလျက်ရှိသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ သောက်သုံးရေဖူလုံစွာအသုံးပြုနိုင်ရေးအတွက် လှူဒါန်းပေးသည့် သုံးလက်မအဝီစိစက်ရေတွင်းအား ပခုက္ကူမြို့နယ်မှ စက်ရေတွင်းတူးဖော်ရေးအဖွဲ့သားများက အနက်တစ်ပေလျှင် ငွေကျပ် ၂၅၀၀ ဖြင့် ဩဂုတ် ၄ ရက်က စတင်တူးဖော်ပေးခဲ့ရာ ဩဂုတ် ၁၀ ရက်တွင် အနက်ပေ ၂၀၀ ထိ တူးဖော်ပြီးစီးသွားပြီဖြစ်သဖြင့် ယခုစက်ရေတွင်းတူးဖော်ရေးအဖွဲ့သားများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ သောက်သုံးရေ အမြန်အသုံးပြုနိုင်ရေးအတွက် ပိုက်ချခြင်းလုပ်ငန်းများနှင့် ရေခုတ်မောင်းရန် အင်ဂျင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ မကြာမီအချိန်တွင် သုံးလက်မအဝီစိစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်သဖြင့် ကုလားတဲ (အ. ထ. က - ခွဲ) ကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲခွင့် ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**မင်းတပ် ဩဂုတ် ၉**

ချင်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းသည် မင်းတပ်ခရိုင်နှင့် မြို့နယ်ဌာနအကြီးအကဲများနှင့် တွေ့ဆုံ၍ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီတွင် မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ဒုတိယဥက္ကဋ္ဌက လွှတ်တော်၏တာဝန်နှင့် ရေးရာကော်မတီများ ဖွဲ့စည်းထားမှုနှင့်တာဝန်၊ ပြည်နယ်အစိုးရအဖွဲ့၊ ဖွဲ့စည်းထားမှုနှင့် တာဝန်ခွဲဝေမှုတို့ကို ထင်သာမြင်သာရှိအောင်ရှင်းလင်း ပြောကြားပါသည်။

ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများ၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကိုဖြေရှင်းဖြည့်ဆည်းပေးသည်။

**ခရိုင်(ပြန်/ဆက်)**



## စားသုံးသူကာကွယ်ပေးရေးနှင့် ဓာတုဆိုးဆေးအကြောင်း အသိပညာပေးဟောပြော

**တာပွန် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမဆောင်၌ ဩဂုတ် ၈ ရက် မွန်းလွဲ ၁ နာရီက စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများ ဟောပြောပွဲပြုလုပ်ခဲ့သည်။

တာပွန်မြို့ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ (မြို့အုပ်ချုပ်ရေးမှူး) ဦးသန့်ဇင်ဌေးက အမှာစကားပြောကြားပြီး မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးသန်းဦးက စားသောက်ကုန်ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းရှင်များမှ ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များကိုသာ ထုတ်လုပ်ရောင်းချရေး ကြီးကြပ်ဆောင်ရွက်နေမှုများကို ပြောကြားခဲ့သည်။ ကျောင်းသူ၊ ကျောင်းသားများ ဝယ်ယူစားသောက်နေသည့် မုန့်ပဲသရေစာများတွင် ဆိုးဆေးများပါဝင်မှုကြောင့် စားသုံးမိပါက ကျန်းမာရေးထိခိုက်နိုင်ကြောင်း၊ သက်တမ်းလွန်မုန့်များဝယ်ယူစားသောက်ခြင်းမပြုရန်နှင့် လက်ကားဖြန့်ဖြူးရောင်းချနေသည့် မုန့်ဆိုင်များတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောမုန့်များ ရောင်းချခြင်းမရှိစေရေးအတွက် ကြီးကြပ်ဆောင်ရွက်နေမှုများအား မုန့်နမူနာများဖြင့် ရှင်းလင်းပြသခဲ့သည်။

ဆက်လက်၍ တိုက်နယ်ဆရာဝန်ဒေါ်ဆွေဇင်ဝင်းက မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်စေသော အစားအသောက်များအား ဝယ်ယူစားသုံးခြင်းမပြုရန်နှင့် ဆိုးဆေးပါသောမုန့်များ ဝယ်စားခြင်းဖြင့်ရရှိလာမည့်ရောဂါများအကြောင်းအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

**(ဝ၇၁)**

## အာဟာရရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲကျင်းပ

**ခင်ဦး ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစကလေးမိခင်များ၏ ကျန်းမာရေးအတွက် ၂၀၁၆ ခုနှစ် ဩဂုတ်လ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက်က ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်နိုင်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ မြို့မိ၊ မြို့ဖများတက်ရောက်ကြပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးမိခင်များအား အိုင်အိုဒင်းဆား၊ သံဓာတ်အားဆေးနှင့် B1 အားဆေးတို့ကို ပေးအပ်ခဲ့သည်။ အာဟာရရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် ၆ လမှ ၁ နှစ်ထိ ကလေးများကို ဗီတာမင် A အားဆေးနှင့် ၂ နှစ်မှ ၅ နှစ်ထိကလေးများကို သန်ချဆေးများ တစ်မြို့နယ်လုံး တိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# တစ်ဖွဲ့၊ တစ်စု၊ တစ်သင်းမှသည်



## ခဲ ဆူးငှက်

လွန်ခဲ့တဲ့ နှစ် ၂၀ ဝန်းကျင် မန္တလေးက ပရိယတ္တိသာသနာ့ဟိတအသင်းကြီး အနှစ် ၁၀၀ ပြည့်တော့မယ်ဆိုတော့ ဒေါ်ဒေါ်လူထုဒေါ်အမာက 'မန္တလေးနဲ့ပတ်သက်ရင် ပရိယတ္တိသာသနာ့ဟိတအသင်းကြီးတို့ မလွန်ချေးဆန်လှူအသင်းကြီးတို့လို အသင်းအဖွဲ့ကြီးတွေဟာ နှစ်ပေါင်းရာချီပြီး မပျက်မစီးမယိုမယွင်း ကျောက်စိုင်ကျောက်သားလို ခိုင်မြဲနေကြတာကို အမြဲဂုဏ်ယူတယ်။ ဒီအသင်းကြီးတွေနဲ့ ပတ်သက်ရင် ငွေရေးကြေးရေးအရှုပ်အရှင်း လူမှုရေးအရှုပ်အရှင်း၊ ဦးဆောင်သူတွေ မညီမညွတ် ကွဲတာခြမ်းတာ တစ် လျှောက်လုံး မကြားခဲ့ရဘူး' တဲ့။ ဟုတ်ပါတယ်။ မန္တလေးမှာ နှစ်ပေါင်း ရာကျော်တဲ့၊ ရာကျော်လုနီးတဲ့၊ ဘာသာရေးအသင်းတွေ၊ လူမှုရေးအသင်းတွေ ရှိသလို တူရိယာအသင်းလည်း ရှိတယ် ။လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာ၊ ကိုးဆယ်၊ ရှစ်ဆယ်ဝန်းကျင်က ဖွဲ့စည်းခဲ့တဲ့ အသင်းတွေ ဘာလို့ ဒီလောက်ထိ ခိုင်မာတည်မြဲခဲ့ကြတာလဲ။

### ကြီးပွားကြောင်း တရား (၇) ပါး

'အပရိဟာနိယတရား(၇)ပါး' ဆိုတာက မင်းဧကရာဇ်တို့မှ လိုက်နာရမယ့်တရား မဟုတ်ပါဘူး။ ဝဇ္ဇီဓမ္မအပရိဟာနိယ တရား မင်းဧကရာဇ်မှ တစ်ပါးသော ပုဂ္ဂိုလ်များလည်းပဲ လိုက်နာကြရမယ့်၊ လိုက်နာအပ်တဲ့ တရားတွေပါပဲ။ ဒီနေရာမှာ 'အပရိဟာနိယတရား(၇)ပါး' ရဲ့ တစ်ပါးချင်းအလိုက် 'ယာဝကီဝဉ္စလိစ္ဆဝီ အဘိဏှံ သန္နိပါတာ ဘဝိဿန္တိသန္တိပါတဗဟုလာ၊ ဝုဒ္ဓိယေဝလိစ္ဆဝီ ဝဇ္ဇီနံ ပါဋိကင်္ခါ နောပရိယာနိ' အစရှိတဲ့ ပါဠိနဲ့ မဖွင့်ဆိုတော့ပါဘူး။ အများနားလည်လွယ်တဲ့ စကားနဲ့ပဲ ခပ်လွယ်လွယ်ပြောပါရစေတော့။ ဒီ 'အပရိဟာနိယတရား(၇)ပါး' ကို ညောင်တုန်းမြို့ ရွှေဟင်္သာတောရစံကျောင်း ဆရာတော်ကြီးက 'လူ့ကျင့်ဝတ် ဂိဟိဝိနယ စာတမ်းထဲမှာ 'ကြီးပွားကြောင်းတရား(၇)ပါး' လို့ ပြန်လည်ရေးသားဖော်ပြထားပါတယ်။ ဆရာတော်ကြီးရဲ့အဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်း ရေးသားချက်မှာ '(၁) မပြတ်မပြတ်၊ ထပ်ကာထပ်ကာ စည်းဝေးရာ၏' တဲ့။ ဟုတ်ပါတယ်။ အပရိဟာနိယတရားကို ဂေါတမမြတ်စွာဘုရားက ဝေသာလီပြည်ကို အုပ်စိုးကြကုန်သော ဝဇ္ဇီလူမျိုးများဖြစ်ကြတဲ့ လိစ္ဆဝီမင်းသား ၇၀၀ ကျော် တို့ကို ဟောကြားတဲ့ တရားတော်ပါ။ မင်းတို့ တိုင်းပြည်ကောင်းစားချင်တယ်ဆိုရင် ဒီလိုဒီလို လုပ်ဆောင်ကြဆိုတဲ့ ဟောကြားညွှန်ပြတဲ့ တရားတော်ပါ။ ဒါကြောင့် ပထမအချက်အနေနဲ့ 'အကြင်မျှလောက်သော ကာလပတ်လုံး စည်းဝေးတိုင်ပင်ကြကုန်သည် ဖြစ်ကုန်အံ့' လို့ ဟောကြားလေတော့ ညောင်တုန်း ရွှေဟင်္သာတောရစံကျောင်း ဆရာတော်ကြီးက 'မပြတ်မပြတ်၊ ထပ်ကာထပ်ကာ စည်းဝေးရာ၏' လို့ လိုရင်းတိုရှင်း ဖွင့်ဆိုထားပါတယ်။

### ကျန်ရစ်သူကို သံသယဝင်နိုင်

ကောင်းပြီ. . .။ ဘယ်လို စည်းဝေးကြမှာလဲ။ '(၂) တစ်ဖြာထို့နည်း၊ စည်းဝေးညီညာ၊ ညီညာထခြင်း၊ လုပ်ခြင်းညီညာ၊ ဖြစ်တို့ရာ၏ 'တဲ့။ 'အကြင်မျှလောက်သော ကာလပတ်လုံး၊ အညီအညွတ် စည်းဝေးကြကုန်လော့၊ အညီအညွတ် စည်းဝေးရာမှ ထ၍သွားကြကုန်အံ့၊ အညီအညွတ် ပြုခင်းပြုဖွယ်မှန်သမျှကို ပြုကြကုန်အံ့၊ ထိုညီညွတ်သမျှ ကာလပတ်လုံး၊ လူမျိုးတို့၏ စီးပွားခြင်း တိုးတက်ခြင်းကိုသာလျှင် အလိုရှိကြကုန်၊ မဆုတ်ယုတ်နိုင်ကုန်' ဆိုတဲ့ ဘုရားဟောရဲ့ အနှစ်ချုပ်ပါပဲ။ ညီညီညွတ်ညွတ် စည်းဝေးကြရမယ်။ ညီညီညွတ်ညွတ် ဆောင်ရွက်ကြရမယ်။ တစ်ကြောင်းတည်းသော ဦးတည်ချက်အတွက်၊ ရည်ရွယ်ချက်အတွက် ညီညွတ်စွာ စည်းဝေးကြရမယ်တဲ့။ ဘယ်လောက်ထိ ညီညွတ်ကြရမလဲဆိုရင် ဦးတည်ချက်၊ ရည်ရွယ်ချက် တစ်ခုတည်းအတွက် စည်းဝေးကြပြီး အစည်းအဝေးပြီးစီးရင်မှပဲ စည်းဝေးသူအားလုံး တစ်ညီတစ်ညွတ်တည်း ထသွားကြရမယ်။ အစည်းအဝေးခန်းက ထွက်သွားကြရမယ်တဲ့။ အစည်းအဝေးပြီးတာတောင် လူအချို့က ထွက်ခွာသွားပြီး၊ လူအချို့ကခန်းမတွင်း ကျန်ရစ်ဦးမယ်ဆိုရင် ထသွားသူတွေက ကျန်ရစ်သူတွေကို သံသယဝင်နိုင်ပါသတဲ့။

နောက် . . . တတိယအနေနဲ့ 'အကြင်မျှလောက်သော ကာလပတ်လုံး၊ ညီညွတ်၍ ဥပဒေပညတ်မထားသေးသည်ကို ပညတ်လုပ်၍ မစီရင်ကုန်အံ့၊ လူတို့၏ ဥပဒေလုပ်ပြီးသည်ကိုလည်း မဖျောက်မဖျက်ကုန်ကြအံ့၊ မှုခင်းမရှိသည် ရှေးအဖို့၌ ညီညွတ်၍ ပညတ်၊ ဥပဒေခန့်အပ်ကုန်သော တရားတို့ကို ကောင်းစွာယူ၍ ကျင့်ကြကုန်တော့အံ့'ဆိုတဲ့အချက်ကို ညောင်တုန်း ရွှေဟင်္သာတောရစံကျောင်း ဆရာတော်ကြီးက '(၃) မြန်မာတို့နည်း၊ ပညတ်ပြီးကို၊ အပိုထည့်ခြင်း၊ နုတ်ပယ်ခြင်းမှ၊ ကင်းဝေးပ၍၊ ရှေးကတိုင်းသာ၊ ကျင့်ကြရာ၏' လို့ အနှစ်ထုတ်ပေးပါတယ်။ အများက စည်းဝေးဆုံးဖြတ်ပြီးတဲ့အတိုင်း မပြုမပြင်မပြောင်းမလဲ ဆောင်ရွက်ပါ၊ ကျင့်ကြံပါ၊ အကောင်အထည်ဖော်ပါလို့ ဆိုလိုရင်းပါ။ တရားဝင် ပြောရေးဆိုခွင့်ရှိသူက အဖွဲ့ကိုယ်စား စည်းဝေးဆုံးဖြတ်ထားတဲ့အတိုင်း ထုတ်ပြန်ကြေညာပြီးကာမှ အဖွဲ့ဝင် တစ်ယောက်က သူ့သဘောဆန္ဒတစ်ခုတည်းကို လုပ်ပိုင်ခွင့်နဲ့ ထုတ်ပြန် ကြေညာတာမျိုး၊ ဆောင်ရွက်ပြုမူတာမျိုး မဖြစ်စေသင့်ဘူးလို့ ဆိုလိုတာပါ။ မူရှိပါလျက် လူပြောင်းတိုင်း မူက လိုက်ပြောင်းနေလို့ အလုပ်မဖြစ်ခဲ့တာလည်း ကြုံကြရပြီးသားပါ။ ဒါကြောင့် ရာဇာမင်းနဲ့ ပြည်သူကြား အယုံအကြည်မရှိနိုင်ဘဲ 'မင်းမှာသစ္စာ၊ လူမှာကတိ'ဆိုတဲ့ ဆိုရိုးစကားပင်လျှင် ပျောက်ကွယ်မတတ်ဖြစ်ခဲ့ကြပြီး ဆုတ်ယုတ်ပျက်စီးနစ်နာမှုတွေ ရှိကြရခြင်းဟာ အပရိဟာနိယတရားအတိုင်း ကျင့်ကြံမှု ပျက်ပြားခဲ့ကြလို့ ဖြစ်ပါတယ်။

### တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံရှိ

နံပါတ်(၄)အချက်ကိုတော့ ညောင်ကုန်း ရွှေဟင်္သာဆရာတော်ကြီးက '(၄) မြန်မာတို့တွင်၊ အကြင်သသူ၊ ကြီးပါမူကား၊ ထိုသူအားကို၊ ပြုငြားရိုသေ၊ ပြုလေလေးမြတ်၊ ပူဇော်အပ်လျက်၊ နှုတ်ထွက်စကား၊ မှတ်သားထိုက်စွာ၊ ထင်ကုန်ရာ၏' လို့ ဖွင့်ဆိုပါတယ်။ 'လူအိုဖြစ်ကုန်သော လူမျိုးတို့သည် အကြင်မျှလောက်သော ကာလပတ်လုံး အရိုအသေပြုကုန်အံ့။ အလေးအမြတ်ပြုကုန်အံ့။ မြတ်နိုးစုံမက်ကုန်အံ့။ ပူဇော်ချီးမြှောက်ကုန်အံ့။ ထိုလူအိုတို့၏ စကားကိုလည်း နားထောင်ထိုက်သည်ဟူ၍ အောက်မေ့ကုန်ငြားအံ့။ ထိုမျှလောက်သော ကာလပတ်လုံး ကြီးပွားခြင်းကိုသာလျှင် အလိုရှိကြကုန်၊ မဆုတ်ယုတ်နိုင်ကုန်' ဆိုတဲ့ အနက်ရဲ့ အနှစ်ချုပ်ပါ။ အသက်အရွယ်ကြီးရင့်လို့ မသုံးတော့ဘူး။ အသက်အရွယ်လည်း ကြီးရင့်၊ ကိုယ်နဲ့ သဘောထားချင်းလည်း မတူလို့ ဖယ်ရှားလိုက်တယ်၊ ချောင်ထိုးလိုက်တယ်၊ ဥပက္ခာပြုလိုက်တယ်ဆိုတာမျိုး မပြုမူမဆောင်ရွက်ကြပါနဲ့တဲ့။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စတဲ့ ဘက်ပေါင်းစုံမှာ သက်ကြီးဝါကြီးပုဂ္ဂိုလ်ကြီးများထံမှ အကြံဉာဏ်တွေ ရယူကောင်းပါတယ်။ သူတို့မှာ တန်ဖိုးမဖြတ်နိုင်တဲ့ ဖြတ်သန်းမှုအတွေ့အကြုံတွေရှိကြတယ် မဟုတ်ပါလား။

